ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ဗုဒ္ဓဟူးနေ့ (15-1-2014) (၇၇၂၆)

ထူးခြားသည့် ညအပူချိန်များ

ပူတာအို	၃ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၃ ဒီဂရီစင်တီဂရိတ်
လားရှိုး	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၄ ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်သွားရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်အသစ်ဖြစ်သူ မစ္စရီနာတာလော့ဒက် ဆဲလီယန်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒေသတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုများတွင် ပိုမိုပူးပေါင်းပါဝင်ကူညီပေးရေး၊ မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက ပထမအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ယနေ့ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပခဲ့သည်။

ယခု (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကြီးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးနောက် သုံးပတ်အကြာတွင် အိမ်ရှင်အဖြစ် ထပ်မံကျင်းပနိုင်ခြင်းဖြစ်သည်။

ဤပြိုင်ပွဲကြီးကို ချစ်ခင်ရင်းနှီးမှု၊ တန်းတူညီမျှရှိမှုနှင့် စုစည်းညီညွတ်မှုတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး တစ်နည်းဆိုရသော် နိုင်ငံသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် မသန်စွမ်းအားကစားသမားများ၏ အခွင့်အရေးတန်းတူရရှိမှုကို ဖော်ထုတ်ပြသသည့်ပွဲလည်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် အရှေ့တောင်အာရှနိုင်ငံများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ အားကစားပြိုင်ပွဲများ ဖြစ်သည်နှင့်အညီ အရှေ့တောင်အာရှ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

တက်ရောက်အားပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၅-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

မသန်သော်လည်းစွမ်းပါသည်

အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးစီးခဲ့ပြီးနောက် မကြာလှသည့် ရက်ပိုင်းဖြစ်သည့် ယခုရက်များတွင် သတ္တမအကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ်ပင် ကျင်းပခွင့်ရခဲ့ပြန်ပါသည်။

သန်စွမ်းသည်ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသဖြင့် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည်သာဖြစ်သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားသမားများ ထူးကဲစွာအောင်မြင်မှုရရှိရန် မျှော်မှန်းခဲ့သလို လက်တွေ့တွင်လည်း အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ထို့အတူ ယခုပြိုင်ပွဲသည်လည်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲပင်ဖြစ်၍ သန်စွမ်းသူများ အောင်မြင်မှုရရှိသကဲ့သို့ မသန်စွမ်းသူများလည်း အောင်မြင်မှုရရှိအောင် အားပေးချီးမြှောက်ကြရပါမည်။

လူတိုင်းလူတိုင်းသည် ကောင်းမွန်သည့်သမိုင်း၊ အောင်မြင်သည့်မှတ်တိုင်၊ ထင်ရှားသည့် ဂုဏ်သိက္ခာများ ရေးထိုးလိုကြသူချည်းဖြစ်သည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတိုင်းတွင် ရွှေတံဆိပ်ရရှိအောင် ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် အားကစားသမိုင်းမှတ်တိုင်သစ်ကို စိုက်ထူကြရမည်ဖြစ်သည်။

လူတိုင်းလူတိုင်းသည် အနိုင်မခံ အရှုံးမပေးလိုသော စိတ်ဓာတ်များ ရှိကြပေသည်။ မိမိတို့အားကစားသမိုင်းကိုပြန်ကြည့်လျှင် တစ်ခေတ်တစ်ချိန်က ရွှေထီးဆောင်းခဲ့သော်လည်း နောက်ပိုင်းကာလများတွင် မှေးမှိန်သွားခဲ့ရာ ယခု အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပပြီးနှင့် ကျင်းပဆဲ အရှေ့တောင်အာရှ အားကစားပွဲများက မြန်မာ့အားကစားဂုဏ်ဒြပ်ကို ပြန်လည်မြှင့်တင်ပေးမည်ဖြစ်သည်။

နိုင်ငံကိုယ်စားပြု အားကစားသမားတိုင်းသည် နေ့ချင်းညချင်း ချန်ပီယံဖြစ်လာကြသူများမဟုတ်ဘဲ အရှုံးကို ရင်ဆိုင်ပြီး အခက်အခဲများကို ကျော်လွှားကာ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်လာကြသူများချည်းဖြစ်သည်။ ထိုအားကစားသမားများထဲတွင် မသန်စွမ်းအားကစားသမားများမှာ ၎င်းတို့၏ ဘဝများကို အရှုံးများစွာနှင့် ရင်းနှီးရင်ဆိုင်ခဲ့ပြီးမှ ယခုကာလတွင် အားကစားပြိုင်ပွဲများမှတစ်ဆင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကိုဖော်ထုတ်ပြီး အောင်မြင်မှုများကို ပြသခွင့်ရကြတော့မည်ဖြစ်သည်။

မသန်စွမ်းအားကစားသမားများ၏ဘဝသည် သာမန်အားဖြင့်ကြည့်လျှင် စိတ်ပျက်အားငယ်ဖွယ်ဘဝများဟု ထင်ကောင်းထင်နိုင်ပေလိမ့်မည်။ သို့သော် လူအများစွမ်းဆောင်နိုင်သကဲ့သို့ မိမိတို့လည်း စွမ်းဆောင်နိုင်ရမည်ဟူသည့် ပြင်းပြသောစိတ်ဓာတ်၊ တက်မရှိလျှင် လက်ဖြင့်လှော်မည် ဆိုသကဲ့သို့ ရှိသည့် အင်အားဖြင့် ယှဉ်ပြိုင်မည်ဆိုသော ဘဝကို အရှုံးမပေးသည့် ဇွဲလုံ့လ စိတ်ထားရှိသူများဖြစ်သည်။ ထို့ကြောင့် မသန်စွမ်းအားကစားသမားများကို အများနှင့်မတူ တစ်မူထူးကဲ၍ ချီးမြှင့်မြှောက်စား အားပေးကြရမည်ဖြစ်သည်။

အားနည်းသူကို ဖေးမကူခြင်းသည် မြန်မာတို့၏ မွန်မြတ်သောစိတ်ထားများပင်ဖြစ်သည်။ မသန်စွမ်းသူဟူ၍ အထင်အမြင်သေးခြင်းမပြုသင့်ဘဲ မသန်သူများ ပိုမိုသန်အောင် အားပေးကြရမည်။ ယနေ့ စတင်ကျင်းပသည့် မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာမသန်စွမ်းသူများသည် ၎င်းတို့၏ထူးကဲသော ပင်ကိုစွမ်းရည်များဖြင့် နိုင်ငံ့ဂုဏ်မြင့်မားရေးအတွက် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်၍ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကဲ့သို့ တစ်ခဲနက်အားပေးကြရပေလိမ့်မည်။

နိုင်ငံတိုင်းမှ မည်သည့်အားကစားသမားဖြစ်စေ မိမိနိုင်ငံသီချင်းသံ၊ မိမိနိုင်ငံသားများ၏ အားပေးမှု၊ မိမိနိုင်ငံအလံတိုင်ထိပ်သို့ လွှင့်ထူနိုင်မှု အချိန်တို့တွင် ခံစားရသည့် ပီတိ၊ ခံစားရသည့် ဝမ်းမြောက်မှုတို့သည် ပြောမပြတတ်လောက်အောင် မြင့်မားသည့် စိတ်အဟုန်များဖြစ်ပေါ်လာသည်။ ထိုအောင်စိတ်များသည် အမျိုးသားရေး ပီတိ၊ အမျိုးသားရေးအားမာန်များ ဖြစ်ပေသည်။

ထို့ကြောင့် ဘဝကိုအရှုံးမပေးသော၊ အရှုံးထဲမှအနိုင်ယူလိုသော မြန်မာအားကစားသမားများ အောင်မြင်မှုရရှိအောင် တစ်ခဲနက်အားပေးကြရန်မှာ မြန်မာတစ်မျိုးသားလုံး၏ တာဝန်ဖြစ်ပေသည်။ အားကစား ပွဲကြည့်ပရိသတ်များ၏ အားပေးမှုလက်ခုပ်သံများသည် အောင်မြင်မှုအတွက် စိတ်ဓာတ်ရေးရာ တွန်းအားတစ်ရပ်ဖြစ်သောကြောင့် မြန်မာမသန်စွမ်း အားကစားသမားများ အောင်နိုင်မှုရရှိရေးအတွက် ပြည်သူတစ်ရပ်လုံး ပါဝင်အားပေးကြရန် တိုက်တွန်းပါသည်။ ။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း၏ တနင်္သာရီတိုင်း(ရုံးချုပ်)ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၄

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance Co.,Ltd.)၏ တနင်္သာရီတိုင်း(ရုံးချုပ်) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နေ့လယ် ၁၁ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိတ်ငယ်ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ်(၁၀၉)၌ ကျင်းပသည်။

အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း တနင်္သာရီတိုင်းဒေသကြီး (ရုံးချုပ်) ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်း၊ အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးလှသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးအတွင်းလုပ်ငန်း ဆောင်ရွက်နေသည့်ဌာနခွဲများကို လိုက်လံကြည့်ရှုအားပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အား မြစည်းစိမ်ဟိုတယ်ခန်းမတွင် ဆက်လက်ကျင်းပရာ အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က တနင်္သာရီတိုင်းဒေသကြီး (ရုံးချုပ်)ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ "အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းသည် ပုဂ္ဂလိက အာမခံလုပ်ငန်းလိုင်စင်ရရှိသော ကုမ္ပဏီ ၁၁ ခုတွင် အပါအဝင်ဖြစ်ပြီး ၁၂-၆-၂၀၁၃ ရက်မှစတင်၍ အာမခံလုပ်ငန်းများကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဆက်လက်၍ နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ မုံရွာ၊ မကွေး၊ ပုသိမ်နှင့် လားရှိုး အစရှိသည့် တိုင်းနှင့် ပြည်နယ်မြို့တော်များတွင် ဒေသဆိုင်ရာရုံးချုပ်များ အသီးသီး ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ ဖွင့်လှစ်သော တနင်္သာရီတိုင်းဒေသကြီး (ရုံးချုပ်)သည် တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီးမှ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော အာမခံအကာအကွယ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အနီးကပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းလင်းတင်ပြသည်။

အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း ကုမ္ပဏီလီမိတက်သည် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုး ကာကွယ်ပေးရန်အတွက် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ် အာမခံ၊ ပြည်သူပြည်သား အသက်အာမခံ၊ စုပေါင်းအသက်အာမခံ၊ မြွေအန္တရာယ် အာမခံ၊ အားကစားသမားများ ကိုယ်အင်္ဂါ ထိခိုက်မှုအာမခံ၊ ငွေသားလုံခြုံမှု အာမခံ၊ ငွေပို့ငွေသယ်အာမခံနှင့် သမာဓိအာမခံတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်	ရွှေဈေး	၆၅၇၇၀၀	-	၆၅၈၅၀၀
မန္တလေး	ရွှေဈေး	၆၅၇၆၀၀	-	၆၅၈၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၇. ၃
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၃. ၁၆
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၂၄
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၃၁
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၃၅
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၈. ၁၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃၅. ၁၅
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၉၀. ၆၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၈. ၉၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဆီယံအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်မှုများဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ အာဆီယံဆိုင်ရာ အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အာဆီယံသည် စည်းလုံးညီညွတ်သော အဖွဲ့အစည်းတစ်ခုဖြစ်၍ မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများအတွက် သဘောတူညီချက်များရရှိမည်ဟု ယုံကြည်မျှော်လင့်ထားမှု၊ မြန်မာနိုင်ငံတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုသည် အာဆီယံအဖွဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ် ဖြစ်မှု၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာ ကံဇော်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၅-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)
(၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်၊ ဥပုသ်နေ့)

၈း၅၀	“(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဂိုးဘောပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(မြန်မာနှင့်လာအို)(အမျိုးသမီး)
၁၀း၂၀	ဆိုလိုက်ကြစို့
၁၁း၅၀	“(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဂိုးဘောပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အင်ဒိုနီးရှားနှင့်မြန်မာ) (အမျိုးသား)
၇း၂၅	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၈း၃၅	ပြည်သူတို့ရဲ့စကားသံများ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်

ပဲခူး-စစ်တောင်းတူးမြောင်း ပြန်လည်တူးဖော်ရေး စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ယမန်နေ့ နံနက် ၇ နာရီခွဲတွင် တောင်ငူမြို့နယ် ခပေါင်း ဆည်ရေသောက်စနစ်စက်မှုလယ်ယာမြေဧက ၂၀၀၀ ဖော်ထုတ်နေသော နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၁၄၈) အနီး ကြို့ကုန်းကျေးရွာနှင့် မရမ်းတောကျေးရွာ စိုက်ကွင်းများ မြေပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အမြန်လမ်းမဘေးဝဲ၊ ယာရှိ စက်ယန္တရား ၂၄ စီး၊ ထွန်စက်ကြီး ၁၈ စီးဖြင့် မြေယာပြုပြင်၍ ဧကကွက်များ ဖော်ထုတ်နေမှုများကို စစ်ဆေးကြည့်ရှုကာ တာဝန်ရှိသူများအား ယခုနွေစပါး စိုက်ပျိုးရာသီအချိန်မီ ဖေဖော်ဝါရီလမကုန်မီ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်-ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ် (၁၀၇)အနီးရှိ မြတ်အိန္ဒြေကုမ္ပဏီ၏ ဖြူးချောင်းဆည်ရေသောက်စနစ် ဘက်စုံသီးနှံဧက ၂၀၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး တစ်လုံးလျှင် တန် ၈၀၀ သိုလှောင်နိုင်သော ခေတ်မီအဆင့်မီ သိုလှောင် “ဆိုင်လို” (Silo)ငါးလုံး အပြီးသတ်တည်ဆောက်ပြီးမှု၊ တစ်ရက် တန် ၂၀၀ အခြောက်ခံနိုင်သော ခေတ်မီအခြောက်ခံစက် (Dryer) အပြီးသတ် တပ်ဆင်ဆောင်ရွက်နေ မှုများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ကွင်းမှထွက်ရှိသော ပုလဲသွယ်မိုးစပါးများရောင်းချရန် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းတို့သည် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် သနပ်ပင်တံတားမှ ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက် တူးမြောင်းအဆုံး ဝေါမြို့နယ် မြစ်ကျိုးရေတံခါးထိ ပြန်လည်တူးဖော်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ မင်းရွာရေလွှဲတံခါး၊ အဗျားရေလွှဲတံခါး၊ မြစ်ကျိုးရေတံခါးများကို စက်လှေများဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် မြစ်ကျိုးရေတံခါးရှင်းလင်းဆောင်၌ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပဲခူး-စစ်တောင်းတူးမြောင်းပြန်လည်တူးဖော်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ရေတံခါးပေါ်မှ ပဲခူး-စစ်တောင်းတူးမြောင်းအား ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝေါမြို့နယ်ရှိ နဂါးပေါက်ရေထိန်းတံခါးအား သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်မှ တည်ဆောက်ပြီးဖြစ်သော ကောလိယ၊ ဘိုင်းဒါး၊ ဘောနီရေလှောင်တမံများမှ ပိုလျှံသောရေများကို ဤရေထိန်းတံခါးမှ ထိန်းထားပြီး ပဂိုင်တာ ရေသွင်းတံခါးမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ရေဖြည့်ပေးနိုင်ခြင်း၊ စလူ၊ ကိုဒူကွဲ၊ ရွှေလောင်းတမံများမှ ပိုလျှံရေကို မိုးယွန်းကြီးအင်းသို့ပို့၍ ပဲခူး-စစ်တောင်းတူးမြောင်းတွင် သိုလှောင်ကာ ရန်ကုန်မြို့တော် မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးအတွက် ရေများတင်ပေးလွှတ် ဆောင်ရွက်ပေးနေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပဲခူး-စစ်တောင်းတူးမြောင်းတစ်လျှောက်နှင့် နဂါးပေါက် ရေထိန်းတံခါးတို့ကို စစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားရာ၌ ယခုပွင့်လင်းရာသီ အကောင်အထည်ဖော်မည့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ဆက်သွယ်သည့် အလျား ၃၇ မိုင် ၇ ဖာလုံရှိ ပဲခူး-စစ်တောင်းတူးမြောင်းကို နွေစပါး အောင်ရေပေးပြီး ဖေဖော်ဝါရီလကုန်မှစ၍ မိုးမကျမီကာလတွင် အကောင်အထည်ဖော်ရန် လုပ်ငန်းလိုအပ်ချက်အား အသေးစိတ်စိစစ်ရေးဆွဲ၍ စက်ယန္တရားအင်အား၊ ပညာရှင်အင်အားတို့စုဖွဲ့၍ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဤတူးမြောင်း ပြန်လည်တူးဖော်ပြီးစီးပါက တူးမြောင်းဝဲ၊ ယာစိုက်ပျိုးမြေများကို ရေကြီးနစ်မြုပ်မှုမှ ထိရောက်စွာ ကာကွယ်နိုင်ပြီး ရေကိုလိုအပ်သလို ထိန်းသိမ်းသိုလှောင်နိုင်၍ မိုးစပါး၊ နွေစပါးစိုက်ပျိုးရေးကို များစွာ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ တူးမြောင်းတစ်လျှောက်ရှိမြို့နယ်ကျေးရွာများနေပြည်သူလူထုအတွက် ရေလမ်းကြောင်းခရီးမှ ကုန်စည်များကူးသန်းမှု အပါအဝင်များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ တူးမြောင်းမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများဖြင့် ၂၈ ပေအကျယ်ရှိလမ်းတစ်လမ်းကို တူးမြောင်းနှင့်အပြိုင် ဖောက်လုပ်ပေးခြင်းဖြင့် မော်တော်ကားလမ်းသစ်တစ်ခုအဖြစ် ဒေသနေပြည်သူလူထုအတွက် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဆည်၊ တမံစီမံကိန်းများအား ပွင့်လင်းရာသီတွင် အချိန်မီ၊ အချိန်ကိုက်ပြီးစီးရေးကို အဘက်ဘက်မှ လုပ်ငန်းစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ရန်နှင့် ဒေသနေပြည်သူလူထုအတွက် လျင်မြန်စွာ လူနေမှုဘဝနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအခွင့်အလမ်းများကို ပြည်သူလူထုမှ နိုင်ငံတော်အစိုးရ၏ စေတနာကို နားလည်သဘောပေါက်စေရေး လက်တွေ့လုပ်ဆောင်ပြသကြရန် အသေးစိတ်မှာကြားခဲ့သည်။

ပဲခူး-စစ်တောင်းတူးမြောင်းအလျား ၃၇ မိုင် ၇ ဖာလုံအား ပြန်လည်တူးဖော်ရာတွင် တူးမြောင်းတစ်လျှောက်အောက်ခြေပေ ၆၀ အကျယ်၊ ပျမ်းမျှအနက် ၁၀ ပေသဲနုန်းများကို တူးဖော်ခြင်း၊ ပဲခူး-စစ်တောင်းတူးမြောင်းရေဘေးကာကွယ်ရေးတာအား ထိပ်ဝအကျယ် ၂၄ ပေရှိသော ဆက်သွယ်ရေးလမ်းဖြစ်၊ တာဖြစ် ပြုပြင်တည်ဆောက်ခြင်း၊တူးမြောင်းတစ်လျှောက်ရေတံခါးနှင့် ဆက်စပ်အဆောက်အအုံများ အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလတွင် စတင်၍ မိုးမကျမီပြီးစီးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နဂါးပေါက်ရေထိန်းတံခါးမှာ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် နဂါးပေါက်ချောင်းနှင့် ခမုံ-မြစ်ကျိုး-ဖြတ်ချောင်းဆုံရာအနီး၌ တည်ဆောက်ထားခြင်းဖြစ်ပြီး စောအေနတပ်သံကူကွန်ကရစ်ရေတံခါးအမျိုးအစား (၆ ပေ× ၁၆ ပေ) ၄၀ ပေါက်တပ်ဆင်ထားကာ ရေခေါ်မြောင်းမကြီး အလျားပေ ၂၀၀၀၊ ရေထုတ်မြောင်းမကြီး အလျား ပေ ၁၈၇၀ရှိပြီး ရေကြီးနစ်မြုပ်မှုနှင့် ရေနုတ်နိုင်သည့် အကျိုးပြုဧရိယာ ဧက ၁၅၀၀၀ ရှိပြီး ပဲခူးတိုင်း-ပဂိုင်တာနှင့် ရန်ကုန်-မန္တလေး လမ်းဘေးအကြား ဒိုက်ဦး-ညောင်ခါးရှည်ဗျူဟာလမ်းအတွင်းပိုင်းရှိ ရေနက်ကွင်းများအား အချိန်မီရေနုတ်နိုင်ရေးနှင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း စိုက်ပျိုးရေဖြည့်ပေးရန် အဓိကကျသော ရေတံခါးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတ်ခွဲခန်းများ နိုင်ငံတကာစံချိန်စံညွှန်းမီ အဆင့်မြှင့်တင်ရေးစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၄

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းများကို နိုင်ငံတကာအဆင့်မီစေရေးနှင့် အပြည်ပြည်ဆိုင်ရာထောက်ခံချက်လက်မှတ်ရရှိရန် ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေးနှင့် အသိအမှတ်ပြုလက်မှတ်ရရှိရေး ဓာတ်ခွဲခန်းနည်းဗျူဟာရေးဆွဲရေးအစည်းအဝေးကို ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်မြို့ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဓာတ်ခွဲခန်းစီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ ထောက်ခံချက်လက်မှတ်ရရှိရေးဆွေးနွေးကြသည်။

အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုနှင့် တက္ကသိုလ်အားကစားလောကတို့၏ ဆက်နွယ်မှုအစဉ်အလာ ကြီးမားခဲ့

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကျင်းပရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး လူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် ယခင်က တက္ကသိုလ်အားကစားမောင်မယ်များသည် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်သည့် အားကစားသမားများအဖြစ် ဦးဆောင်ပါဝင်ခဲ့ကြပါကြောင်း၊ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်မှုနှင့် တက္ကသိုလ်အားကစားလောကတို့၏ ဆက်နွယ်မှုအစဉ်အလာသည် ကြီးမားခဲ့ပါကြောင်း၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှစကာ ကျန်အားကစားနည်းတော်တော်များများတွင် တက္ကသိုလ်လက်ရွေးစင်များ ပါဝင်ခဲ့ပါကြောင်း။

အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံတွင် နောက်ဆုံးကျင်းပခဲ့ရာ တက္ကသိုလ်လက်ရွေးစင်များကပင် အောင်ပွဲများဆွတ်ခူးပေးခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တက္ကသိုလ်အားကစားနှင့် မြန်မာ့အားကစားဆက်နွယ်မှုကို တွေ့နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များထဲတွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ပေးသွားရမည်ဖြစ်ပါကြောင်း။

အနီးစပ်ဆုံးနှင့် အကြီးမားဆုံးအားကစားအောင်ပွဲဖြစ်သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆိုပါအားကစားပြိုင်ပွဲကြီးတွင် အားကစားမောင်မယ်များသည် နိုင်ငံ့ဂုဏ်မြှင့်တင်လိုသည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့်အတွက် ရွှေ ၈၆ ခု၊ ငွေ ၆၂ ခု၊ ကြေး ၈၅ ခု စုစုပေါင်းဆုတံဆိပ် ၂၃၃ ဆုဖြင့် နိုင်ငံအလိုက် ဒုတိယအဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြပါကြောင်း။

ပညာရေးဝန်ကြီးဌာန၏ အဆင့်မြင့်ပညာကဏ္ဍ အားကစားလှုပ်ရှားမှုအနေဖြင့် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ(ASEAN Universities Game AUG) တွင် တက္ကသိုလ်အားကစားအဖွဲ့များ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံတက္ကသိုလ်ဘောလုံးအသင်းသည် တတိယဆုရခဲ့သည်ဟု သိရှိရပါကြောင်း။

အလားတူ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း လာအိုနိုင်ငံ ဗီယန်ကျင်းအမျိုးသားတက္ကသိုလ်၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ရာ တက္ကသိုလ်ဘောလုံးအသင်းသည် စတုတ္ထဆုတံဆိပ်ရရှိခဲ့ပါကြောင်း။

အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံ တက္ကသိုလ်အားကစားအသင်းအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ရွေးချယ်ရာတွင် တက္ကသိုလ် ၁၆၈ခုထဲမှ ပညာရေးဝန်ကြီးဌာနအောက် တက္ကသိုလ်၊ ကောလိပ် ၄၇ ခုအနက် နေ့သင်တန်းသားများထဲကသာ ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေခဲ့သည်ဟု သိရှိရပါကြောင်း။

ထို့ကြောင့် ရှေ့ဆက်လက်ကျင်းပမည့် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများတွင် ပညာရေးဝန်ကြီးဌာနအောက် တက္ကသိုလ်၊ ကောလိပ်နေ့ သင်တန်းသားများသာမက အဝေးသင်တက္ကသိုလ်ကျောင်းသားများနှင့် အခြားဝန်ကြီးဌာနအောက် တက္ကသိုလ်များအားလုံးမှ ထူးချွန်သည့် အားကစားသမားများ ရွေးချယ်စေလွှတ်ယှဉ်ပြိုင်စေမည်ဆိုပါက ယခင်အကြိမ်များထက် ဆုတံဆိပ်နှင့် အောင်ပွဲများ ရယူနိုင်မည်ဖြစ်ပါကြောင်း။

ယခုနှစ် ဒီဇင်ဘာလတွင် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်အားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဟု သိရှိရ၍ မြန်မာနိုင်ငံကိုယ်စားပြုတက္ကသိုလ်အားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ကြရန်နှင့် ယင်းပြိုင်ပွဲတွင် ယခင်ပြိုင်ပွဲများထက် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးနိုင်ရန် ကြိုးပမ်းအားထုတ်ကြရန် လိုပါကြောင်း။

ဘောလုံးအားကစားနည်းသည် မြန်မာနိုင်ငံ ပြည်သူအများစု စိတ်ဝင်စားပြီး တစ်ချိန်က အာရှနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့သည့် မြန်မာ့ဘောလုံးရွှေခေတ်ကို အားလုံးက မျှော်လင့်တောင့်တလျက်ရှိပါကြောင်း၊ ယင်းမျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဉာဏ်ရည်မြင့် တက္ကသိုလ်ဘောလုံးအားကစားသမားများ မြန်မာ့ဘောလုံးလောကတွင် ဦးဆောင်ပါဝင်ရန် လိုအပ်လျက်ရှိပါကြောင်း။

မည်သည့် လုပ်ငန်းမျိုးမဆို စဉ်းစားဆင်ခြင် ဖြတ်ထိုးဉာဏ်နှင့် အတွေးအခေါ်အယူအဆ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်မှုအပေါ် မူတည်ပြီး အောင်မြင်မှု မအောင်မြင်မှုရလဒ်များ ပေါ်လာတတ်စမြဲဖြစ်ပါကြောင်း၊ ဘောလုံးအားကစားလောကအပါအဝင် အားကစားတော်တော်များများသည်လည်း အလားတူ လျှပ်တစ်ပြက် ဖြတ်ထိုးဉာဏ်အသုံးချပြီး ပါဝင်ကစားနိုင်မှသာ အောင်ပွဲဆင်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များမှ ရွက်ပုန်းသီး ထူးချွန်သည့် ဘောလုံးကစားသမားများ မွေးထုတ်နိုင်စေရန် ယခုနှစ်မှစပြီး တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားရန်ဖြစ်ပါကြောင်း။

တက္ကသိုလ် အားကစားကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြသည့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားအောင်ပွဲမှသည် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် အောင်ပွဲအဆင့်ဆင့် ဆွတ်ခူးနိုင်ကြပြီး မြန်မာ့ဘောလုံးလောကတွင် ထူးချွန်သည့် တက္ကသိုလ်ဘောလုံးသမားများ ပြန်လည်ပါဝင်လာမှုနှင့်အတူ မြန်မာ့ဘောလုံးရွှေခေတ်သို့ ပြန်လည်ရောက်နိုင်ပါစေကြောင်း ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကျင်းပရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက္ကသိုလ်များဘောလုံးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တည်ရှိနေသည့် တက္ကသိုလ်/ကောလိပ်များမှ ဘောလုံးထူးချွန်အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် လိုအပ်ချက်များအပေါ် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဒုတိယဝန်ကြီးများက တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ကျင်းပရေးအပေါ် ဆောင်ရွက်ရန်လိုအပ်သည့် လိုအပ်ချက်များ၊ အစဉ်အလာကောင်းများနှင့် အားနည်းချက်အားသာချက်များ၊ ဆက်လက်အကောင်အထည်ဖော်လုပ်ဆောင်ရန် လိုအပ်သည့် လိုအပ်ချက်များနှင့် နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားနိုင်ရေးဆိုင်ရာများအပေါ် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)



မြန်မာ – ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးဆွေးနွေး

နေပြည်တော်   ဇန်နဝါရီ   ၁၄

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဂျပန်နိုင်ငံအာဏာရ Liberal Democratic Party ဒုတိယဥက္ကဋ္ဌ မစ္စတာ မာစဟီကို ကိုမူရ ဦးဆောင်သည့်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးစောလှထွန်း၊ ဦးကြည်သာ၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Mikio NUMATA လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုဆိုင်ရာ အတွေ့အကြုံများ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဂျပန် နှစ်နိုင်ငံသံတမန်ထူထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်ပွဲများ ကျင်းပရေး၊ ပြည်သူလူထု၏ လူနေမှုဘဝ မြှင့်တင်ရေး ဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် အတွေ့အကြုံများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဧည့်သည်တော်အဖွဲ့နှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

☆(၆၇)နှစ်မြောက်မှ

ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသည် ကျင်းပရေးဗဟိုကော်မတီမှ ချမှတ်ပေးမည့် အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည် ဖြစ်ပါကြောင်း။

ထိုသို့ ကျင်းပနိုင်ရန် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီများကို နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့ပြီး စီမံခန့်ခွဲမှုကော်မတီက ဖွဲ့စည်းပေးခဲ့သည့် သက်ဆိုင်ရာ ဆပ်ကော်မတီများအနေဖြင့် ယနေ့အစည်းအဝေးတွင် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဖြည့်ဆည်းပေးရမည့်လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း။

ယခင်နှစ်များနည်းတူ ပြည်ထောင်စုနေ့အခမ်းအနားကြီးကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားသွားရန်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုအဖွဲ့များ ခေါ်ယူရာတွင် တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ် ခုနစ်ခုက ယဉ်ကျေးမှုအဖွဲ့ ၁၀ ဖွဲ့အား ခေါ်ယူပြီး ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ဖျော်ဖြေသွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ပြည်ထောင်စုနေ့ကျင်းပရေး စီစဉ်ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက ပြည်ထောင်စုနေ့ ကျင်းပမည့်အစီအမံများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန်သမဝါယမလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဂျပန်နိုင်ငံ အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ မာစဟီကို ကိုမူရ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် Royal Nay Pyi Taw Hotel ၌ တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် သမဝါယမလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံ အသေးစား ချေးငွေလုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ODA ချေးငွေပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA အကူအညီ ရယူ၍ ဂျပန်နိုင်ငံ သမဝါယမအသင်းများ၏ လက်တွေ့လုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ သင်တန်းများ၊ ငွေကြေးအဖွဲ့အစည်းများနှင့် ဘဏ်များ၏ ငွေကြေးထောက်ပံ့မှုဆိုင်ရာ သင်တန်းများ၊ သမဝါယမလုပ်ငန်းများအတွက် Risk Management ဆိုင်ရာသင်တန်းများ စေလွှတ်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ပေါ်တူဂီကြယ်ပွင့် စီရိုနယ်လ်ဒိုသည် ၂၀၁၃ ခုနှစ်အတွင်း ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် ၅၆ ပွဲပါဝင်ကစားကာ ၆၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း စီရိုနယ်လ်ဒိုအနေဖြင့် မည်သည့်အောင်မြင်မှုမျှ မရရှိခဲ့လင့်ကစား ယခုနှစ်နွေရာသီတွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလား ဝင်ခွင့်ရရှိရေးအတွက် ဆွီဒင်အသင်းနှင့် Play OFFကစားခဲ့သည့် ပွဲစဉ်တွင် စီရိုနယ်လ်ဒိုတစ်ဦးတည်း ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုး လေးဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့ခြင်းသည် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ရွေးချယ်ထားသည့် ကစားသမားသုံးဦး စာရင်းဝင် မက်ဆီနှင့် ရီဘာရီတို့ကို ကျော်ဖြတ်ကာ ရယူဆွတ်ခူးနိုင်ခဲ့သည်။

ထိုသို့ တစ်နှစ်တာ ဖီဖာကမ္ဘာ့အကောင်းဆုံးဆုကို ချီးမြှင့်ခံခဲ့ရပြီးနောက် "ဒီလို ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ရရှိခဲ့တဲ့အချိန်မှာ ကျွန်တော့်အမေ၊ ကျွန်တော့်ဇနီး၊ ကျွန်တော့်သားနဲ့ ကျွန်တော်အပါအဝင် ပျော်လွန်းလို့ မျက်ရည်တောင် ကျခဲ့ရတယ်ဗျာ။ အခုလိုရတယ်ဆိုတာကလည်း ပေါ်တူဂီလက်ရွေးစင်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့မှာရှိတဲ့ အသင်းဥက္ကဋ္ဌ၊ အသင်းမန်နေဂျာ၊ ကစားဖော်တွေနဲ့ ကျွန်တော့်ကိုချစ်လို့ အားပေးနေတဲ့ ပရိသတ်တွေရဲ့ ကောင်းကျိုးပြုမှုတွေကြောင့်မို့ အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီကဆိုရင် မန်ယူကစားဖော်ဖာဒီနန်က မန်ယူကို ပြန်လာဖို့နဲ့ ဒီထက်မက ကြိုးစားဖို့ ကျွန်တော့်ကို တိုက်တွန်းခဲ့ပါတယ်။ မန်ယူအသင်းကို ပြန်မသွားခဲ့ပေမယ့် ကျွန်တော့် နှလုံးသားထဲမှာ မန်ယူဆိုတာ ရှိနေသေးတယ်ဆိုတာကို ဒီနေရာကနေတစ်ဆင့် ပြောကြားလိုက်ပါရစေ"ဟု စီရိုနယ်လ်ဒိုက ၎င်း၏ ရင်တွင်းစကားကို လူသိရှင်ကြား ဖွင့်ဟပြောကြားခဲ့သည်။

စီရိုနယ်လ်ဒို ယခုကဲ့သို့ ကမ္ဘာတွင် အောင်မြင်ကျော်ကြားသော ဘောလုံးကြယ်တစ်ပွင့်ဖြစ်လာခြင်းသည် ဘောလုံးလောကသို့ စတင်ဝင်ရောက်လာခဲ့သည့်အချိန်က အလားအလာရှိသည့် ကစားသမားတစ်ဦးအဖြစ် နိမိတ်ပြခဲ့ခြင်းဟု ဆိုရမည်ဖြစ်သည်။ ယင်းမှာ ၎င်း၏အသက် (၁၇)နှစ်အရွယ်ဖြစ်သည့် ၂၀၀၂ ခုနှစ်တွင် ပေါ်တူဂီလူငယ်အသင်းအတွက် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးကာ စပို့တင်းလစ္စဘွန်းအသင်းတွင် စတင်ကစားခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် မန်ယူအသင်းသို့ ပေါင် ၁၂ ဒသမ ၂၄ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည်။ ယင်းအချိန်တွင် ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်း ရီးယဲလ်မက်ဒရစ်သို့ ပြောင်းသွားချိန်ဖြစ်၍ ဒေးဗစ်ဘက်ခမ်း ဝတ်ဆင်သည့် ကျောနံပါတ် (၇)ကို ဝတ်ဆင်ခွင့်ရရှိခဲ့သည်။ ထိုအချိန်မှစတင်ကာ မန်ယူအတွက်ရော ပေါ်တူဂီအသင်းအတွက်ပါ အကောင်းဆုံး ကစားပေးနိုင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့သည့်အပြင် ပရော်ဖက်ရှင်နယ် ဘောလုံးသမားများ အဖွဲ့ချုပ်က ပေးသော တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုနှင့် တစ်နှစ်တာလူငယ် အကောင်းဆုံး ကစားသမားဆုတို့ကို ဆွတ်ခူးရရှိခဲ့သည်။ ထို့အပြင် ဘောလုံးစာရေးဆရာများအဖွဲ့ချုပ်ကပေးသော တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုပါ ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် စတုတ်စီးတီးအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းအတွက် သွင်းဂိုး ၁၀၀ မြောက် သွင်းယူပေးနိုင်ခဲ့ပြီး မက်ဆီနှင့် ဖာနန်ဒိုတောရက်စ်တို့ကိုကျော်ကာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းသို့သော စွမ်းဆောင်ရည် ကောင်းမွန်မှုများကြောင့် လာလီဂါထိပ်တန်းအသင်းဖြစ်သည့် ရီးယဲလ်မက်ဒရစ်အသင်းက ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ပေးကာ ခေါ်ယူခဲ့သည်အထိ နာမည်ကြီးလာခဲ့သည်။ ထိုအချိန်မှစကာ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ကစားခဲ့သည့် ဆယ်လ်တာဗီရိုနှင့် ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့ပြီးနောက် ၎င်း၏ ကစားသမားဘဝတစ်လျှောက် သွင်းဂိုး ၄၀၀ ပြည့်မြောက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ကမ္ဘာတစ်ဝန်းလုံးက မျှော်လင့်စောင့်စားနေသည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုရှင်အဖြစ် ရွေးချယ်ချီးမြှင့်ခြင်းခံခဲ့ရသည်။

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

(15 - 1 - 2014)

OIAC

One Inspiration Academic Center

Private Boarding High School

OIAC 2

2014 - 2015

ဆေးပညာသတင်းဆန်းများ (၅၆)

ဒေါက်တာကံညွန့်

အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကတော့ အမေရိကန်ရဲ့ စစ်ဆင်ရေးကြောင့် ပါကစ္စတန်နိုင်ငံမှာ ဆုံးပါးခဲ့ရတာ လူတိုင်းအသိပါ။ နိုင်ငံရေးအရ စစ်ပွဲတွေ ဆင်နွဲပြီး အခုလို ဖြစ်ခဲ့ရတဲ့ကိစ္စကို ဘာမျှမဝေဖန်လိုပါဘူး။ ဒါပေမယ့် ဒီလိုတိုက်ခိုက်မှုအပြီး ဖြစ်ပေါ်လာတဲ့ ပါကစ္စတန်နိုင်ငံက ကျန်းမာရေးပြဿနာတစ်ခုကို တင်ပြချင်ပါတယ်။ ပါကစ္စတန်မှာ အိုစမာဘင်လာဒင် ခိုအောင်းနေတဲ့အိမ်ကို CIA ထောက်လှမ်းရေးသမားတွေဝင်ရဖို့ ပိုလီယိုရောဂါကာကွယ်ဆေးပေးတဲ့အဖွဲ့နဲ့ ပူးပေါင်းပြီး အိုစမာဘင်လာဒင်နေထိုင်တဲ့ ခြံကြီးထဲကို ဝင်ခဲ့ကြတာပါ။ အိုစမာဘင်လာဒင်ရဲ့ ကလေးတွေကို ကာကွယ်ဆေးတိုက်တဲ့အပြင် ဆေးစစ်တဲ့အနေနဲ့ ဗီဇမျိုးရိုးအတွက် သွေးနမူနာကိုတောင် ရယူခဲ့တာလို့ ဆိုပါတယ်။ ဒါကို အကြောင်းပြုပြီး တာလီဘန်တွေက ပိုလီယိုကာကွယ်ဆေးတိုက်ပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို အနှောင့်အယှက်ပေးခဲ့တာကြောင့် ဒီဝန်ထမ်းတွေဟာ ပါကစ္စတန်တောင်ပိုင်းက ကလေးတွေကို ပိုလီယိုကာကွယ်ဆေးမတိုက်ပေးနိုင်ဖြစ်ခဲ့ရပါတယ်။ ယခုဆိုရင် ပိုလီယိုရောဂါအများဆုံးဖြစ်တဲ့ ကမ္ဘာ့နိုင်ငံသုံးနိုင်ငံထဲမှာ ပါကစ္စတန်နိုင်ငံဟာ ထိပ်ဆုံးက ပါဝင်နေပါတယ်။ နိုင်ငံရေးဖြစ်စဉ်တစ်ခုရဲ့ နောက်ကွယ်က နိုင်ငံရေးနဲ့ ဘာမှမဆိုင်တဲ့ ကလေးငယ်တွေ ခံစားနေရတဲ့ ကျန်းမာရေးပြဿနာကို ဆေးပညာသတင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ စကားထစ်တဲ့ ကလေးတွေဟာ ဦးနှောက်ချို့ယွင်းမှုကြောင့်ဆိုတဲ့ လေ့လာချက်တစ်ခုကိုလည်း တင်ပြချင်ပါတယ်။ ဒီလေ့လာချက်ကိုတော့ ကနေဒါနိုင်ငံ Albuta တက္ကသိုလ်က ဆေးပညာရှင်တွေက ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အသက် (၅)နှစ်မှ (၁၂)နှစ်အရွယ်ရှိ ကလေး ၂၈ ဦးကို လေ့လာခဲ့ကြပါတယ်။ ဒီကလေးအားလုံးရဲ့ ထက်ဝက်ဟာ စကားထစ်ကြပြီး တစ်ဝက်ကတော့ အကောင်းပကတိဖြစ်ပါတယ်။ သူတို့အားလုံးရဲ့ ဦးနှောက်ကို စမ်းသပ်မှုအမျိုးမျိုးနဲ့ လေ့လာကြည့်တဲ့အခါ စကားထစ်တဲ့ကလေးတွေရဲ့ ဦးနှောက်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Grey Matter ဟာ ဖွံ့ဖြိုးမှုအားနည်းနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် ဦးနှောက်ရဲ့အရှေ့ပိုင်းမှာရှိတဲ့ Inferior Fromtal Gyrus နေရာမှာ ဖွံ့ဖြိုးမှုနည်းနေတာဖြစ်တယ်။ ဒီနေရာဟာ လူတစ်ယောက် စကားပီပီသသပြောနိုင်ဖို့ အရေးကြီးတဲ့နေရာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီလို စကားထစ်ရတဲ့အကြောင်းရင်းကို တိတိကျကျသိနိုင်တာကြောင့် ဒါကို ကုထုံးရှာဖို့ မခဲယဉ်းနိုင်တော့ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဟောင်ကောင်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းလိုသူတွေ များပြားလာတယ်ဆိုတဲ့ သတင်းပါ။ Centralised Organ Donation Register (CODR) လို့ခေါ်တဲ့ ဟောင်ကောင်ဗဟိုကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းလိုသူ စာရင်းအရ ၂၀၁၁ ခုနှစ်မှာ ၈၈၀၀၀ သာရှိခဲ့ပေမယ့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ ၁၃၇၀၀၀ ကျော်ထိရှိလာတယ်လို့ ဆိုပါတယ်။ ဒီအထဲက လူတွေဟာ အသက် (၁၈)နှစ်ကနေ (၆၄)နှစ်အရွယ်ဖြစ်ပြီး ဟောင်ကောင်က ဒီအသက်အရွယ်ရှိတဲ့ လူတွေအားလုံးရဲ့ ၉၅ ရာခိုင်နှုန်းလောက်ရှိတယ်လို့ ဆိုပါတယ်။ ဒီလှူဒါန်းသူတွေဟာ သေဆုံးမှသာ သူတို့ရဲ့ အင်္ဂါထဲက လိုအပ်တဲ့ အစိတ်အပိုင်းတွေကို ထုတ်ယူရမှာဖြစ်ပါတယ်။ အဲဒီလူတွေဟာ ရောဂါတစ်ခုခုနဲ့ သေလုမျောပါးဖြစ်နေချိန်မှာ သူတို့ရဲ့မိသားစုဝင်တွေက ကျန်းမာရေးဌာနကို အကြောင်းကြားပေးဖို့လည်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒီလိုအကြောင်းကြားလိုက်တာနဲ့ ကျန်းမာရေးဌာနက ခန့်အပ်ထားတဲ့ Organ Transplant Co-ordinater တွေက ကိုယ်အင်္ဂါအစားထိုးကုသမှု ခံယူရမယ့်လူနာနဲ့ စီစဉ်ပေးရမှာဖြစ်ပါတယ်။ တချို့နိုင်ငံကြီးတွေမှာတော့ ကိုယ်အင်္ဂါရောင်းစားတဲ့ ပြဿနာတွေရှိနေတာကြောင့် ဟောင်ကောင်ကျန်းမာရေးဌာနရဲ့ ကောင်းမွန်တဲ့ လုပ်ဆောင်ချက်ကို နမူနာယူစရာသတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

> ❝ ဦးနှောက်ဒဏ်ရာရပြီး ခြေလက်မသန်မစွမ်းဖြစ်နေသူတွေကို လေ့ကျင့်ခန်းပြုလုပ်ပြီး လုပ်နေတာထက် အောက်ဆီဂျင်ဓာတ် မြင့်မားစွာပေးထားပြီး အောက်ဆီဂျင် Pressure များများရှိတဲ့အခန်းထဲမှာ ထည့်သွင်းကုသခြင်းဟာ မသန်မစွမ်းဖြစ်နေမှုကို ပိုပြီးလျင်မြန်စွာ ပျောက်စေတယ်လို့ဆိုပါတယ်။

အဖြစ်များတဲ့ရောဂါတွေအတွက် ဆေးကုမ္ပဏီတွေကလည်း ဆေးတွေကိုအမျိုးမျိုးစမ်းသပ်ပြီး အပြိုင်အဆိုင်ထုတ်နေခဲ့ကြပါတယ်။ ယခုအခါ Hepatitis C ရောဂါအတွက် ကုသနိုင်တော့မယ့် ဆေးတစ်မျိုးကို Johnson and Johnson ကုမ္ပဏီကြီးက ထုတ်လိုက်ပြန်ပါပြီ။ အရင်အပတ်က ဒီရောဂါအတွက် Merck ကုမ္ပဏီက ထုတ်တဲ့ ဆေးတစ်မျိုးကိုလည်းတင်ပြခဲ့ပြီးပါပြီ။ အခုဆေးနာမည်ကတော့ Olysi လို့ခေါ်ပြီး Simeprevir ဆိုတဲ့နာမည်နဲ့ ထုတ်လိုက်တဲ့ဆေးပါ။ ဒီဆေးကိုအမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက သဘောတူခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒီဆေးရဲ့ အာနိသင်ဟာ Protease Inhibitor ဖြစ်ပြီး Hepatitis C Virus ပိုး အသက်ရှင်နေထိုင်ဖို့လိုတဲ့ Protein ကို ဖျက်ဆီးနိုင်တယ်လို့ဆိုပါတယ်။ ဒီဆေးဟာ ယခင်ကအသုံးပြုခဲ့တဲ့ Interferon ဆေးထက် အာနိသင်ပိုကောင်းပြီး Interferon ဟာ ထိုးဆေးဖြစ်ပြီး ဆေးထိုးပြီးတာနဲ့ ဘေးထွက်ဆိုးကျိုးအဖြစ် ပြင်းထန်တဲ့တုပ်ကွေးလို အဖျားမျိုးကိုခံစားရတယ်လို့ဆိုပါတယ်။ Hepatitis C ရောဂါဟာ အမေရိကန်တစ်နိုင်ငံတည်းမှာ လူဦးရေ ၃ ဒသမ ၂ သန်းကျော်ခံစားနေရပြီး တစ်နှစ်ကို လူပေါင်း ၁၅၀၀၀ ခန့် သေဆုံးနေရတဲ့ရောဂါပါ။ ယခုအခါ ကမ္ဘာတစ်လွှား ဆေးကုမ္ပဏီကြီးတွေဖြစ်တဲ့ Johnson and Johnson, Merck, Gilead, Abb Vic, Bristol နှင့် Squibb ကုမ္ပဏီကြီးတွေက ဒီ Hepatitis C ရောဂါအတွက် ဆေးတွေကို အပြိုင်ထုတ်ဖို့ကြိုးပမ်းနေကြတာကို တင်ပြလိုက်ရပါတယ်။

Tungsten ဆိုတာ သတ္တုတစ်မျိုးပါ။ အရင်တုန်းကတော့ အသုံးမများခဲ့ပေမယ့် ယခုအခါ ကွန်ပျူတာနဲ့ သက်ဆိုင်တဲ့ပစ္စည်း၊ Mobile Phone၊ အခြားစက်မှုလုပ်ငန်းနှင့် စက်အသုံးပစ္စည်းတွေမှာ အသုံးပြုလာတဲ့အတွက် လူတွေအတွက် အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့လေ့လာချက်တစ်ခုကို တင်ပြချင်ပါတယ်။ သွေးထဲမှာ Tungsten Level ပိုမြင့်လာတဲ့လူတွေမှာ ဦးနှောက်လေဖြတ်ရောဂါ (Stroke) ရဖို့ နှစ်ဆခန့် ပိုများနိုင်တယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ National Health and Nutrition Survery က ပြုလုပ်ခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံထုတ် PLOS One ဂျာနယ်မှာဖော်ပြထားတာပါ။ သူတို့ဟာ အသက် (၁၈)နှစ်မှ (၇၄)နှစ်အတွင်း လူ ၈၆၁၄ ဦးကို ၁၂ နှစ်ကြာလေ့လာခဲ့ကြတာပါ။ သူတို့လေ့လာချက်အရ အသက် (၅၀)အောက်လေဖြတ်ရောဂါရသူတွေမှာ ဒီ Tungsten ဓာတ် ဆီးထဲမှာများနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီပစ္စည်းတွေ ထုတ်လုပ်တဲ့ စက်ရုံအနီးအနားဝန်းကျင်မှာရှိတဲ့ သောက်ရေ၊ သုံးရေ၊ စိုက်ခင်းတွေက အသီးအနှံတွေကိုစားသုံးနေရတဲ့ သူတွေမှာ ဒီသတ္တုပါဝင်မှုအခြေအနေကို စမ်းသပ်ကြည့်ကြဖို့ နှိုးဆော်ထားတာကို တင်ပြလိုက်ရပါတယ်။

မော်တော်ကားထိခိုက်ဒဏ်ရာ သို့မဟုတ် တခြားထိခိုက်ဒဏ်ရာတစ်ခုခုကြောင့် ဦးနှောက်ဒဏ်ရာရပြီး မသန်မစွမ်းဖြစ်သူတွေအတွက် မြန်မြန်ပျောက်နိုင်တဲ့ ကုထုံးတစ်ခုကို အစ္စရေးနိုင်ငံမှ ဆေးသိပ္ပံပညာရှင်တွေက ဖော်ထုတ်နိုင်ခဲ့ပါပြီ။ ဒီလို ဦးနှောက်ဒဏ်ရာရပြီး ခြေလက်မသန်မစွမ်းဖြစ်နေသူတွေကို လေ့ကျင့်ခန်းပြုလုပ်ပြီး လုပ်နေတာထက် အောက်ဆီဂျင်ဓာတ်မြင့်မားစွာပေးထားပြီး အောက်ဆီဂျင် Pressure များများရှိတဲ့အခန်းထဲမှာ ထည့်သွင်းကုသခြင်းဟာ မသန်မစွမ်းဖြစ်နေမှုကို ပိုပြီးလျင်မြန်စွာပျောက်စေတယ်လို့ဆိုပါတယ်။ သူတို့ လေ့လာချက်အရ ဒီလိုထားခြင်းဖြင့် အောက်ဆီဂျင်ဦးနှောက် Tissue ထဲမှာ များများပိုရောက်ပြီး ဦးနှောက်၊ သွေးကြော၊ ဦးနှောက်ကလာပ်စည်းများကိုလည်း ပြန်လည်ရှင်သန်စေတာကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ ဒီလေ့လာချက်ကို အစ္စရေးနိုင်ငံ Tel Aviv ဆေးတက္ကသိုလ်က ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ပြီး သူတို့အဆိုအရ လေ့လာမှုထဲမှာပါတဲ့ အနှစ်(၂၀)ကြာက ဦးနှောက်ထိခိုက်ဒဏ်ရာနှင့် မသန်မစွမ်းဖြစ်နေသူတစ်ဦးမှာ မှတ်ဉာဏ်စွမ်းအားရော ကိုယ်လက်အင်္ဂါလှုပ်ရှားနိုင်မှုပါ သိသိသာသာ တိုးတက်လာတယ်လို့ ဆိုပါတယ်။ ဒီဆေးပညာရှင်အဖွဲ့ဟာ ဒီတွေ့ရှိချက်ကြောင့် ဦးနှောက်သက်ကြီးအမေ့လွန်ရောဂါ၊ သူငယ်ပြန်ရောဂါနှင့် တခြားအသက်အရွယ်ကြီးရင့်မှုကြောင့်ဖြစ်တဲ့ ရောဂါတွေကိုပါ ကုစားနိုင်ဖို့ မျှော်လင့်ထားတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုနှစ်နှစ်၊ သုံးနှစ်အတွင်း AIDS ရောဂါနှင့် ပတ်သက်ပြီး ပညာပေးရေး၊ ကုသရေးနှင့် ဆေးဝါးဖြန့်ချိမှုလုပ်ငန်းတွေမှာ တိုးတက်မှုရှိလာပေမယ့် မွေးကင်းစကလေးတွေမှာ ရောဂါရှိ၊ မရှိ စမ်းသပ်နိုင်မှုအခြေအနေကတော့ တိုးတက်လာမှုမရှိဘဲ ဒီလို AIDS ဖြစ်နိုင်ခြေရှိတဲ့ ကလေးပေါင်းများစွာကို မေ့ထားခဲ့ကြတယ်လို့ UNAIDS အဖွဲ့ကြီးက ဝန်ခံလိုက်ပါတယ်။ ဒီအဖွဲ့ကြီး ဦးစားပေးရွေးချယ်ထားတဲ့ နိုင်ငံပေါင်း ၂၂ နိုင်ငံထဲမှာ ထိပ်ဆုံးကပါနေတဲ့ Sub-Saharan Africa ဒေသက နိုင်ငံလေးတွေမှာ အရွယ်ရောက်ပြီး အမျိုးသမီးတွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ HIV ပိုးရှိနေပြီး သူတို့က မွေးဖွားလာတဲ့ ကလေးတွေအားလုံးဟာလည်း HIV ပိုး ရှိနိုင်သူတွေလို့ ခန့်မှန်းထားပါတယ်။ ဒီအရေအတွက်ဟာ ၂၀၁၂ ခုနှစ်ကဆိုရင် ကလေးပေါင်း နှစ်သိန်းခြောက်သောင်းကျော်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့တော့ အသက်(၁၅)နှစ်အောက် ကလေးပေါင်း ၃ ဒသမ၃ သန်းဟာ HIV ပိုးပိုရှိနေတယ်လို့ ဆိုပါတယ်။ ဒီအထဲက ကလေး ၁ ဒသမ ၉ သန်းဟာ ကုသမှုခံယူရမယ့်လူတွေဖြစ်ပြီး ဒီကုသမှုခံယူရမယ့် လူထဲက ကလေးခြောက်သိန်းငါးသောင်း(ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်း)ကသာ ဆေးဝါးကုသမှုရရှိကြတယ်လို့ ဆိုပါတယ်။ ဒါဟာလူကြီးတွေနဲ့စာရင် ထက်ဝက်နီးပါး နည်းနေတယ်လို့ ဆိုပါတယ်။ လူကြီး ၁၄ သန်း ဆေးကုဖို့ လိုတာမှာ ကိုးသန်းဟာ ဆေးဝါးရရှိနေတာကြောင့် ရာနှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်း ဆေးဝါးရရှိနေတယ်လို့ ထောက်ပြထားပါတယ်။ ဒါကြောင့် ကလေးမွေးကင်းစမှာ HIV စမ်းသပ်နိုင်ဖို့၊ ကလေးတွေ ဆေးဝါးပိုမိုရရှိနိုင်ဖို့ လိုတဲ့အကြောင်း UNAIDS အဖွဲ့ကြီးရဲ့ ဖော်ပြထားချက်ကို တင်ပြလိုက်ရပါတယ်။

အရက်သောက်သူတွေမှာ မျက်နှာနီရဲတာကို အရက်နဲ့ မတည့်တာသောက်တာများလို့၊ ရေချိန်ကိုက်ပြီး မူးလို့နီရဲတာလို့ပဲ ထင်ခဲ့ကြတာပါ။ အခုတော့ လေ့လာမှုတစ်ခုက ဒီလိုမျက်နှာနီရဲသူတွေဟာသွေးတိုးရောဂါဖြစ်ဖို့ သာမန်လူတွေထက် ပိုပြီးအခွင့်အလမ်း ပိုရှိနေတယ်လို့ဆိုပါတယ်။ ဒီလေ့လာမှုကိုတော့ တောင်ကိုရီးယားနိုင်ငံ Chungnam University School of Medicine က ဆေးပညာရှင်တစ်စုက လေ့လာပြီး ၎င်းတို့ရဲ့ တွေ့ရှိချက်ကို US Journal of Alcoholism မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ အရက်လုံးဝမသောက်သူ ၂၈၈ ဦး၊ အရက်သောက်ပြီး မျက်နှာနီရဲသူ ၅၂၇ ဦးနှင့် မျက်နှာမနီရဲသူ ၉၄၈ ဦးပါတဲ့ လူပေါင်း ၁၇၆၃ ဦးကို လေ့လာခဲ့ကြတာပါ။ သူတို့တွေ့ရှိချက်အရ မျက်နှာနီတဲ့ လူတွေဟာ သွေးထဲ အရက်ရောက်တဲ့အခါ Acetaldehyde အဖြစ် ပထမဆုံး ဓာတ်ပြောင်းသွားပြီး ဒီ Acetaldehyde ကိုချေဖျက်နိုင်တဲ့ မျိုးဗီဇအားနည်းမှုကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရပြီး ဒီလူတွေမှာသွေးတိုးရောဂါကိုပါ ပူးတွဲတွေ့ရှိရတယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်(၁၀)နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်းသည့်သဝဏ်လွှာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းသည့်သဝဏ်လွှာတို့ကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ဆောင်ရွက်သည်။

အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စုနယ်နိမိတ်များ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းများအနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ဖြူးမြို့နယ်အတွင်းရှိ ဇေယျဝတီကျေးရွာအုပ်စု၊ ဂျေပူကျေးရွာအုပ်စုနှင့် လင်းယောခင်းကျေးရွာအုပ်စုတို့မှ ကျေးရွာ(၁၂)ရွာအား စုစည်းပြီး ရပ်ကွက်(၄)ရပ်ကွက်ပါဝင်သော ဇေယျဝတီမြို့အဖြစ် တိုးမြှင့်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု(၄)အုပ်စုအား ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်တွင် ရပ်ကွက်(၁၃)ခုဖြင့် ဖွဲ့စည်းထားရာမှ ရပ်ကွက်(၁၈)ခုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စုတစ်အုပ်စု ပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကြအိုကျေးရွာအုပ်စုတွင် ကန်သာကျေးရွာတစ်ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင် ဓနုဖြူမြို့နယ်အတွင်းရှိ လက်ဆွဲချောင်းကျေးရွာအုပ်စုတွင် သာယာကျွန်းကျေးရွာတစ်ရွာ တိုးချဲ့ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

ထို့ပြင် ဥက္ကဋ္ဌအဖြစ် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၊ ဒုတိယဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၊ အတွင်းရေးမှူးအဖြစ် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်နှင့် အဖွဲ့ဝင်(၁၁)ဦးပါဝင်သော ပြည်ထောင်စုလွှတ်တော်စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

ယနေ့တွင် **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက်ပါဝင်သော ပြည်ထောင်စုအဆင့်ဌာန/အဖွဲ့အစည်းများ၏မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုများကို ရှင်းလင်းတင်ပြကြသည်။

အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါအကြောင်းအရာများသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စများနှင့် ချိတ်ဆက်နေသည့်အပြင် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပြည်သူ့ဘဏ္ဍာကိုအသုံးပြု၍ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများဖြစ်ကြောင်း၊ ဥပဒေကြမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များ

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

မဆွေးနွေးမီ ပြည်ထောင်စုအဆင့်ဌာန/အဖွဲ့အစည်းအသီးသီးက ကြိုတင်ရှင်းလင်းတင်ပြခြင်းဖြင့် စီမံကိန်းဥပဒေအပါအဝင် ဆက်လက်တင်သွင်းမည့် ဘတ်ဂျက်ဥပဒေအတည်ပြုရန်လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေနိုင်ပြီး အချိန်ကြန့်ကြာမှုကိုလည်း လျော့နည်းစေမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားခဲ့သည်။

ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများက ရှင်းလင်းတင်ပြကြရာတွင် **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံတော်၏ တိုးတက်များပြားလာမည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးတာဝန်နှင့် ကျေးလက်နေတောင်သူလယ်သမားများ၏ဝင်ငွေနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လယ်ယာကဏ္ဍစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲဆည်မြောင်းစီမံကိန်း(၂၈)ခုအတွက် စိုက်ပျိုးရေပေးဝေရေးနှင့် ဆည်ရေသောက်စနစ်ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးဆောင်ရွက်ဆဲစီမံကိန်း (၁၂)ခုတည်ဆောက်ခြင်း၊ အင်းလေးကန်ရေရှည်ထိန်းသိမ်းခြင်း၊ စက်ယန္တရားပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ တည်ဆောက်ဆဲမြစ်ရေတင်လုပ်ငန်းစီမံကိန်း(၉)ခုနှင့် ဖြည့်စွက်လုပ်ငန်းစီမံကိန်း(၁)ခု၏ မြို့ပြနှင့် လျှပ်စစ်ရေတင်တည်ဆောက်ခြင်း၊ လယ်မြေဧကလွှာ(၃၈၀၀၀၀)ကို စက်ဖြင့် မြေယာပြုပြင်ခြင်း၊ တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေးစီစဉ်ခြင်း၊ စက်မှုလယ်ယာဇက (၂၆၀၀)နှင့် ကုန်းမြင့်လယ်ယာဇက (၇၅၀)ဖော်ထုတ်ခြင်း၊ (၉၆ ဒသမ ၄၁)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသော လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ခြင်း၊ ခေတ်မီမြေတိုင်းစက်ပစ္စည်းများ ဝယ်ယူပြီး ထိန်းကွပ်စခန်းများတည်ဆောက်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်များထုတ်လုပ်ဖြန့်ဖြူးခြင်း၊ Farmer Channel အတွက် စတူဒီယိုတည်ဆောက်ခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်းတို့ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း အသုံးစရိတ်အနေဖြင့် ကျပ် (၂၇၁ ဒသမ ၅၃)ဘီလီယံဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်း၍ မူဝါဒများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေးဆောင်ရွက်ခြင်း၊ ရေနံလက်ယက်တွင်းတိမ်များအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ အရွယ်အစားသတ်မှတ်ခြင်း၊ ရေနံတွင်းသစ်များ ရှာဖွေတူးဖော်ဆောင်ရွက်မည့်နည်းတူ တွင်းဟောင်းများ၏ ထုတ်လုပ်မှုကျဆင်းနှုန်းအနည်းဆုံးဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ပိုက်လိုင်းတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဓာတ်ငွေ့ဖြန့်ဖြူးခြင်းကို လိုအပ်ပါက နိုင်ငံခြားကျွမ်းကျင်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ တင်ဒါပါဝင်ယှဉ်ပြိုင်ဆောင်ရွက်ခြင်း၊ ကမ်းလွန်ရေနံလုပ်ငန်းအော်ပရေတာအဖြစ် စီမံဆောင်ရွက်ခြင်းတို့ကို ဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က စီမံကိန်းလျာထားချက်နှင့်အညီ ဓာတ်သတ္တုများ တိုးတက်ထုတ်လုပ်နိုင်ရေး၊ သတ္တုတွင်းသစ်များ တိုးချဲ့ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်မွမ်းမံ၍ အရည်အသွေးမြင့်တင်နိုင်ရေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ကျောက်မီးသွေးတို့ကို စက်ရုံတည်ဆောက်လုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များအား ဦးစားပေး၍ လုပ်ပိုင်ခွင့်တိုးမြှင့်ချထားပေးရေး၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ကျောက်မျက်ရတနာအချောထည်ဈေးကွက်နှင့် လက်ဝတ်ရတနာဈေးကွက် တိုးတက်ဖွံ့ဖြိုးဖြစ်ထွန်းရေး၊ ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များစေရန် မိုးကုတ်ရတနာမြေတွင် လုပ်ကွက်များချထားပေးရေး၊ မုတ်ကောင်မွေးမြူရေးတွင် ပင်လယ်ကြမ်းပြင်တွင် ချထားသည့်စနစ်မှ ရေပြင်ဘောတန်းစနစ်သို့ ပြောင်းလဲကျင့်သုံးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရေးတို့ကို စီမံကိန်းလုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဘဏ်လုပ်ငန်းစနစ် ပြုပြင်ပြောင်းလဲရေးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တို့တွင် နိုင်ငံတကာအဆင့်မီ ကွန်ပျူတာကွန်ရက်ချိတ်ဆက်အသုံးပြုသည့် ဘဏ်လုပ်ငန်းစနစ်အား တပ်ဆင်အသုံးပြုသွားနိုင်ရေး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အား မတည်ငွေရင်းတိုးမြှင့်ပြီး ဖွံ့ဖြိုးရေးဘဏ်အသွင်ပြောင်းလဲရန်အတွက် ပြုပြင်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ပြုပြင်ပြောင်းလဲရေးအနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ငွေရေးကြေးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အသွင်ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပြီး အသေးစားငွေချေးလုပ်ငန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ လွှဲပြောင်းလုပ်ကိုင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က နိုင်ငံတကာဆက်သွယ်မှုလမ်း (၁၅)လမ်းကို (၂၄)ပေအကျယ်နှင့် ဆောင်ရွက်ဆဲပြည်ထောင်စုလမ်းမကြီး (၃၅)လမ်းကို (၁၂)ပေအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ပြီး တရုတ်ချေးငွေဖြင့် မြိတ်-ကော့သောင်းလမ်း၊ အိန္ဒိယချေးငွေဖြင့် ရွှေဘို- မြစ်ကြီးနား-ပူတာအိုလမ်း၊ မောင်တော-အလယ်သံကျော်-အငူမော်လမ်းတို့ကို လမ်းအဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ဟားခါး-ဂန့်ဂေါလမ်း၊ ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်း၊ ဒိုက်ဦး-စစ်တောင်းလမ်း၊ တရနာ-ဘုရားကုန်းလမ်း၊ ရန်ကုန်-ကျောက်ဖြူလမ်း၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တောလမ်း၊ မကျီးကန်၊ ငှက်အော်စမ်း-ကျိုက်ထော်လမ်း၊ သံဖြူဇရပ်-ရေး-မလွဲတောင်-ထားဝယ်လမ်း၊ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း၊ သိုင်းငင်-တီးတိန်လမ်း၊ ဟန်မြင့်မိုရ်- မြို့ကြီး-ရှာင်-အောင်ပန်းလမ်း၊ ကြိမ်ပင်ဆည်-စကြော့-ဓနုဖြူ-ဇလွန်လမ်း၊ ဖရူဆို-မူဆို-ဟိုယာလမ်း၊ ကလေး-ဖလမ်း-ဟားခါးလမ်း၊ မုံရွာ-အရာတော်-ရွှေဘိုဖြတ်လမ်း၊ သရက်-မင်းလှလမ်း၊ မန္တလေး-မိုးကုတ်လမ်း၊ ဒလ-သခွပ်-ဘို့ဒင်-လက်ခုပ်ကုန်း-ကညင်ကုန်းလမ်း၊ ကွမ်းခြံကုန်း-တော်ခရမ်း-အနောက်ဘို့ဒင်လမ်းများကို JICA ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ADB ချေးငွေဖြင့် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကို (၁၈)ပေအကျယ် ကွန်ကရစ်လမ်းနှင့် AC ကတ္တရာလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်သွယ်မှုလမ်းမကြီးများနှင့် ပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ တံတား(၂၂၆)စင်းကို (၂)လမ်းသွား (၂၄)ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ပေ(၁၀၀၀)အထက် တံတားစီမံကိန်းသစ်များအဖြစ် ချင်းတွင်းတံတား(ကလေးဝ)၊ သမုတ်မြစ်ကူးတံတား၊ သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)နှင့် ကုက္ကိုဝတံတားတို့ကို စတင်တည်ဆောက်သွားမည်ဖြစ်ပြီး လှိုင်းဘွဲ့-ရွှေဂွန်းလမ်းပေါ်ရှိ တံတား(၂)စင်း၊ မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ သမရိုးတံတား၊ ရန်ကုန်-ကျောက်ဖြူလမ်းပေါ်ရှိ တံတား(၆)စင်း၊ ပုဇွန်တောင်-ဒေါပုံလမ်းပေါ်ရှိ သာကေတတံတားတို့ကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ဆောက်ရွက်ဆဲစီမံကိန်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့တွင် အခန်းပေါင်း(၂)သောင်းပါဝင်သည့် ဧရာဝဏ်နှင့်ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများဖြစ်သည့် အခန်းပေါင်း(၆၀၀)ပါဝင်သော လှိုင်သာယာမြို့နယ်မှ ထီးလှိုင်ရှင်အိမ်ရာ၊ အခန်းပေါင်း(၃၀၀၀)ခန့်ပါဝင်သော ကျန်စစ်မင်းအိမ်ရာ၊ အခန်းပေါင်း(၉၀၀)ခန့်ပါဝင်သော ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ကျိုစုအရှေ့အိမ်ရာစီမံကိန်းများကို ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူများအတွက် ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေးတတိယနေ့ကို ဇန်နဝါရီ(၁၅) ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း
၁၅-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)

၅း၄၀ "မြတ်ဗုဒ္ဓ၏ဝိပဿနာ" တရားတော် (အပိုင်း-၂) [ဆရာတော်အရှင်ဇဋိလ ဓမ္မသုခတောရကျောက်အိုင်]
၁၀း၀၀ ခေတ်သစ်ပျို့မေ
၁၁း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၁၆)
၃း၄၀ Kyi Tin Hotel
၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၇၀)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၄၆)
၈း၂၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၅၃)
၉း၁၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၁၇)

❖ ရှေ့မှ
နိုင်ငံများ၏ အားကစားစိတ်ဓာတ်၊ အားကစား အရည်အသွေးနှင့် ဂုဏ်သိက္ခာများကို ဖော်ထုတ်ပြသသည့်ပွဲလည်း ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို အစီအစဉ် ၁၅ ခုဖြင့် ပြုလုပ်ခဲ့ပြီး ၎င်းအစီအစဉ်များမတိုင်မီ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဖျော်ဖြေရေး အစီအစဉ်တွင် တေးဆိုဦးကျော်ဆွေနှင့် ခိုင်သဇင်သင်းတို့က "ပွဲပျော်ဒိုး"၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက "စွမ်းစွမ်းတမံ အာဆီယံ"၊ တေးသံရှင် ခေမီကိုက "ရောင်စုံ ရောင်ဝါ"၊ တေးသံရှင် စိုးမိုးထက်က "It Means To All"၊ တေးသံရှင် စိုးပြည့်သဇင်က "ချစ်သူရွေးမယ်"၊ ခဝဲခြံ မျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကမ္ဘည်းသစ် သမိုင်းသစ်"၊ တေးသံရှင် နန်းဆုရတီစိုးက "ရှေ့ဆက်သွားမှာပဲ"၊ တေးသံရှင် ဆလိုင်း၊ အိမ့်ချစ်နှင့် ကေကေမိုးတို့က "လာပါလာပါ"၊ တေးသံရှင် စန္ဒီမြင့်လွင်က "အနားနားရှိတဲ့အခိုက်" နှင့် တေးသံရှင် ဖရက်နှင့် ဒီကာတို့က "အာဆီယံ ပါရာဂိမ်း" တေးသီချင်းများကို ဖျော်ဖြေရေးစင်မြင့်၌ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အာဆီယံ ဒေသတွင်းပြိုင်ပွဲဝင်နိုင်ငံများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဧည့်ပရိသတ်များ၊ မီဒီယာများ၊ ဆက်ဆံရေးအရာရှိများနှင့် လုပ်အားပေးလူငယ်များ၊ ဖွင့်ပွဲအခမ်းအနားကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ကြီးကျယ်ခမ်းနားအောင် တာဝန်ယူပေးသော ပြည်တွင်း ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၀၀၀၀ ကျော် တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာတွင် ကွင်းအတွင်း စင်မြင့်ထက်မှ LED Board ၌ အမှတ်စဉ် တစ်ဆယ်မှ တစ်အထိ ရေတွက်စတင်ပြီး မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

အမှတ်စဉ် ရေတွက်မှုမပြုမီ အနက်ရောင်ဝတ်စုံပြည့် ဝတ်ဆင်ထားသော ကျောင်းသား ၁၂၀၀ ကျော်တို့က ဓာတ်မီးများအသုံးပြု၍ LED Board ၌ ဂဏန်းရေတွက်မှုအတိုင်း ပုံစံပြောင်းခြင်း၊ မီးရှူးမီးပန်းပစ်လွှတ်သည်နှင့် တစ်ချိန်တည်းတွင် မီးပန်းများအသုံးပြု၍ ASEAN PARA GAMES စာတန်းပုံစံကို ပုံဖော်ခြင်းတို့ကိုပြသကြသည်။

ဖွင့်ပွဲအခမ်းအနား စတင်ပြီးချိန်တွင် မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အမျိုးသမီးငယ်လေးများ၏ ဆိုင်းဝိုင်း၊ ကြည့်မြင်တိုင် မျက်မမြင် ဆိုင်းဝိုင်းနှင့် တယောတူရိယာတီးဝိုင်းတို့ဖြင့် အလှဆင်ယာဉ်များပေါ်မှ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ASEAN Para Sports Federation အလံနှင့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ မြန်မာအလံတို့ကို လွှင့်တင်သည်။

ဆက်လက်၍ အလံကိုင်တပ်ဖွဲ့နှင့်အတူ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ အားကစားသမားများက အစဉ်လိုက် ချီတက်ကာ ကွင်းအတွင်းနေရာယူကြသည်။

ယခု အားကစားပြိုင်ပွဲတွင် ဘရူနိုင်းနိုင်ငံမှ ၄၈ ဦး၊ ကမ္ဘောဒီးယားနိုင်ငံမှ ၃၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၉၅ ဦး၊ လာအိုနိုင်ငံမှ ၄၈ ဦး၊ မလေးရှားနိုင်ငံမှ ၂၃၂ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ၇၉ ဦး၊ စင်ကာပူနိုင်ငံမှ ၈၈ ဦး၊ ထိုင်းနိုင်ငံမှ ၃၂၃ ဦး၊ ဗီယက်နမ်နိုင်ငံမှ ၁၆၈ ဦး၊ မြန်မာနိုင်ငံမှ ၂၆၉ ဦး စုစုပေါင်း ၁၄၈၂ ဦး ပါဝင်ကြသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပွဲတော်ဆိုင်ရာများကို တင်ပြသည်။

ထိုသို့ ပြောကြားရာတွင် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ကျင်းပခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ မြင့်မားရေးတစ်ခုတည်းအတွက် ရည်ရွယ်ပြီးကျင်းပခြင်း သက်သက်မဟုတ်ဘဲ လူ့ဘောင်အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများကိုလည်း တန်းတူအခွင့်အရေးပေးခြင်း၊ ကိုယ်ချင်းစာနာစိတ်ထားရှိခြင်း၊ အားကစားဖြင့် အာဆီယံဒေသအတွင်း မသန်စွမ်းသူများအကြား ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာစေခြင်း၊ ထိုမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် ယုံကြည်မှုနှင့်အတူ မသန်စွမ်းသူ လူ့အဖွဲ့အစည်းနှင့် လူနေမှု အဆင့်အတန်း မြင့်မားရေးအတွက်ပါ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်၍ တိုင်းပြည်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

ဤအားကစားပြိုင်ပွဲများကြောင့် မသန်စွမ်းသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ ကျန်းမာကြံ့ခိုင်ရေးပိုင်းများကိုပါ တိုးတက်လာစေပြီး လူ့အဖွဲ့အစည်းအတွင်း မသန်စွမ်းသူများကို ကိုယ်ချင်းစာ နားလည်ချစ်ခင်စေခြင်းနှင့် ညီတူညီမျှ ဆက်ဆံပြုမူခြင်းအားဖြင့် စည်းလုံးညီညွတ်သည့် လူမှုအဖွဲ့အစည်းတစ်ရပ် ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ထားရှိကာ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပါကြောင်းဖြင့် တင်ပြခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက မြန်မာနိုင်ငံအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် စတင်လျှောက်လှမ်းနေသည့် ကာလ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခါစကာလတွင် ယခင်က (၄၄)နှစ်ကြာ မကျင်းပနိုင်ခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နိုင်ငံတကာက အံ့သြချီးကျူးရလောက်အောင် အိမ်ရှင်အဖြစ် တရားမျှတအောင်မြင်စွာ လက်ခံကျင်းပအပြီး ယခု (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်ဆက်လက် လက်ခံကျင်းပခြင်းပင်ဖြစ်ပါကြောင်း။

ဤပြိုင်ပွဲကို ကျင်းပပြီးစီးခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အဆင့်အတန်းထက် မနိမ့်ကျအောင် ကျင်းပနိုင်ရန်နှင့် မသန်စွမ်းသူများအဆင်ပြေအောင် တာဝန်ရှိသူအားလုံးက အဘက်ဘက်မှ ကြိုးစားပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ပြိုင်ပွဲကို လာရောက်ကြသည့် ဧည့်သည်တော်များနှင့် အားကစားအဖွဲ့များအားလုံး၊ ခေတ်မီအားကစား အထောက်အကူပစ္စည်းများ တပ်ဆင်ထားသော နိုင်ငံတကာအဆင့်မီ အားကစားကွင်းများတွင် မိမိတို့ ကြိုးစားလေ့ကျင့်ထားသမျှကို ဖော်ထုတ်ပြသယှဉ်ပြိုင်ခွင့်၊ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ပြိုင်ပွဲဝင်နိုင်ခွင့် ရရှိကြတော့မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရှည်လျားမြင့်မားသော သမိုင်းကြောင်းအစဉ်အလာများ၊ မြန်မာလူမျိုးတို့၏ ဖော်ရွေယဉ်ကျေးမှုများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်မြင်လေ့လာခွင့်ရနိုင်တော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အကြောင်းကြောင်းကြောင့် ကိုယ်အင်္ဂါမသန်စွမ်းကြသူများကို တန်းတူရည်တူ အခွင့်အရေးပေးပြီး မသန်သော်လည်း စွမ်းဆောင်နိုင်ကြောင်း အခွင့်အလမ်းများပြသနိုင်ရန်အတွက် အဘက်ဘက်မှ ဖန်တီးပေးထားပြီးဖြစ်ရန် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ အနုပညာနယ်ပယ်၊ အားကစားနယ်ပယ်မှ ထူးချွန်မှုများကို တွေ့မြင်လေ့လာခွင့်ရရှိကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြိုင်ပွဲကို လာရောက်ကြသော ဧည့်သည်တော်များအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို လေ့လာဆန်းစစ်သွားကြပါ။

ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများနှင့် ဒိုင်/ဂျူရီများအနေဖြင့် အကောင်းဆုံးသူကိုသာ အနိုင်ရရှိစေရေး ဝိုင်းဝန်းကြိုးစားပေးကြပါ။

ပြိုင်ပွဲကိုဝင်ရောက်မည့်အားကစားအဖွဲ့များအနေဖြင့် "Friendship Equality Unity" ဆိုသည့် ပြိုင်ပွဲ၏ ဆောင်ပုဒ်နှင့်အညီ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြပါ။ ပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များအနေဖြင့် မသန်စွမ်းသော်လည်း နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ရန် ကြိုးစားနေကြသော အားကစားသမားများ၏ မွန်မြတ်သော စိတ်ဓာတ်များကို အသိအမှတ်ပြုသောအားဖြင့် အင်တိုက်အားတိုက် အားပေးကြပါ။

ပါဝင်ကြမယ့် စေတနာရှင် အလှူရှင်များနှင့် Sponsor များ၊ လုပ်အားပေး လူငယ်များအနေဖြင့် ကိုယ်ချင်းစာနာသောစိတ်ဖြင့် ကရုဏာထား ဖေးမကူညီကြပါ။

မီဒီယာများအနေဖြင့် မသန်စွမ်းအားကစားသမားများ၏ အစွမ်းအစများကို နိုင်ငံတကာကသိအောင် မိမိတို့ တတ်စွမ်းသောပညာဖြင့် အစွမ်းကုန်ဖော်ထုတ်ပေးကြပါဟု တိုက်တွန်းနှိုးဆော်ရင်း "(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ယခုအချိန်ကစပြီး ဖွင့်လှစ်ပေးလိုက်သည်။" ဟု ကြေညာရာ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုသည်။

ထို့နောက် အားကစားအဓိဋ္ဌာန်ပြုကြရာ စားပွဲတင်တင်းနစ် အားကစားသမား ဦးမင်းမင်းဖြိုးက အားကစားသမားများ ကိုယ်စားနှင့် ဒိုင်လူကြီး ဒေါ်မြလေးဖြူက ဒိုင်လူကြီးများနှင့် ပြိုင်ပွဲကြီးကြပ်သူများကိုယ်စား အာဆီယံနိုင်ငံအလံများ ခြံရံလျက် သတ်မှတ်စင်မြင့်၌ အားကစားသစ္စာအဓိဋ္ဌာန် ပြုခဲ့ကြသည်။

ယင်းနောက် အာဆီယံ မသန်စွမ်းအားကစားအဖွဲ့ချုပ်(ASEAN Para Sports Federation) ဥက္ကဋ္ဌ Mr. Dato Zainal Abu Zarin က ယခုကျင်းပသည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ပြိုင်ပွဲကျင်းပရေးစည်းမျဉ်းနှင့်အညီ အားကစားနည်း ၁၂ မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဤအားကစားပြိုင်ပွဲကြီးကို ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ပထမအကြိမ် ကျင်းပခဲ့ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပပြီးသုံးပတ်အကြာတွင် ကျင်းပလေ့ရှိပါကြောင်း၊ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများတွင်လည်း ဤအစဉ်အလာအတိုင်း ကျင်းပပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမား ၁၄၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်က ချမှတ်ထားသော Friendship, Equality, Unity ဟူသည့် ဆောင်ပုဒ်နှင့်အညီ တရားမျှတ သန့်ရှင်းစွာ ပါဝင်ယှဉ်ပြိုင်သွားကြပါစို့ဟု မှာကြားလိုပါကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ယင်းနောက် မီးထွန်းညှိတိုင်ကို နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုရရှိခဲ့သည့် ဦးဇော်ဝင်း၊ နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ငါးခုနှင့်ကြေးတံဆိပ် သုံးခုရရှိခဲ့သည့် ဦးအေးလှိုင်၊ နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် ဦးအေးကိုကို၊ နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုရရှိခဲ့သည့် ဦးတင်မြင့်၊ နိုင်ငံတကာ မသန်စွမ်းရေကူး အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် သုံးခုရရှိခဲ့သည့် ဦးစိုးလွင်၊ နိုင်ငံတကာ မသန်စွမ်း ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ငွေတံဆိပ် တစ်ခုနှင့်ကြေးတံဆိပ် နှစ်ခုရရှိခဲ့သည့် ဦးခင်သန်းမောင်၊ နိုင်ငံတကာ မသန်စွမ်းပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် နှစ်ခု ရရှိခဲ့သည့် ဒေါ်ခင်ဖြူဝင်း၊ နိုင်ငံတကာ မသန်စွမ်းပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် လေးခု ရရှိခဲ့သည့် ဦးဘုန်းကျော်၊ နိုင်ငံတကာမသန်စွမ်း ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် လေးခုနှင့် ငွေတံဆိပ် လေးခု ရရှိခဲ့သည့် ဒေါ်ညွန့်ညွန့်ဝင်း၊ နိုင်ငံတကာ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် တစ်ခု ရရှိခဲ့သည့် ဦးသန့်ဇင်၊ နိုင်ငံတကာ မသန်စွမ်းပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ခြောက်ခုနှင့် ကြေးတံဆိပ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◯

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မီးပန်းများအသုံးပြု၍ စာတန်းပုံဖော်သရုပ်ပြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာအားကစားသမားများ ကွင်းအတွင်း ချီတက်နေရာယူကြစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

ဒုတိယသမ္မတ ဦးညွန့်ထွန်း (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ဒုတိယသမ္မတမှ
အဆိုပါ ဧည့်ခံပွဲသို့ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ (၇)ကြိမ်မြောက် အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးအေးမြင့်ကြူ၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ဦးငွေအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအလံတင်အခမ်းအနား ကျင်းပစဉ်(အပေါ်ပုံ)နှင့် မသန်စွမ်းအားကစားအဖွဲ့များ ကွင်းအတွင်းနေရာယူကြစဉ်။ (အောက်ပုံ) (ဓာတ်ပုံ-စိုးညွန့်)

(2,1) -8- (15

❍ စာမျက်နှာ ၉ မှ

တစ်ခု ရရှိခဲ့သည့် ဦးကျော်ခိုင်တို့က လက်ဆင့်ကမ်း သယ်ဆောင်ကြပြီး နိုင်ငံတကာ မသန်စွမ်းအားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် နှစ်ခု ရရှိခဲ့သည့် ဦးတင်ငွေက ပင်မမီးရှူးတိုင်ကို လှံတံပစ်၍ မီးထွန်းညှိရာ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ဂုဏ်ပြုသည်။

ထို့နောက် နိုင်ငံတော်ဘင်ခရာ တပ်ဖွဲ့၊ အလံကိုင်တပ်ဖွဲ့နှင့် အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ ဆီမီးအလှ၊ ခေတ်အင်း၀၊ ပန်းရည်ဘဏ်တိုက်၊ ပြည်ထောင်စုရဲ့ ထာ၀ရအလှများနှင့် မြန်မာ့သိုင်း အစီအစဉ်များကို တေးသရုပ်ဖော် ကကွက်လှုပ်ရှားမှုများဖြင့် ပုံဖော်ဖျော်ဖြေတင်ဆက်ပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာဖြင့် ရုပ်သိမ်းခဲ့သည်။

ဆီမီးအလှ၊ ခေတ်အင်း၀ အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၁၅၀ ပါ၀င်ပြီး အင်း၀ခေတ် ဆီမီးခွက်အကနှင့် ဒေသိယ ဆီမီးမျှောပွဲအလှတို့ကို ကကြိုးကကွက်များ ဖွဲ့သီကာ တင်ဆက်ခဲ့သည်။

ပန်းရည်ဘဏ်တိုက် အစီအစဉ်တွင် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းမှ ကျောင်းသား ကျောင်းသူလေးများနှင့် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး တေးသံရှင် ရွှန်းလဲ့အောင်က သီဆိုဖျော်ဖြေသည်။ ထိုသို့ ဖျော်ဖြေရာတွင် ကျောင်းသား ကျောင်းသူလေးများမှ ဂီတသံကို မခံစား၊ စည်းကိုမကြား၊ ဝါးကိုမသိ၊ အကြားအာရုံ ချို့တဲ့ကြသော်လည်း စည်းကိုက်၊ ဝါးကိုက်၊ နရီကျကျ လှပညီညာစွာ ကပြဖျော်ဖြေကြသည်ကို တွေ့ရသည်။

ပြည်ထောင်စုရဲ့ ထာ၀ရအလှများ အစီအစဉ်တွင် သရုပ်ဖော်တင်ဆက်သူ ၁၉၀ ကျော်ပါ၀င်ပြီး မြန်မာနိုင်ငံအတွင်းတွင် လူမျိုးပေါင်း ၁၀၀ ကျော်တို့ ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ အတူလက်တွဲနေထိုင်ပုံ၊ ပြည်ထောင်စုကြီး ထာ၀ရ လှပတည်တံ့ခိုင်မြဲမှုတို့ကို ဂုဏ်ပြုတင်ဆက်ခဲ့သည်။

မြန်မာ့သိုင်း အစီအစဉ်တွင် တင်ဆက်သူ ၂၀၀ ကျော်ပါ၀င်ပြီး တုတ်သိုင်း၊ ဓားသိုင်း၊ လက်သိုင်းတို့ ပါ၀င်သည့် မြန်မာ့သိုင်းအတတ်ပညာကို ယဉ်ကျေးမှုအမွေအနှစ်ပညာရပ်တစ်ခုအဖြစ် လက်ဆင့်ကမ်း အသုံးပြုခဲ့ကာ စိတ်ဓာတ်ခွန်အားနိုးကြားစေပုံကို ပြသခဲ့သည်။

အားကစားပြိုင်ပွဲ အားလုံးကို ယနေ့မှ ဇန်နဝါရီ ၂၀ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပြီး မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ဘောလုံး (တစ်ဖက်ငါးယောက်)၊ ဘောလုံး (တစ်ဖက်ခုနစ်ယောက်)၊ ဂိုးဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘော အားကစားနည်းများကို ထည့်သွင်းကာ ရွှေတံဆိပ် ၃၃၉ ခု၊ ငွေတံဆိပ် ၃၃၉ ခုနှင့် ကြေးတံဆိပ် ၃၅၉ ခု ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကော့သောင်းမြို့၏ ကုန်သွယ်မှုပမာဏ တိုးတက်လာ

နေပြည်တော် ဇန်နဝါရီ ၁၄

ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီတွင် ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည့် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး၊ ကော့သောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကော့သောင်းမြို့၏ ကုန်သွယ်မှုပမာဏမှာ တစ်လထက်တစ်လ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ ယနေ့နိုင်ငံတော်တွင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး အစိုးရသစ် တက်လာပြီးနောက်ပိုင်းတွင် ယခင်က အခက်အခဲအတားအဆီး ဖြစ်နေသည်များကို အရှိန်အဟုန်ဖြင့် ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ကုန်သွယ်မှုတွင် နိုင်ငံတကာစံနှုန်းနှင့် ဒေသတွင်း အာဆီယံနိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်ရန်အတွက် Trade Policy Review ကို WTO က ပညာရှင်များ အကူအညီရယူပြီး ဆောင်ရွက်နေပါကြောင်း၊ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပို့ကုန်မဟာဗျူဟာ (Export Stratagy) များ ချမှတ်နိုင်ခဲ့ပြီး ပို့ကုန်ကဏ္ဍအလိုက် လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍ၊ သတ္တုကဏ္ဍများကို အစီအစဉ်တကျ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးမှာ ပါ၀င်သောဌာနဆိုင်ရာများ၊ ဘဏ်များ၊ ပြည်တွင်းကုန်ထုတ်လုပ်သူ SMEs များပါမကျန် ကုန်သည်လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းပြီး တက်ညီလက်ညီ ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုတက်ရောက်လာသော ရပ်မိရပ်ဖများ၊ ကုန်သည်လုပ်ငန်းရှင်များကလည်း မိမိတို့အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်ရေးအတွက်လည်း ယခုနှစ်ပွင့်လင်းရာသီတွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တနင်္သာရီဒေသအတွင်း ယခင်က တင်သွင်းခွင့်မရှိသည့် စားသောက်ကုန်များကို အခြားနည်းလမ်းဖြင့် တင်သွင်းနေခဲ့ရာမှ ယခုအခါ တရားဝင်တင်သွင်းခွင့်ရရှိအောင် ဖြေလျှော့ပေးမှုများ ပြုလုပ်ပေးထားပါကြောင်း ပြောကြားသည်။

ကော့သောင်းမြို့နယ် ကုန်သည်လုပ်ငန်းရှင်များမှ ကုန်သွယ်မှုနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ၊ ဘုရင့်နောင်အငူ၊ ဘုရင့်နောင်တံတား၊ မြို့မတံတား၊ တော်ဝင်တံတား၊ ရွှေဝက်ဝံတံတားနှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေလီကမ်းခြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဇန်နဝါရီ ၆ ရက်က ငပလီကမ်းခြေဒေသရှိ HOTEL AT THE ROCK ခန်းမ၌ ငပလီကမ်းခြေဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် မန်နေဂျာများ၊ ခရီးသွားလုပ်ငန်း WORKING GROUP ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ငပလီကမ်းခြေဒေသကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်သမ္မတကြီးက ဆန္ဒရှိပါကြောင်း၊ မြို့အဆင့်မီ လမ်းများ၊ လျှပ်စစ်မီးများ၊ သောက်သုံးရေ လုံလောက်စွာရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပြည်တွင်းပြည်ပမှဝင်ရောက်မှု ပိုမိုများပြားလာသည်ကိုလည်း တွေ့နေရသောကြောင့် ဒေသခံများအနေဖြင့် ဒေသထွက်ပစ္စည်းများ ရောင်းချရခြင်းကြောင့် ဝင်ငွေပိုမိုတိုးပွားစေခြင်း အကျိုးရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဇီးဖြူကုန်းဆည် တည်ဆောက်ရာတွင် လယ်ယာမြေများ ပါ၀င်သဖြင့် လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းရှင်ကြီးများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းပြီး အမှိုက်သိမ်းယာဉ် သုံးစီး၊ မြက်ဖြတ်စက် လေးလုံးနှင့် ဝန်ထမ်းအင်အား ၂၀ ကျော်တို့ဖြင့် ငပလီဒေသ၏ အမှိုက်များကို စနစ်တကျ သိမ်းယူမှုပြုနေသောကြောင့် ကမ်းခြေဒေသ၏ သန့်ရှင်းသာယာမှုကို ထိန်းသိမ်းလျက်ရှိကြောင်း၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချရာတွင်လည်း သက်ဆိုင်သောဌာနများ၏ ခွင့်ပြုချက်ဖြင့်သာ ရောင်းချသွားရန်၊ ကမ်းခြေနယ်မြေတွင် ရောင်းချနေသော ဒေသခံများ၏ ဈေးဆိုင်ငယ်များကိုလည်း ကမ်းခြေနယ်မြေ သန့်ရှင်းလှပစိုပြည်ရေးကို ရှေးရှုလျက် ယာယီနေရာများ ဦးစွာတောင်းခံ သတ်မှတ်ပြီး စနစ်တကျ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပုလဲကျွန်း၊ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ဂျိတ္တောကျေးရွာ၊ နန်းချောင်း လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ ငပလီကမ်းခြေရှောင်လမ်း တည်ဆောက်နေမှု၊ ကတ္တရာလမ်း ထပ်ပိုးလွှာခင်းနေမှုများနှင့် ဇီးဖြူကုန်းဆည် တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

လက်ရှိတွင် ငပလီကမ်းခြေ၏ သာယာလှပမှုကြောင့် ဧည့်သည်များမှာ ပွင့်လင်းရာသီတွင် တစ်နေ့လျှင် ၂၅၀ ခန့် ရောက်ရှိလျက်ရှိကြောင်းနှင့် တစ်နေ့လျှင် လေယာဉ်ခုနစ်စင်းခန့် ဆိုက်ရောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

မလေးရှားရှိ မြန်မာအလုပ်သမားများအား ကူညီဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၄

မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်၊ မလေးရှားနှင့် ဘရူနိုင်းနယ်စပ်အနီး မီရီမြို့နယ်တွင် တည်ရှိသည့် Shin Yang Shipyard သင်္ဘောကျင်း ကုမ္ပဏီ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် အင်ဒိုနီးရှား ရွှေ့ပြောင်းအလုပ်သမားတို့အကြား ၂၃-၁၂-၂၀၁၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲခန့်မှ စတင်၍ ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် စပ်လျဉ်း၍ မြန်မာအလုပ်သမား ၉၈ ဦးအား အဆိုပါ လုပ်ငန်းခွင်ရှိ ဂိုဒေါင်တွင် ထိန်းသိမ်းထားသည်ဆိုသည့် သတင်းအရ ဖြစ်စဉ်အခြေအနေမှန်ရရှိရန်နှင့် မြန်မာအလုပ်သမားအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်တို့အတွက် မြန်မာသံရုံး၊ ကွာလာလမ်ပူမှ အလုပ်သမား သံအရာရှိနှင့် သံရုံးဝန်ထမ်းတစ်ဦးတို့ ပါ၀င်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား အဆိုပါ လုပ်ငန်းခွင်သို့ စေလွှတ်၍ လိုအပ်သည်များ ကူညီညှိနှိုင်းဆောင်ရွက်စေခဲ့သည်။

ဖြစ်စဉ်မှာ မြန်မာအလုပ်သမား မောင်လှိုင်ဝင်းသည် ဈေးဝယ်ရန် ထွက်လာစဉ် အင်ဒိုနီးရှားအလုပ်သမား ငါးဦးက စက်ဘီးများဖြင့် ပိတ်ရပ်၍ ဖိုက်ဘာဦးထုပ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ခဲ့သဖြင့် ၎င်းက ထွက်ပြေးခဲ့ရာ အင်ဒိုနီးရှားတို့က အဆောင်သို့ လိုက်လာပြီး ရန်စခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့သော အခြေအနေများကြောင့် လုပ်ငန်းခွင်ရှိ မြန်မာအလုပ်သမား ၉၈ ဦးတို့သည် အဆောင်တွင် မနေဝံ့တော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် စုစည်း၍ စက်ရုံရှိ ဂိုဒေါင်တွင် နေထိုင်ခြင်းဖြစ်သည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြန်မာအလုပ်သမားများအား မလေးရှားရဲစခန်းမှ ဖမ်းဆီးထိန်းသိမ်း စစ်ဆေးခြင်းမရှိဘဲ၊ မလေးဘာသာစကား တတ်ကျွမ်းနားလည်သော မြန်မာအလုပ်သမားတစ်ဦးကိုသာ ခေါ်ယူမေးမြန်း၍ တိုင်ချက်ဖွင့်စေခဲ့သည်။

မြန်မာအလုပ်သမားများ၏ လုံခြုံရေးနှင့် ပြန်လိုသည့် မြန်မာအလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရန်ကိစ္စနှင့် ပတ်သက်၍ မြန်မာသံရုံးမှ ကိုယ်စားလှယ်အဖွဲ့နှင့် သင်္ဘောကျင်း ကုမ္ပဏီပိုင်ရှင်တို့ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး မြန်မာအလုပ်သမား ၉၈ ဦးအနက် ဆက်လက်အလုပ်လုပ်ကိုင်လိုသည့် ကိုးဦးအား ကုမ္ပဏီတစ်ခုတည်းပိုင် အခြားသင်္ဘောကျင်းသို့ ရွှေ့ပြောင်းပေးခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်လိုသည့် ကျန် ၈၉ ဦးအနက် ၂၁ ဦးသာ စာချုပ်သက်တမ်းပြည့်ပြီးဖြစ်သည့်အတွက် လျော်ကြေးပေးရန် မလိုသော်လည်း ကျန် ၆၈ ဦးမှာ စာချုပ်သက်တမ်း မပြည့်သေးသည့်အတွက် ကျသင့်လျော်ကြေးငွေများကို ပေးချေပြီးမှသာ ပြန်ခွင့်ရှိမည်ဖြစ်ကြောင်း သိရှိရချက်အရ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ အတတ်နိုင်ဆုံး ဖြေရှင်းနိုင်မည့် အနေအထားသို့ ရောက်ရှိသည်အထိ မြန်မာသံရုံးမှ ကိုယ်စားလှယ်အဖွဲ့နှင့် အလုပ်ရှင်တို့အကြား ဆွေးနွေးညှိနှိုင်းခဲ့သည်။ ယင်းသို့ မြန်မာအလုပ်သမားများ ကြုံတွေ့နေရသည့် ပေးလျော်ရမည့် လျော်ကြေး၊ မြန်မာအလုပ်သမားများအတွက် လေယာဉ်စရိတ်များ အစရှိသည့် အလုပ်သမားတို့၏ ပြဿနာများနှင့် စပ်လျဉ်း၍ မည်သည့်အလှူရှင်ထံမှ အလှူငွေကိုမျှ လက်ခံခြင်းမပြုဘဲ မြန်မာပြည်ပ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီနှင့် အလုပ်သမားတို့အကြား ညှိနှိုင်းပြီး စိုက်ထုတ်ကျခံခဲ့ရသည်။

မြန်မာနိုင်ငံသို့ ပြန်လိုသည့် မြန်မာအလုပ်သမား ၈၉ ဦးအနက် စာချုပ်ပြည့်ပြီးသူ ၂၁ ဦးတို့သည် မလေးရှားလေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၈ ရက်တွင် လည်းကောင်း၊ ၄၈ ဦးတို့သည် ယင်းနေ့တွင်ပင် Air Asia လေကြောင်းလိုင်းဖြင့် လည်းကောင်း၊ ကျန်အလုပ်သမား ၂၀ တို့သည် Air Asia လေကြောင်းလိုင်းဖြင့် ဇန်နဝါရီ ၉ ရက်တွင် လည်းကောင်း ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်မြမြဝင်း(ဒါရိုက်တာ)

အောင်မြသန်းကုမ္ပဏီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်မှ သုဓမ္မသိင်္ဂီဘွဲ့အား ချီးမြှင့်ခံရသည့် ဦးမျိုးဝင်းလေး၏ဇနီး ဒေါ်မြမြဝင်း (ဒါရိုက်တာ၊ အောင်မြသန်းကုမ္ပဏီ)အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ချစ်သောမိသားစုနှင့် အတူတကွ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာတော်၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်တောင်း၍ အထူးပင် ဝမ်းမြောက်မိပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ

Dr.ဦးစိုးသိန်း နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း

(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

သန်လျင်မြို့နယ် အချုပ်ခန်းအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တောင်ပိုင်းခရိုင် တရားသူကြီး ဒေါ်စုငယ်သည် ဒုတိယခရိုင် တရားသူကြီး ဦးညီညီအေး၊ မြို့နယ်တရားသူကြီး ဦးတင်လတ်တို့နှင့်အတူ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် သန်လျင်မြို့နယ် အချုပ်ခန်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် အမျိုးသား၊ အမျိုးသမီး အချုပ်ခန်းများ အခြေအနေ၊ အချုပ်သားများအား တွေ့ဆုံ၍ နေရာထိုင်ခင်း၊ အစားအသောက်နှင့် သောက်သုံးရေရရှိမှု၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများအား အကာအရံဖြင့် လုံခြုံစွာထားရှိမှု၊ အမျိုးသမီးဖော်အစောင့်အရှောက်ဖြင့် ထားရှိမှုအခြေအနေ၊ တရားခံများအား နှိပ်စက်ညှဉ်းပန်းမှုရှိမရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ တရားခံများအား တွေ့ဆုံမေးမြန်းခဲ့ပြီး လိုအပ်သည်များကို ကြည့်ရှုစစ်ဆေးကာ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သန်းဝင်း)**

သီလဝါဒေသဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၁၂ ရက်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)၌ ကျင်းပသော သီလဝါဒေသဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် လက်ရှိ ရန်ကုန်ဆိပ်ကမ်းတွင် နိုင်ငံခြားသင်္ဘောကြီး ၁၈ စင်း ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၈ စင်းရှိပြီး နောင်တွင် ဆိပ်ခံတံတား ၁၄ စင်း တိုးချဲ့တည်ဆောက်နိုင်မည်ဖြစ်ပြီး သင်္ဘောကြီး ၁၄ စင်း တိုးချဲ့ဆိုက်ကပ်လာနိုင်မည်ဖြစ်ရာ စုစုပေါင်း ဆိပ်ခံတံတား ၃၂ စင်းရှိကာ နိုင်ငံခြားသင်္ဘောကြီး ၃၂ စင်းထိ ဆိုက်ကပ်လာနိုင်မည်ဖြစ်ကြောင်း၊ ကုန်ကိုင်တွယ်မှုအနေဖြင့်လည်း နှစ်ဆတိုးတက်လာနိုင်မည်ဖြစ်ရာ ဆိပ်ခံတံတားများ ကြံ့ခိုင်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် တန်ချိန် ၂၀၀၀၀ အထက်ရှိ ရေယာဉ်ကြီးများ ဝင်/ထွက် ဆိုက်ကပ်နိုင်ရေးအတွက် MASTER PLAN အား ရေးဆွဲဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အတွက် ရေရှည်အကျိုးရှိပြီး ဝင်ငွေတိုးတက်ရရှိနိုင်ရေး နည်းလမ်းပေါင်းစုံ ကြံဆဆောင်ရွက်ကြဖို့ လိုအပ်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဓိကပို့ကုန်၊ သွင်းကုန်များဖြစ်သည့် စားသုံးဆီ၊ စက်သုံးဆီ၊ ကောက်ပဲသီးနှံ၊ အထွေထွေကုန်နှင့် ကုန်သေတ္တာစသည့် အမျိုးအစားအလိုက် ကုန်ပမာဏအချိုးအတိုင်း ဆိပ်ကမ်းအရေအတွက်ကို တည်ဆောက်မှသာ Balance ဖြစ်မှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော စီးပွားရေးအခြေအနေအရ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းများ တိုးမြှင့်ကိုင်တွယ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါဒေသတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆိပ်ကမ်းတိုးချဲ့ဆောင်ရွက်နိုင်ရန် တစ်ကွက်လျှင် အလျား မီတာ ၂၀၀၊ အနံ ၇၅၀ မီတာ ရှိသော ရေယာဉ် ၃၇ စင်းဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်း ၃၇ ခုဖော်ထုတ်ခဲ့ရာ ၎င်း ၃၇ ခုအနက် စက်သုံးဆီလုပ်ငန်းအတွက် ဆိပ်ခံတံတား ၁၁ ခု၊ ကောက်ပဲသီးနှံတင်/ချ လုပ်ငန်းများအတွက် ဆိပ်ခံတံတား ငါးခု၊ အထွေထွေနှင့် ကုန်သေတ္တာလုပ်ငန်းများအတွက် ဆိပ်ခံတံတား ၁၀ ခု၊ သင်္ဘောဖျက်လွှန်းကျင်းလုပ်ငန်းအတွက် ဆိပ်ခံတံတား လေးခု စုစုပေါင်း ဆိပ်ခံတံတား ၃၀ ခုအား နေရာချထားပေးခဲ့ပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများအတွက် ဆိပ်ခံတံတားတစ်ခုကို တင်ဒါခေါ်ယူထားပြီးဖြစ်ရာ စုစုပေါင်းဆိပ်ခံတံတား ၃၁ ခု ရှိသွားပြီဖြစ်၍ လက်ကျန်ခြောက်ခုအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဆိပ်ကမ်းအထွေထွေနှင့် ကုန်သေတ္တာလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် JV အနေဖြင့်လည်းကောင်း၊ နိုင်ငံခြားချေးငွေ ရယူ၍လည်းကောင်း ဆိပ်ခံတံတားများ ဆောက်လုပ်ရန် စီမံလျက်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားကူးသန်းဝန်ကြီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံသို့ စက်သုံးဆီတင်သွင်းမှုမှာ တန်ချိန်သန်းပေါင်း ၁ ဒသမ ၄၆ ရှိပြီး လယ်ယာထွက်ကုန်သီးနှံ တင်ပို့မှုမှာ တန်ချိန်သန်းပေါင်း ၂ ဒသမ ၉၃ ရှိကြောင်း၊ ထို့ကြောင့် သီလဝါဆိပ်ကမ်းတွင်ရှိသော ဆိပ်ခံတံတားနေရာ ၃၇ ခုအား လုပ်ငန်းအမျိုးအစားအလိုက် ဆိပ်ခံတံတားများဆောက်လုပ်ရန် နေရာသတ်မှတ်ရာတွင် နိုင်ငံတော်၏ ထုတ်ကုန်/သွင်းကုန်ပမာဏလိုအပ်ချက်နှင့်ကိုက်ညီစေရေး အထူးအလေးထားဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းသည် တစ်နိုင်ငံလုံး၏ Export, Import ၈၅ ရာခိုင်နှုန်းခန့်အား ကိုင်တွယ်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဆိပ်ကမ်းများတည်ဆောက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုအချိုးသည် လက်ရှိနိုင်ငံအနေအထားအရ နိုင်ငံတော်ပိုင် ၂၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကပိုင် ၇၅ ရာခိုင်နှုန်းသည် သင့်လျော်ကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးဖြစ်ထွန်းမှုမျှတမှာ ဖြစ်ကြောင်း၊ ယခု သီလဝါဒေသရှိ ဆိပ်ခံတံတား ၃၇ခုတွင်လည်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ခြောက်ခုသာ ဆောင်ရွက်ရန်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ဆိပ်ခံတံတား ၃၁ ခု ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ၁၄ ရာနှုန်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ၈၆ ရာနှုန်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် နောင်လုပ်ငန်းများကိုလည်း ပုဂ္ဂလိကကဏ္ဍကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် ဦးစားပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရန် မှာကြားသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲ)မှ သီလဝါဒေသဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသော လုပ်ငန်းရှင်များက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က သီလဝါဒေသ ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ သုံးသပ်တင်ပြဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သီလဝါဆိပ်ကမ်းဒေသသည် အထူးစီးပွားရေးဇုန် စီမံကိန်းများကြောင့် ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ မိမိတို့ တိုင်းပြည်တိုးတက်စေရေးအတွက် လုပ်ငန်းအများအပြားကို ဦးစီးဆောင်ရွက်နေသော ဉာဏ်ရည်ထက်မြက်သည့် ပြည်တွင်းလုပ်ငန်းရှင်များ များစွာလိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့်ပတ်သက်၍ ဆိပ်ကမ်းများ၊ လေဆိပ်များရှိပါကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍ အကောင်းဆုံးဝန်ဆောင်မှု (Best Service) ပေးနေပါကြောင်း၊ ယခုထက်ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံအနေဖြင့် Catch Up ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များဘက်မှ ကြီးပွားတိုးတက်ရေးအတွက် လုံ့လဝီရိယထုတ်၍ ကြိုးစားကြရန်နှင့် နိုင်ငံတော်မှလည်း ကူညီပေးမည်ဖြစ်ပါကြောင်း။

သီလဝါဒေသ စက်သုံးဆီဆိပ်ကမ်းများနှင့်ပတ်သက်၍ နိုင်ငံတကာသတ်မှတ်ချက်များနှင့် ညီညွတ်အောင် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၁၃ ရက် နေ့လယ်ပိုင်းတွင် သီလဝါဆိပ်ကမ်းနယ်မြေ Apex Gas & Oil Pudlic Co.,Ltd. သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ Safty Equipment များ တပ်ဆင်ထားရှိမှုအခြေအနေများနှင့် သီလဝါဆိပ်ကမ်းနယ်မြေအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်သုံးဆီအရည်အသွေးစမ်းသပ်စစ်ဆေးသည့် မော်တော်ယာဉ်အသစ်တစ်စီး ပေးအပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းသို့ ထိုင်းနိုင်ငံ PTT Public Company Limited မှ စက်သုံးဆီအရည်အသွေးစစ်ဆေးပေးနိုင်သည့် Mobile Fuel Lab မော်တော်ယာဉ်အသစ်တစ်စီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)တွင် ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ PTT ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။ အခမ်းအနားတွင် PTT ကုမ္ပဏီမှ Chief Operating Officer (Downstream) Mr.Sarun Rungkasiri က Mobile Fuel Lab မော်တော်ယာဉ်အသစ်တစ်စီးနှင့် အထောက်အထားစာရွက်စာတမ်းများကို မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့သည်။

ယခုပေးအပ်လှူဒါန်းသည့် မော်တော်ယာဉ်မှာ Toyota Hiace Commuter 2.5GL Hi-Roof 4×2 Manual Left Hand Drive, Brand New ဖြစ်ပြီး တပ်ဆင်ထားသည့်ဓာတ်ခွဲခန်းပစ္စည်းများမှာ အမေရိကန်နိုင်ငံထုတ် HERZOG P/N 06201-000-06 Distillation Apparatus HDA 620 with cooling fan for oven and FIRE EXTINGUISHER 230 V, 50/60 Hzacc. To ISO 3405, DIN 51၊ 571,ASTM D 86, IP 123 ဖြစ်သည်။ ယခုပေးအပ်လှူဒါန်းသည့် Mobile Fuel Lab သည် ဓာတ်ခွဲခန်းသုံးပစ္စည်းများအပါအဝင် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၄၈၇ ဒေါ်လာဖြစ်ကြောင်း သိရသည်။

အဆိုပါ Mobile Fuel Lab ဖြင့် လက်တွေ့စက်သုံးဆီအရည်အသွေးစမ်းသပ်စစ်ဆေးခြင်းသင်တန်း On Job Training ကို PTT ကုမ္ပဏီမှ ဓာတ်ခွဲခန်းကျွမ်းကျင်သူများက ပို့ချခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ သင်တန်းသား ၁၆ ဦးနှင့် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းမှ သင်တန်းသား လေးဦးတို့ တက်ရောက်ခဲ့ကြသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းသည် ယခုပေးအပ်လှူဒါန်းသည့် Mobile Fuel Lab မော်တော်ယာဉ်ကိုအသုံးပြု၍ ပုဂ္ဂလိကပိုင်စက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချနေသည့်စက်သုံးဆီအရည်အသွေးကို စမ်းသပ်စစ်ဆေးပေးနိုင်တော့မည်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စမ်းသပ်စစ်ဆေးပေးနိုင်ရေးအတွက် Mobile Fuel Lab မော်တော်ယာဉ်အသစ် ငါးစီးထပ်မံဝယ်ယူအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း

ရန်ကုန်မြို့၊ အိမ်အမှတ်(97/A)၊ (၇)လွှာ၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဦးနိုင်လင်းဦး မှတ်ပုံတင်အမှတ်[၇/ပမန(နိုင်)၁၄၃၃၃၁] သည် ကျွန်မအပေါ်တွင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင် မိမိခရီးသွားနေစဉ် ၁၁-၁-၂၀၁၄ ရက်တွင် ဦးနိုင်လင်းဦးသည် မိမိ သဘောဆန္ဒဖြင့် မင်္ဂလာဈေးရှိဆိုင်ခန်းများကို ပိတ်သိမ်းသွားခဲ့ပါသည်။ ထို့ကြောင့် ၎င်းအား ခင်ပွန်းအဖြစ်မှ ရာသက်ပန်မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်ဇင်ဝင်းနွယ်

[၇/ပခန(နိုင်)၂၂၃၁၄၀]

အမှတ်(97/A)၊ (၇)လွှာ၊ ဒေါ်သိန်းတင်လမ်းမတန်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

အမ်ဘီစီ၏ Show! Music Core တွင် Girl's Day ပထမဆုရရှိ

အမ်ဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသည့် Show! Music Core အစီအစဉ်တွင် တောင်ကိုရီးယား ပေါ့ပ်အဖွဲ့ Girl's Dayမှ ပြိုင်ဘက်များဖြစ်ကြသည့် IU နှင့် Max တို့ကို ကျော်ဖြတ်ကာ Something သီချင်းဖြင့် ဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် တောင်ကိုရီးယားကြယ်ပွင့် ရိန်းက သီချင်းများဖြင့် ဖျော်ဖြေပေးခဲ့ကာ အခြားဂီတကြယ်ပွင့်များကလည်း ၎င်းတို့၏ နာမည်ကြီးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

Girl's Day အဖွဲ့သည် တောင်ကိုရီးယား အမျိုးသမီးတေးသံရှင်လေးဦးဖြင့် ဖွဲ့စည်းထားသည့် ပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပြီး ၎င်းတို့၏ တတိယမြောက် မီနီအယ်လ်ဘမ်ကို ယခုလ ၃ ရက်က ဖြန့်ချိခဲ့ပြီး ဆုရရှိခဲ့သည့် Something သီချင်းသည် ယင်းအယ်လ်ဘမ်သစ်ထဲမှ သီချင်းသစ်တစ်ပုဒ်ဖြစ်ကြောင်း သိရသည်။

တရုတ်လေဆိပ်တွင် လက်ပ်တော့ပျောက်ဆုံးခဲ့သည့် လင်ဆေးလိုဟန်

အမေရိကန်မင်းသမီးချော လင်ဆေးလိုဟန်သည် ရှန်ဟိုင်းဖက်ရှင်ပွဲတော်တစ်ခုမှ အမေရိကန်သို့အပြန် တရုတ်နိုင်ငံ လေဆိပ်တွင် သူ၏ လက်ပ်တော့ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

မင်းသမီး လင်ဆေးလိုဟန်က ဇန်နဝါရီ ၁၃ ရက်တွင် Sohu ဖက်ရှင်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အိမ်အပြန်လမ်းတွင် ယခုကဲ့သို့ စိတ်ကသိကအောက်ဖြစ်ရပ်ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ရောက်ရှိစဉ်အတွင်း နွေးထွေးပျူငှာမှုများအတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း၊ တာဝန်ရှိသူများမှ ယင်းလက်ပ်တော့ ပြန်လည်ရရှိအောင် စွမ်းဆောင်ပေးစေလိုပါကြောင်း၊ အဆိုပါ လက်ပ်တော့ပျောက်ဆုံးခြင်းအတွက် စိတ်ကသိကအောက်ဖြစ်နေရပါကြောင်း ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

မှန်ကန် ယုံကြည်၊ ရောင့်ရဲ တည်

စံကားဝါ

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ ယူဆမှသာ စိတ်လက်သက်သာရာရမယ့် ဒီနေ့ခေတ်ကြီးမှာ အခက်အခဲနဲ့စိန်ခေါ်မှုတွေသိပ်များတယ်ဆိုတာ လူတိုင်းလက်ခံထားတဲ့အရာပါ။ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကလည်း ရှောင်လွှဲလို့မရဘူးဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါတွေကို ဘယ်လိုနည်းနဲ့ကျော်ဖြတ်ကြမလဲ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးစတဲ့ အရေးကိစ္စတွေကို ကျော်လွှားနိုင်ဖို့ဆိုတာ ယုံကြည်မှုဆိုတာပါပဲ။

ဘာသာရေးအရတော့ ဒီယုံကြည်မှုဆိုတဲ့ သဒ္ဓါတရားမပါဘဲ ဘာမှမဖြစ်နိုင်ဘူးဆိုတာ သက်တမ်းတစ်ဝက်ကျော် နေထိုင်လာခဲ့ရတဲ့ လူ့ဘဝအတွေ့အကြုံအရ သိနိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံ အများအပြားကိုကြည့်မယ်ဆိုရင်လည်း ယုံကြည်မှုကို အရင်းတည် တည်ဆောက်ပြီး ကောင်းမွန်မှန်ကန်တဲ့ ပန်းတိုင်ရောက်ရှိအောင် လျှောက်လှမ်းနေရတာ မျက်မြင်ပါပဲ။ ဒီလိုပဲ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ကဏ္ဍအားလုံးမှာ ယုံကြည်မှုနဲ့ပဲကျော်ဖြတ်မှသာ လိုရာပန်းတိုင်ကို ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ မိဘ၊ ဆရာသမားတွေ ဘယ်လောက်ပဲ ပံ့ပိုးမှုတွေကောင်းကောင်း မိမိကိုယ်တိုင်က အောင်မြင်လိုတဲ့ယုံကြည်ချက်မရှိတဲ့ ကျောင်းသားတစ်ဦးဟာ အောင်မြင်မှုနဲ့ ဝေးကွာနေဦးမှာ သေချာပါတယ်။ ယုံကြည်ချက်နည်းခဲ့လို့ လိုရာမရောက်၊ ရောက်ရာသောင်တင်ပြီး ဘဝကို စိတ်တိုင်းမကျဖြစ်ခဲ့ကြရတဲ့ အဖြစ်မှန်တွေလည်း ဒုနဲ့ဒေးပါပဲ။ ဒါကြောင့် မှန်ကန်တဲ့ယုံကြည်မှုကိုသာ အရင်တည်ဆောက်ပါ။ ဖြစ်ကို ဖြစ်ရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့သာ ဖြေရှင်းကြည့်ပါ။ "စိတ္တဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ" ဆိုတဲ့အတိုင်းပဲ။ စိတ်ဦးဆောင်ရင် သေချာပေါက် အကောင်းဆုံးသော ရလဒ်တွေပိုင်ဆိုင်နိုင်မှာအမှန်ပါပဲ။ ဆန္ဒ၊ ဝီရိယ၊ ပညာ ဦးဆောင်ရင်လည်း အဲဒီလိုပဲအောင်မြင်မှုတွေနဲ့ ဆုံစည်းခွင့်ရမှာပါ။ ဒါက ဘဝကိုပျော်ရွှင်ကျေနပ်ဖွယ်ဖြတ်သန်းနိုင်တဲ့ နည်းကောင်းတစ်ခုပါ။

ဒုတိယအပိုင်းကတော့ ရောင့်ရဲမှုနဲ့ နေထိုင်သွားဖို့ပါပဲ။ အကောင်းဆုံးကို ကြိုးစားထားရင် စိတ်ဆင်းရဲကြောင့်ကြနေစရာမလိုပါဘူး။ လူ့သဘောသဘာဝအရဖြစ်တတ်တဲ့ဒုက္ခတွေကို ကောင်းစွာနှလုံးသွင်းပြီး ကြံ့ကြံ့ခံနိုင်ဖို့ဆိုတာ ရောင့်ရဲတင်းတိမ်မှုမရှိဘဲနဲ့ မဖြစ်နိုင်ဘူးဆိုတာ သေချာပါတယ်။ လူ့လောကဆိုတာ နေတတ်ရင် ကျေနပ်စရာဆိုတဲ့ စကားလိုပဲ အင်မတန် ကျေနပ်စရာကောင်းပါတယ်။

ကလေးဘဝက ယုံကြည်မျှော်မှန်းခဲ့တဲ့ပန်းတိုင်နဲ့ အသက်အရွယ်အရ ရင့်ကျက်လာတာနဲ့အမျှ မျှော်မှန်းကြတဲ့ပန်းတိုင်တွေခြားနားလာတတ်ပါတယ်။ ကလေးအရွယ်တုန်းက ဆရာဝန်ကြီးဖြစ်ဖို့က ရည်မှန်းချက်ဖြစ်ခဲ့ပေမယ့် အသက်သုံးဆယ်ကျော်လာတော့ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေအဆင်ပြေပြေနေနိုင်ဖို့က ရည်မှန်းချက်အဖြစ်ပြောင်းလဲလာတတ်ပါတယ်။ ဒီလိုပဲ အသက်တွေကြီးလာပြန်တော့ စိတ်လက်ချမ်းသာစွာနဲ့နေထိုင်လိုပြီး ပရဟိတလူမှုရေးလုပ်ငန်းတွေ၊ ကိုးကွယ်ယုံကြည်ရာဘာသာတရားတွေနဲ့ ပိုမိုရင်းနှီးလာရင်း ရည်မှန်းချက်တွေပြောင်းလဲလာတတ်ကြပါတယ်။ ဘဝဆိုတာ တိုချင်လည်းတိုမယ်၊ ရှည်ချင်လည်းရှည်မယ်။ လက်ရှိဘဝ၊ လက်ရှိအချိန်မှာ မှန်ကန်တဲ့ယုံကြည်မှု၊ ရောင့်ရဲကျေနပ်တဲ့စိတ်နဲ့ ဆက်လက်ရှင်သန်သွားကြမယ်ဆိုရင် ဘဝသံသရာ ရထားကြီးစီးနေရသလို လိုက်ပါစီးနင်းနေရတဲ့ စာရေးသူတို့ရဲ့ဘဝတွေဟာ နေပျော်စရာ ကောင်းပါသေးလားဆိုတာ မေးစရာတောင်လိုတော့မယ်မထင်ပါ။ ဒါကြောင့် **ယုံကြည်မှု** နဲ့ **ရောင့်ရဲမှု** ဆိုတဲ့ **ဘဝလမ်းညွှန်တွေ**နဲ့ ဒီကနေ့ပဲ စတင်တည်ဆောက်နေထိုင်လိုက်ကြရအောင်။ ။

မြို့တော်ရန်ကုန် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ပြပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပမည့် ဒုတိယအကြိမ် မြို့တော်ရန်ကုန် ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့်ပြပွဲ (၂၀၁၄) ကို (၁) ရန်ကုန်မြို့တော်၏ပွဲတော်များ၊ (၂) မြို့တော်သားများ၏ လူနေမှုဘဝ၊ (၃) စိမ်းလန်းနေသော ဥယျာဉ်မြို့တော်(၄) ရန်ကုန်မြို့တော်၏ သမိုင်းဝင်အဆောက်အအုံများခေါင်းစဉ်ဖြင့် ကဏ္ဍ(၄)ခုနှင့် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကဏ္ဍတစ်ခု၌ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ၁၀×၁၅ လက်မအရွယ်ဓာတ်ပုံနှင့် Original Image File (Raw File or J Peg File) တင်သွင်းရမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မတ် ၇ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနသို့ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံများအား အထက်ပါဌာနနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့တွင် ထုတ်ယူနိုင်ပြီး ဆုကြေးအဖြစ် မြို့တော်ဝန်အထူးဆု (Grand Prize) ဆုကြေး ကျပ် ၁၅ သိန်း၊ ကဏ္ဍတစ်ခုစီအတွက် ပထမဆု ကျပ်ခုနစ်သိန်း၊ ဒုတိယဆု ကျပ်ငါးသိန်း၊ တတိယဆု ကျပ်သုံးသိန်း၊ နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်တစ်သိန်းစီဖြင့် ကဏ္ဍလေးခုအတွက် နှစ်သိမ့်ဆုငါးဆုစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပြပွဲကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဖုန်း ၀၁-၃၇၃၅၁၇ တွင် အသေးစိတ်စုံစမ်းနိုင်ကြောင်း သိရသည်။

(မြို့တော်စည်ပင်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလုတိုး

ဖြူးဆရာတော်ကြီး၏တပည့်ကြီး ဖြူးမဟာစည်ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ အထူးတရားပွဲ

ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ M.A Ph.D, INDIA အရှင်သူမြတ်သည် ၁၅-၁-၂၀၁၄ရက်တွင် မော်လမြိုင်မြို့ ဓမ္မောဇမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၅၀၁၇၅၅၄၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀ ၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂ သို့ ဆက်သွယ်နိုင်ပါသည်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်-၈ခ/၄၅၀၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)



စပိန်လာလီဂါ ရင်ခုန်သံ - ၂၀

ရှိုး မင်း မင်း

စပိန်လာလီဂါပွဲစဉ် ၂၀ ကိုလာမယ့် ဇန်နဝါရီ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အက်သလက်တီကိုနဲ့ ဆီဗီးလားတို့ ဆုံတွေ့တဲ့ပွဲပါဝင်နေလို့ အကြိတ်အနယ်ရှိမှာပါ။

မာလာဂါ - ဗလန်စီယာ — နံနက် ၂း၃၀(၁၈-၁-၁၄)

မာလာဂါက အိမ်ကွင်းအားနဲ့ ခံကစားလာမှာပါ။ ဗလန်စီယာက လက်ရှိခြေမငြိမ်သလို အဝေးကွင်းမှာ ဆိုရင်လည်း ခြေစွမ်းပိုင်း အားပျော့တတ်ပါတယ်။ မာလာဂါတို့ ဒီပွဲစဉ်မှာ အနိမ့်ဆုံးသရေလောက်ရမှာပါ။

ဘက်တစ် - ရီးယဲလ် — ည ၉း၃၀(၁၈-၁-၁၄)

အမှတ်ပေးဇယားအောက်ဆုံးက ဘက်တစ်အနေနဲ့ ရီးယဲလ်ကိုတုံ့ပြန်ဖို့ဆိုတာ ခက်ခဲပါတယ်။ ရီးယဲလ်အနေနဲ့ အဝေးကွင်းဖြစ်ပေမယ့် ဒီလိုပွဲမျိုးမှာ အမှားအယွင်းအဖြစ်မခံပါဘူး။ ရီးယဲလ်ကသာ အနိမ့်ဆုံး နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

အဲလ်ချီ - ဗယ်လီကာနို — ည ၁၁း၃၀(၁၈-၁-၁၄)

ဗယ်လီကာနိုဟာ နောက်ဆုံးပွဲစဉ်မှာ အနိုင်ရခဲ့ပေမယ့်ခြေ သာမန်သာရှိသလို အဝေးကွင်းအားပျော့ပါတယ်။ အဲလ်ချီကအိမ်ကွင်းမှာ အမှတ်ရရေး အထူးအားစိုက်ကစားလာမှာပါ။ အဲလ်ချီတို့အနိမ့်ဆုံး သရေလောက်ရဖို့ရှိတယ်။

ဂရန်နာဒါ - အိုဆာစူနာ — နံနက် ၁း၃၀(၁၉-၁-၁၄)

အိုဆာစူနာဟာ နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာရှုံးတဲ့အထိ ခြေငြိမ်နေပါတယ်။ ဂရန်နာဒါကလည်း အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်တာကြောင့် အိုဆာစူနာအသာရဖို့မလွယ်ဘူး။ ဒီပွဲလည်း သရေကျသွားဖို့ရှိတယ်။

အက်စ်ပန်ညို - ဆယ်တာဗီဂို — နံနက် ၃း၃၀(၁၉-၁-၁၄)

အက်စ်ပန်ညိုဟာ ခြေမငြိမ်ဘူး။ ဒါပေမယ့် အိမ်ကွင်းအားရှိတယ်။ ဆယ်တာဗီဂိုကလည်း ခြေသာမန်သာရှိတာကြောင့် အက်စ်ပန်ညိုတို့ ထင်သလောက် အခက်မတွေ့နိုင်ဘူး။ အက်စ်ပန်ညိုတို့ ကပ်ပြီးအနိုင်ရသွားမှာပါ။

ဂီတာဖေး - ဆိုစီဒက် — ညနေ ၅း၃၀(၁၉-၁-၁၄)

ဆိုစီဒက်ခြေအကောင်းဆုံးအနေအထားမှာရှိပါတယ်။ ဂီတာဖေးက လေးပွဲဆက်ရှုံးနိမ့်ပြီး ခြေပျက်နေတဲ့အနေအထားအရ အိမ်ကွင်းဖြစ်ပေမယ့် ဆိုစီဒက်ကို ထိန်းချုပ်ဖို့ခက်ပါတယ်။ ဂိုးကွာဟမှု ကျဉ်းမြောင်းနိုင်ပေမယ့် ဆိုစီဒက်နိုင်မှာပါ။

ဗီလာရီးယဲလ် - အယ်မာရီယာ — ည ၁၀း၃၀(၁၉-၁-၁၄)

အိမ်ကွင်းမှာ ဒီလိုပွဲမျိုးကို ဗီလာရီးယဲလ်အမှားခံမှာ မဟုတ်ဘူး။ အယ်မာရီယာက ခြေမဆိုးဘူးဆိုပေမယ့် အဝေးကွင်းမှာ အားပျော့တတ်လို့ ဗီလာရီးယဲလ်ကို ပွဲချိန်ပြည့် ထိန်းဖို့ခက်ပါလိမ့်မယ်။ ဗီလာရီးယဲလ် နှစ်ဂိုးအသာနဲ့နိုင်မယ်။

လီဗန်တေး - ဘာစီလိုနာ — နံနက် ၀၀း၃၀(၂၀-၁-၁၄)

လီဗန်တေးမှာ ဘာစီလိုနာကို ယှဉ်နိုင်လောက်တဲ့အားမရှိပါဘူး။ အိမ်ကွင်းဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားပျော့မှုအရ လီဗန်တေးအနေနဲ့ ဘာစီလိုနာကို တုံ့ပြန်ဖို့ခက်တာကြောင့် ဒီပွဲမှာ ဘာစီလိုနာနဲ့ပဲ ရပ်တည်ရဖို့ရှိတယ်။

အက်သလက်တီကို - ဆီဗီးလား — နံနက် ၂း၃၀(၂၀-၁-၁၄)

အက်သလက်တီကိုရဲ့ အိမ်ကွင်းအားကို ဆီဗီးလားကျော်ဖြတ်ဖို့ခက်ပါတယ်။ အက်သလက်တီကိုပွဲပန်းနေတာမှန်ပေမယ့် ဆီဗီးလ်ကလည်း အဝေးကွင်းဆိုရင် အားပျော့တတ်တာကြောင့် ဒီပွဲမှာ အက်သလက်တီကို အနိမ့်ဆုံး သရေရမယ်။

ဘီလ်ဘို - ဗယ်လာဒိုးလစ် — နံနက် ၃း၃၀ (၂၁-၁-၁၄)

ဘီလ်ဘိုရဲ့ လက်ရှိခြေကို ဗယ်လာဒိုးလစ်တို့ မမီပါဘူး။ ဗယ်လာဒိုးလစ်အနေနဲ့ အမှတ်ရအောင် ခံစစ်အားပြုကစားမှာမှန်ပေမယ့် ခြေကွာသလို ကွင်းအခွင့်အရေးလည်း ကွာဟနေတယ်။ ဘီလ်ဘိုအနိုင်ရဖို့ အလေးသာတယ်။

တစ်နှစ်တာ ဖီဖာကမ္ဘာ့အကောင်းဆုံးနည်းပြဆု ဘိုင်ယန်မြူးနစ်နည်းပြဟောင်း ဂျက်ဟေးနက်စ်ဆွတ်ခူး

ပြီးခဲ့သည့် ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန် မြူးနစ်အသင်းအတွက် ချန်ပီယံလိဂ်ဖလား၊ ဘွန်ဒက်လီဂါဖလားနှင့် ဂျာမန် ပိုကယ်ဖလားစသည်ဖြင့် ဖလားသုံးလုံးစလုံးကို တစ်နှစ်တည်းရယူပေးနိုင်ခဲ့သည့် နည်းပြဂျက်ဟေးနက်စ်သည် တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးရရှိခဲ့ပြီဖြစ်သည်။

ဘိုင်ယန်မြူးနစ် နည်းပြဟောင်း ဂျက်ဟေးနက်စ်သည် အဆိုပါတစ်နှစ်တာ ဖီဖာကမ္ဘာ့အကောင်းဆုံးနည်းပြဆုကို ဒေါ့မွန်နည်းပြ ဂျာဂန်ကလော့(ပ်)နှင့် မန်ယူနည်းပြအဖြစ်မှ အနားယူသွားသော ဆာအဲလက်စ်ဖာဂူဆန်တို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။

ဖီဖာမှချီးမြှင့်သော ဆုရရှိမှုစာရင်း

ကမ္ဘာ့အကောင်းဆုံး အမျိုးသားကစားသမားဆု	- စီရိုနယ်ဒို
ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမားဆု	- အန်ဂါရာ
ကမ္ဘာ့အကောင်းဆုံး နည်းပြဆု	- ဂျက်ဟေးနက်စ်
ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးနည်းပြဆု	- ဆီလ်ဗီလာနီး
ကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ဂိုးသွင်းဆု	- အီဘရာဟီမိုဗစ်ချ်
ကမ္ဘာ့အကောင်းဆုံး ဥက္ကဋ္ဌဆု	- ဂျက်ကက်စ်ရော့ဂီ
ကမ္ဘာ့အကောင်းဆုံး Fair Play ဆု	- အာဖဂန်နစ္စတန် ဘောလုံးအဖွဲ့ချုပ်

နှစ်အလိုက် ကမ္ဘာ့အကောင်းဆုံး ကစားသမား ဆုရရှိမှုစာရင်း

စဉ်	ခုနှစ်	အမည်	အသင်း
၁	၂၀၁၃	စီရိုနယ်ဒို	ရီးယဲလ်မက်ဒရစ်
၂	၂၀၁၂	မက်ဆီ	ဘာစီလိုနာ
၃	၂၀၁၁	မက်ဆီ	ဘာစီလိုနာ
၄	၂၀၁၀	မက်ဆီ	ဘာစီလိုနာ
၅	၂၀၀၉	မက်ဆီ	ဘာစီလိုနာ
၆	၂၀၀၈	စီရိုနယ်ဒို	မန်ယူ
၇	၂၀၀၇	ကာကာ	အေစီမီလန်
၈	၂၀၀၆	ကန်နာဗာရို	ဂျူဗင်တပ်
၉	၂၀၀၅	ရော်နယ်လ်ဒင်ဟို	ဘာစီလိုနာ
၁၀	၂၀၀၄	ရှက်ဗ်ချန်ကို	အေစီမီလန်
၁၁	၂၀၀၃	ပါဗယ်နက်ဗက်	ဂျူဗင်တပ်
၁၂	၂၀၀၂	ရော်နယ်လ်ဒို	ရီးယဲလ်မက်ဒရစ်
၁၃	၂၀၀၁	မိုက်ကယ်အိုဝင်	လီဗာပူး
၁၄	၂၀၀၀	လူးဝစ်ဖီဂို	ရီးယဲလ်မက်ဒရစ်

ငွေကြယ်

ပညာရေးဝန်ကြီးဌာန
အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာနများအတွက်
မော်တော်ယာဉ်များဝယ်ယူရန်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပညာရေးဝန်ကြီးဌာန အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန၊ ပညာရေး စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနများအတွက် အောက် ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

Description	DBE(1)	DBE(2)	DBE(3)	DEPT	DME
Mini Saloon					7
Saloon		1			
Van	28	35	4	3	7
Wagon	4	4	2	1	3

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၁-၂၀၁၄ရက်မှ ၂၄-၁-၂၀၁၄ရက်အထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၁-၂၀၁၄ရက် ၁၆း၃၀နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ - အမှတ်(၁၂၃)နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မော်တော်ယာဉ်တင်သွင်းမည့်ပုဂ္ဂိုလ်၊ သက်ဆိုင်ရာအဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခံထားရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများ မော်တော်ယာဉ်တစ်မျိုး တစ်စုံလျှင် ၁၀၀၀၀ကျပ်(ကျပ်တစ်သောင်းတိတိ)ဖြင့် အမှတ်(၁)အခြေခံပညာဦးစီးဌာန(ရုံးချုပ်) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းရာတွင် ဌာနမှတရားဝင် ဝယ်ယူထားသည့် အဆိုပြုလွှာများကိုသာ လက်ခံမည်။
၅။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် အမှတ်(၁) အခြေခံပညာ ဦးစီးဌာန(ရုံးချုပ်) သို့ တင်သွင်းရမည်။
၆။ အသေးစိတ်သိရှိလိုပါက အမှတ်(၁) အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၁-၅၄၈၉၇၈ ကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါရွေးချယ်ရေးအဖွဲ့
အမှတ်(၁/၂/၃)အခြေခံပညာဦးစီးဌာန
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

M.E.H.S/အထက(၁)ဒဂုံ (၁၉၅၄ မှ ၁၉၇၀)၏ အာစရိယပူဇော်ပွဲ

M.E.H.S/အထက(၁)ဒဂုံ (၁၉၅၄-၁၉၈၀) ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ မပျက်မကွက် ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ - ၂၀၁၄ခုနှစ်၊ဇန်နဝါရီလ(၁၈)ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် (၉း၀၀)နာရီ
ကျင်းပမည့်နေရာ - အထက(၁)ဒဂုံ၊ ဒဂုံသီရိခန်းမ

ဆက်သွယ်ရန်။ ။Albert ဖုန်း-095008750, Henry ဖုန်း-09-5009093, Selwyn ဖုန်း-095139409, Htoo Aung Gyi ဖုန်း-0943032204, Myat Soe Win ဖုန်း-095126775, Ruby ဖုန်း-095094665, Wai Mar Win ဖုန်း-0973201267, San San ဖုန်း-095017196, Thiri Mar ဖုန်း-095021241, Aye Aye ဖုန်း-095063840

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊(၃၅)လမ်း၊ အမှတ်(၁၃၄)ရှိပေ(၁၂×၅၁)သိုလှောင်ရုံ(၂)ခန်းတွဲ အဆောက်အအုံအား မျက်မြင်အခြေအနေအတိုင်း ငှားရမ်းမည်ဖြစ်ပါသည်-
(က) တင်ဒါရောင်းချမည့်ရက်/အချိန် - ၁၆-၁-၂၀၁၄ ရက်မှ ၂၉- ၁-၂၀၁၄ ရက် အထိ (၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ)
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၉- ၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း၊စီမံခန့်ခွဲရေးဌာန၊ရုံးအမှတ်(၃၇)၊နေပြည်တော်။
- အထည်အလိပ်လုပ်ငန်း၊ ရန်ကုန်(ရုံးခွဲ) အမှတ်(၁)၊ (၆) ရပ်ကွက်၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း ရုံးအမှတ်(၃၇)၊ နေပြည်တော်။
၂။ အဆိုပါ သိုလှောင်ရုံ(၂)ခန်းတွဲ အဆောက်အအုံအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ (၃၅)လမ်း၊ အမှတ်(၁၃၄)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၄ နှင့် ၀၁-၅၅၄၁၇၇ သို့ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၉၈)၊ ၂၉-လမ်းနေ
ဦးမောင်မောင်စံ-ဒေါ်ဝါဝါ(မြသော်တာစာပေ)တို့၏
တစ်ဦးတည်းသောသား
မောင်ရဲမင်းဖြိုး
(Base Engineer at Rutledge E & P Pte Ltd)
Dip in Bioengineering (Singapore Polytechnic) Degree of Bachelor of Engineering (EEE),4th Year Nanyang Technological University
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ပြဟ္မစိုရ်လမ်း၊ အမှတ်(၂၈၃/အေ)နေ ဦးမိုးညွန့်အောင်(Managing Director) TREASURE IVORY CONSTRUCTION CO., LTD- ဒေါ်ချောစုဝင်းတို့၏ တစ်ဦးတည်းသောသမီး
မဖူးငုံသင်း
(Project Coordinator at M & I Electric Pte Ltd)
Dip in Aerospace Electronics Engineering
(Singapore Polytechnic)
Degree of Bachelor of Engineering (EEE),4th Year.
Nanyang Technological University
တို့သည် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းရှေ့မှောက် ၌ ၁၁-၁-၂၀၁၄ ရက်နေ့တွင်(Chatrium Hotel)၌ စေ့စပ်ကြောင်း လမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရဲမင်းဖြိုး-မဖူးငုံသင်း

အာဖရိကတွင် ငြိမ်းချမ်းရေး တိုးတက်ကောင်းမွန်စေရန် ရန်ပုံငွေထောက်ပံ့ပေးမည်ဟု ဂျပန် ကတိပြု

တိုကျို ဇန်နဝါရီ ၁၄

ဂျပန်နိုင်ငံသည် အာဖရိကတိုက်၌ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတိုးတက်ကောင်းမွန်စေရန် ရန်ပုံငွေထောက်ပံ့ကူညီမည်ဟု ကတိပြုကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဇန်နဝါရီ ၁၄ရက်တွင် ကတိပြုပြောကြားလိုက်သည်။

အာဖရိကတိုက်၌ စစ်ရေးပဋိပက္ခများ ချုပ်ငြိမ်းစေပြီး သဘာဝဘေးအန္တရာယ်များ သက်သာလျော့ပါးလာစေရန် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၃၂၀ခန့် ပေးအပ်မည်ဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံ မြို့တော် အဒစ္စအဘာဘာရှိ အာဖရိကသမဂ္ဂဌာနချုပ်ရုံး၌ မူဝါဒရေးရာမိန့်ခွန်းပြောကြားရာတွင် အာဘေးက အထက်ပါအတိုင်း ကတိပြုခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် အာဖရိကနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးနှင့် စီးပွားရေးဆက်ဆံမှုများကို တိုးမြှင့်ပြုလုပ်သွားရန် ဝန်ကြီးချုပ်အာဘေးက ရည်မှန်းသည်။

ဂျပန်နိုင်ငံသည် ဆာဟာရသဲကန္တာရတောင်ပိုင်း ဆာဟဲဒေသ တည်ငြိမ်မှုရရှိရေးအတွက် မတ်လထက် နောက်မကျဘဲ လူသားချင်းစာနာထောက်ထားမှု အကူအညီ ဒေါ်လာ ၈၃ ဒသမ ၄ သန်းပေးအပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်က အိုင်ဗရီကို့စ်သမ္မတ အလာဆန်အော်တာရာနှင့်တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အာဘေးသည် အိုင်ဗရီကို့စ်နိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံတို့သို့ ခရီးထွက်ခွာခဲ့ပြီးနောက် အီသီယိုပီးယားနိုင်ငံသို့ ရောက်ရှိခဲ့သည်။

တောင်ဆူဒန်၌ သူပုန်တပ်ဖွဲ့နှင့် အစိုးရတပ်တို့အကြား အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးရန် အာဘေးက ဇန်နဝါရီ ၁၃ ရက်တွင် တိုက်တွန်းခဲ့သည်။ ဂျပန်နိုင်ငံသည် တောင်ဆူဒန်ငြိမ်းချမ်းရေးအတွက် ဒေါ်လာ ၂၅ သန်း ထောက်ပံ့ပေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ရန် တောင်ဆူဒန်သို့ တပ်ဖွဲ့ဝင် ၄၀၀ ခန့်ကို စေလွှတ်ပေးခဲ့သည်။ **ရိုက်တာ။**

ဇန်နဝါရီ ၁၀ ရက်က အဘစ်ဂျန်မြို့၌ အနောက်အာဖရိကခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအား တွေ့ရစဉ်။

အီရန် နျူကလီးယားအစီအစဉ် အကောင်အထည်ဖော်မှု ရပ်ဆိုင်းထားရန် သဘောတူညီမှုရရှိ

ပါရီ ဇန်နဝါရီ ၁၄

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဇန်နဝါရီ ၂၀ရက်မှစ၍ အကောင်အထည်မဖော်ဘဲ ရပ်ဆိုင်းထားရန် ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့ပါဝင်သော အုပ်စုတစ်စုတို့အကြား သဘောတူညီချက်ရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၄ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါသဘောတူညီချက်နှင့်ပတ်သက်၍ အဓိကအချက်များကို နိုဝင်ဘာလတွင် အတည်ပြုနိုင်ခဲ့သော်လည်း နည်းပညာဆိုင်ရာ အသေးစိတ်ဆွေးနွေးမှုများပြုလုပ်နိုင်ရန် သဘောတူညီခဲ့သည်။

သို့ရာတွင် အီရန်နိုင်ငံရှိ သဘောထားတင်းမာသူ နိုင်ငံရေးသမားများနှင့် အစ္စရေးခေါင်းဆောင်များက ယင်းသို့ သဘောတူညီမှုရရှိခြင်းကို ကန့်ကွက်လျက်ရှိကြသည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် အီရန်နိုင်ငံအပေါ် မူဝါဒပြောင်းလဲရန် လိုလားသော်လည်း အမေရိကန်အမတ်အချို့က ယင်းနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုများ ပြုလုပ်ရန်လည်း ခြိမ်းခြောက်ထားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ကာလရှည် သဘောတူညီချက်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းရန် လိုအပ်ကြောင်း ပြင်သစ်နိုင်ငံ ပါရီမြို့သို့ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားသည်။ ကယ်ရီသည် ဆီးရီးယားပြည်တွင်းစစ်နှင့်ပတ်သက်၍ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်ရန် ပါရီသို့ ရောက်ရှိနေသည်။

ရိုက်တာ။

အီရန်နိုင်ငံ အာရက်မြို့ရှိ ရေလေးဓာတ်ပေါင်းဖိုစက်ရုံကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ရေလွှမ်းမိုး ၁၃ဦးထက်မနည်းသေဆုံး

ဒါဗာအိုစီးတီး ဇန်နဝါရီ ၁၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ဒေသများတွင် ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၁၃ဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးဌာန၏ပြောကြားချက်ကို ဇန်နဝါရီ ၁၄ရက်သတင်းတွင် ဖော်ပြသည်။

ဒါဗာအိုအော်ရီရင်တယ်ပြည်နယ် ကွမ်ပိုစတယ်လာဗယ်လီဒေသရှိ သတ္တုတွင်းလုပ်ငန်းများရှိရာနေရာတွင် မြေပြိုမှုများဖြစ်ပွားသဖြင့် ၁၁ ဦး သေဆုံးကြောင်း မြို့ပြကာကွယ်ရေးဌာနအကြီးအကဲက ပြောကြားသည်။

အက်ဂူဘန်ဒယ်လ်ဆာပြည်နယ်ရှိ ဘာယုဂန်မြို့တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်သဖြင့် နှစ်ဦးသေဆုံးကြောင်း၊ မြေပြိုမှုများ၊ ရေလွှမ်းမိုးမှုများကြောင့် လူ ၁၀ ဦး ဒဏ်ရာရရှိပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ဒေသခံ ပြည်သူ ၁၂၀၀၀ ကို ပြောင်းရွှေ့နေထိုင်စေလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

တောင်ဆူဒန်၌ မော်တော်ဘုတ်နစ်မြုပ် လူ ၂၀၀ ထက်မနည်းသေဆုံး

ခါတွန် ဇန်နဝါရီ ၁၄

တောင်ဆူဒန်နိုင်ငံ၌ စစ်ပြေးဒုက္ခသည်များ လိုက်ပါလာသော မော်တော်ဘုတ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားရာ အရပ်သား ၂၀၀ ကျော် သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်ဆူဒန်နိုင်ငံ မာလာကာမြို့၌ တိုက်ပွဲများပြင်းထန်လာခြင်းကြောင့် စစ်ဘေးလွတ်ရာသို့ ထွက်ပြေးခိုလှုံလိုသော အရပ်သူ အရပ်သားများ လိုက်ပါလာသည့် ကူးတို့ရေယာဉ်တစ်စင်းသည် ဝှိုက်နိုင်းမြစ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကြည်းတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံရှိ မာလာကာမြို့နှင့် ဘိုးမြို့တို့၌ တိုက်ပွဲများပြင်းထန်လျက်ရှိကြောင်း၊ အစိုးရတပ်ဖွဲ့များက သူပုန်တို့ ထိန်းချုပ်ထားသောမြို့များကို ပြန်လည်သိမ်းပိုက်နိုင်ရန် ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ပီတီအိုင်။

ဖိလစ်ပိုင်၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရေး နော်ဝေနိုင်ငံက အကူအညီပေးမည်ဟုဆို

မနီလာ ဇန်နဝါရီ ၁၄

ဖိလစ်ပိုင်အစိုးရအဖွဲ့နှင့် ကွန်မြူနစ်သူပုန်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်စေရန် နော်ဝေနိုင်ငံက အကူအညီများပေးသွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနို၏အစိုးရအဖွဲ့နှင့် ကွန်မြူနစ်သူပုန်အဖွဲ့အကြားကျင်းပသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှာ ၂၀၁၁ ခုနှစ်မှစ၍ ရပ်ဆိုင်းနေခဲ့ရသည်။ ထောင်ဒဏ်ကျခံနေရသော သူပုန်ခေါင်းဆောင်အချို့ကို ပြန်လည်လွှတ်ပေးနိုင်ရေးကိစ္စနှင့်ပတ်သက်၍ သဘောတူညီမှုများမရသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရပ်ဆိုင်းနေခဲ့ရခြင်းဖြစ်သည်။

နော်ဝေနိုင်ငံသည် ၂၀၀၄ ခုနှစ်မှစ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနိုင်စေရန် အကူအညီ စတင်ပေးအပ်ခဲ့သည်။ သို့ရာတွင် ယခင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုးတက်မှုမရရှိဘဲ အာရှတိုက်၏ အချိန်ကာလအကြာဆုံး သူပုန်ထမှုပြဿနာကို အဆုံးသတ်နိုင်ခြင်းမရှိခဲ့ပေ။ နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဘော့ဂ်ဘရန်းသည် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘတ်ဒဲလ်ရိုဆာရီယိုနှင့် မကြာသေးမီကတွေ့ဆုံကာ ပြည်တွင်းစစ်ပြီးဆုံးရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရန် ဆွေးနွေးခဲ့သည်။ **ပီတီအိုင်။**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဒါဗာအိုမြို့၌ ကြည်းတပ်တပ်ဖွဲ့များကို တွေ့ရစဉ်။

ဖွံ့ဖြိုးတိုးတက်လာသည့် မိတ္ထီလာမြို့က ရှမ်းတဲကျေးရွာ

မိတ္ထီလာ ဇန်နဝါရီ ၁၄

လွန်ခဲ့သောနှစ်များဆီက မိတ္ထီလာမြို့ရှမ်းတဲကျေးရွာ၏ နှစ်ဖာလုံခန့်ရှည်လျားသော ရွာအဝင်လမ်းသည် ချိုင့်ခွက်ချိုင့်ဝှမ်းငယ်များဖြင့် မပြေမပြစ်မချောမွေ့ဖြစ်နေခဲ့သည်။ ကျေးရွာအတွင်း လူနေအိမ်အများစုသည်လည်း ထရံကာ ဝါးကတ်မိုး၊ ထရံကာသက်ငယ်မိုးအများစုဖြစ်သည်ကို တွေ့မြင်ခဲ့သည်။ ထန်းပင်၊ ထန်းတဲပေါများသည့် ရှမ်းတဲကျေးရွာအသွင်ဖြစ်သာ ကျေးရွာသို့ မကြာခဏလုပ်ငန်းတာဝန်ဖြင့် သွားရောက်ရသည့် စာရေးသူသတိထားမိသည်။ ယနေ့အချိန်တွင်မူ ရှမ်းတဲကျေးရွာသည် များစွာပြောင်းလဲတိုးတက်နေပြီဖြစ်သည်။

မိတ္ထီလာမြို့ မြောက်ဘက်အထွက်လမ်းဖြစ်သည့် မန္တလေးမြို့ဆီသွားရာ ရန်ကုန်-မန္တလေးကားလမ်းညာဘက်ဘေးတွင် ရှမ်းတဲစံပြကျေးရွာမှ ကြိုဆိုပါ၏ စာတန်းကို ပုံဖော်ထားသည်။ ဆိုင်းဘုတ်၏အနီးတွင် ကျေးရွာကျန်းမာရေးဌာနကို တွေ့ရသည်။ ရှမ်းတဲကျေးရွာသည် စံပြကျေးရွာဖြစ်သည်နှင့်အညီ ကျေးရွာလုံးကျွတ်ယင်လုံအိမ်သာ သုံးစွဲနေကြသည်။

ကျေးရွာလုံးကျွတ်မီးလင်းရေးလုပ်ငန်းအတွက် ကျပ်သိန်း၈၀၀မျှ အကုန်အကျခံကာ ကျေးရွာကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သဖြင့် ရွာရှိအိမ်ခြေ ၂၀၀ကျော်တွင် လျှပ်စစ်မီတာဘောက်များဖြင့် လျှပ်စစ်မီးလင်းနေပြီဖြစ်သည်။

ရွာ၏အလယ်သို့အရောက်တွင် ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးဖြန့်ဖြူးပေးနေသည့် ထရန်စဖော်မာအား လုံခြုံဘေးကင်းစွာ တည်ဆောက်ထားသည်ကို တွေ့ရပြီး ၎င်းမြောက်ဘက်တွင် ကျေးရွာနေဒေသခံပြည်သူများ စာပေဗဟုသုတရှာဖွေလေ့လာဖတ်ရှုနိုင်သည့် ကျေးရွာစာကြည့်တိုက်မှာလည်း သွပ်မိုး၊ အုတ်ကာ၊ အဆောက်အအုံဖြင့် ဥပမိရုပ်ကောင်းမွန်စွာ တည်ဆောက်ဖွင့်လှစ်ပေးထားသည်။

အိမ်ထောင်စု ၃၁၂ စု၊ လူဦးရေ ၁၇၀၀ခန့်နေထိုင်သည့် ရှမ်းတဲကျေးရွာရှိ လူနေအိမ်များသည်လည်း တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ အိမ်ထောင်စုအားလုံးနီးပါး ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုများပိုင်ဆိုင်ကာ ခေတ်မီအသုံးအဆောင်များကို ကိုင်တွယ်အသုံးပြုနေပြီဖြစ်ပြီး သတင်းစာ၊ ဂျာနယ်များ ဖတ်ရှုကာ နောက်ဆုံးရပြည်တွင်းပြည်ပသတင်းများကို မျက်ခြည်မပြတ်လေ့လာကြည့်ရှုနေလျက်ရှိသည်။ ရှမ်းတဲကျေးရွာနေ ကျောင်းသားလူငယ်များ တက်ရောက် ပညာသင်ကြားနိုင်သည့် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် ရှမ်းတဲကျေးရွာအနောက်ဘက် ညောင်ကန်ကျေးရွာအနီးတွင်လည်း အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ရှမ်းတဲ)ကို ဖွင့်လှစ်ထားရှိသည့်အတွက် ပညာသင်ယူရေးတွင်လည်း ကျောင်းနှင့်ရွာ၊ ရွာနှင့်ကျောင်း အလှမ်းမဝေး တည်ရှိနေသည်။

ရှမ်းတဲကျေးရွာနေထိုင်သူအများစုသည် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းဖြင့် ရိုးသားကြိုးစားစွာ အသက်မွေးဝမ်းကျောင်းပြုကြပြီး လယ်ယာလုပ်ငန်းကို မိတ္ထီလာကန်ရေသောက်အဖြစ် လုပ်ကိုင်ခဲ့ကြသည်။ ယခုနောက်ပိုင်းတွင် မိုးလေဝသအခြေအနေကြောင့် စိုက်ပျိုးရေအတွက် မိတ္ထီလာကန်ရေရရှိရန်ခက်ခဲလာသဖြင့် လယ်ယာကွက်များအနီးတွင် စက်ရေတွင်း၊ အဝီစိတွင်းများတူးဖော်ကာ ရရှိသည့် ရေဖြင့် ကျေးလက်ဒေသများ စိုက်ပျိုးရေရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်နိုင်ရန် ချေးငွေများထုတ်ချေးပေးခဲ့ရာ ရှမ်းတဲကျေးရွာမှ တောင်သူ ငါးဦးမှာ တစ်ဦးလျှင် ကျပ် ၆ သိန်းရရှိခဲ့ပြီး ၄ လက်မ အဝီစိစက်ရေတွင်း ငါးတွင်း တူးဖော်နိုင်ခဲ့သဖြင့် ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာအကျိုးပြုခဲ့သည်။

ရန်ကုန်-မန္တလေးကားလမ်းအနီး မိတ္ထီလာမြို့အဝင်လမ်းတွင် တည်ရှိသည့်ရှမ်းတဲကျေးရွာသည် စံပြကျေးရွာတစ်ရွာဖြစ်လာသည်နှင့်အညီ ကျေးလက်ကျန်းမာရေးဌာန၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ လမ်း၊ လျှပ်စစ်မီးစသည်တို့တွင် တိုးတက်ဖွံ့ဖြိုးလာပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း နှမ်းစပါး၊ မိုးစပါး၊ ကြက်သွန်၊ ငရုတ်စသည့် သီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သည့် ကျေးရွာတစ်ရွာဖြစ်လာကြောင်း တင်ပြလိုက်ပါသည်။

ချမ်းသာ(မိတ္ထီလာ)

ပညာရေးစုံညီပွဲတော် ညောင်တုန်း၌ ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၁၄

ညောင်တုန်းမြို့နယ်အတွင်း ကျောင်းပေါင်းစုံ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက်က အထက(၁) လှိုင်ပညာခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့တွင် အားကစား၊ စာစီစာကုံး၊ ကျပန်း၊ ပုံပြော၊ ကဗျာ၊ ပန်းချီနှင့် ဆိုကရေးတီးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းများမှ ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထက(၁) ကျောင်းသားကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲပျော် သီချင်းဖြင့်လည်းကောင်း၊ အထက(၂) ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်တေးသီချင်းဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

စစ်ရေးပြနှင့် ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ မြိတ်မြို့၌ကျင်းပ

မြိတ် ဇန်နဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းပေါင်းစုံ ကျောင်းကြက်ခြေနီအသင်းများ စစ်ရေးပြ/ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီက မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်လက်ထောက်ပညာရေးမှူးဦးလှမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက အရေးပေါ်လူနာတစ်ဦးအား ဆောင်ရွက်ပေးရမည့် ရှေးဦးပြုစုခြင်း စစ်ရေးပြကို လက်တွေ့သရုပ်ပြသသည်။ ထို့နောက် မြိတ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း/ အလယ်တန်းကျောင်းများမှ ပြိုင်ပွဲဝင် အသင်း ၄၂ သင်း၊ ကျောင်းပေါင်းစုံ ကျောင်းကြက်ခြေနီအသင်းဝင် ကျောင်းသား၊ ကျောင်းသူ ၅၀၄ ဦးတို့က စစ်ရေးပြနှင့်ရှေးဦးပြုစုခြင်းစွမ်းရည်တို့ကို အလှည့်ကျယှဉ်ပြိုင်ခဲ့ကြသည်။

မိုးဟိန်း(မြိတ်)

အစိုးရကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ (ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	3 KW TV Transmitter (Dual Cast)	1 Set
(ခ)	Rail Camera (Studio Type)	1 Set
(ဂ)	News Room Computer System	1Lot
(ဃ)	Broadcasting Equipment	1Lot
(င)	Air Condition System	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၁-၂၀၁၄ ရက်မှ ၂၄-၁-၂၀၁၄ ရက် နေ့ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

-အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၂၅၆)ကို ၄-၂-၂၀၁၄ရက်နှင့်
-စနေ/တနင်္ဂနွေအထူးသင်တန်းကို ၁-၂-၂၀၁၄ ရက်တွင် ဖွင့်ပါမည်။
-အင်ဂျင်/ဂဟေ၊ တွင်ခုံ ဖောက်ခုံ၊ သင်တန်းကို ၁၀-၂-၂၀၁၄ ရက်တွင် ဖွင့်လှစ်ပါမည်။
-သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
-သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
-လမ်းညွှန် (၁) အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေစည်သည်(၁)ဂိတ်ဆုံး
(၂) မဟာဗန္ဓုလတံတား၊ Ocean Center အနီး ၃၄၊ ၃၅၊ ၅၇ သံလျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။
ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-164(2013-2014)	7" Liner Hanger and Accessories	(2) Sets	US$
(၂)	IFB-165(2013-2014)	Ariel Compressor JGK-4 with Waukesha L-7042 GSI Spares	(14) Items	US$
(၃)	IFB-166(2013-2014)	Ariel Compressor JGE-2 with Waukesha F-2895 GSI Spares	(23) Items	US$
(၄)	IFB-167(2013-2014)	Ariel Compressor JGK-4 with Waukesha P-9390 GL Spares	(11) Items	US$
(၅)	IFB-168(2013-2014)	Cooper MH64 with Waukesha P-9390 GL Spares	(20) Items	US$
(၆)	IFB-169(2013-2014)	Cooper MH64 with Waukesha 12 VAT 27 GL Spares	(27) Items	US$
(၇)	IFB-170(2013-2014)	AJAX DPC 600 Engine Spares	(16) Items	US$
(၈)	IFB-171(2013-2014)	H 2475 G Waukesha Engine Spares	(22) Items	US$
(၉)	IFB-172(2013-2014)	NKK/Kobelco Compressor KJB-2 & KB-2 Spares	(24) Items	US$
(၁၀)	IFB-173(2013-2014)	Spares for Hydraulic Mobile Grove Crane	(1) Item	US$
(၁၁)	IFB-174(2013-2014)	Geological Survey Instrument	(1) Item	US$
(၁၂)	IFB-175(2013-2014)	Industrial Chamber Oven and Core Plug Drilling Machine for Applied Research Center	(2) Items	US$
(၁၃)	DMP/L-051(2013-2014)	Mechanical Spares for ZJ 70L SRI & II	(1) Lot	Ks
(၁၄)	DMP/L-052(2013-2014)	3.25 MM, 4.0 MM & 5.0 MM Welding Electrode	(3) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၀-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကော့သောင်းမြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

ကော့သောင်း ဇန်နဝါရီ ၁၄

ကော့သောင်းမြို့ ကမ်းနားလမ်းသည် ရောင်းဝယ်ဖောက်ကားသူများ၊ ဆိုင်ကယ်များနှင့် မော်တော်ယာဉ်သွားလာမှုများပြားသဖြင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ သွားလာရာတွင် ကြန့်ကြာခြင်းများဖြစ်ပေါ်လေ့ရှိသဖြင့် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အများပြည်သူ အဆင်ပြေလွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး ရည်ရွယ်၍ ဇန်နဝါရီ ၁၀ ရက်က ကမ်းနားလမ်း အရှည် ပေ ၈၀၀ တစ်လျှောက် မူလလမ်းအကျယ်မှ ထပ်မံ၍ ၇ ပေ အကျယ်ဒု ၈ ဒသမ ၅လက်မ တိုးချဲ့ကျောက်သားခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ မြို့နယ်စည်ပင်သာယာရေးခွင့်ပြုရန်ပုံငွေ ကျပ် ၆၃ သိန်း အကုန်အကျခံ ဆောင်ရွက်သည်။

ထိုသို့တိုးချဲ့ဆောင်ရွက်ပေးသဖြင့် လမ်းမှာ မူလလမ်းထက် ပိုမိုကျယ်ဝန်းလာ၍ လမ်းသွားလမ်းလာများ၊ မော်တော်ဆိုင်ကယ်နှင့် ဘေးတွဲယာဉ်များ၊ မော်တော်ယာဉ်များ လမ်းဘေးတွင် ရပ်နားဂိတ်ထိုးရန်နှင့် ခရီးသည်များ ကုန်ပစ္စည်းများ အတင်အချပြုလုပ်ရာတွင် လွယ်ကူရှင်းလင်းသွားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းကျဆင်းလာပြီး မြို့နေပြည်သူများအတွက် အဆင်ပြေလျက်ရှိသည်။

ကျော်စိုး(ကော့သောင်း)

မိုးစပါးမနောသုခမျိုးသန့်ပွားဧက ၅၀ စိုက်ကွက်ရိတ်သိမ်း

စဉ့်ကူး ဇန်နဝါရီ ၁၄

တောင်သူများမျိုးသန့်သုံးစွဲနိုင်ရေး၊ အလေအလွင့်နည်းပါးစေရေး၊ တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း၊ တောင်သူများ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးတို့ကို ရည်ရွယ်၍ မိုးစပါးမနောသုခ မျိုးသန့်ပွားဧက ၅၀ စိုက်ကွက် ရိတ်သိမ်းခြင်းကို ဇန်နဝါရီ ၉ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် တောင်သူဒေါ်သူဇာဝင်း ကွင်းအမှတ်(၁၁)၊ ဦးပိုင်အမှတ်(၄)၊ စဉ့်ကူးအရှေ့ကွင်း၊ မနောသုခမျိုးသန့်ပွားစိုက်ကွက်ဧက ၅၀ တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ ပြင်ဦးလွင်ခရိုင် မျိုးစေ့တာဝန်ခံဦးစီးအရာရှိ ဒေါ်မြင့်မြင့်မူ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးကျော်ကျော်ညွန့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ တောင်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါ မိုးစပါးမနောသုခ မျိုးသန့်ပွားဧက ၅၀ စိုက်ကွက်ရိတ်သိမ်းရာတွင် တစ်ဧက ၉၈ တင်း ထွက်ရှိကြောင်း သိရသည်။

ဇော်ထိုက်(ပြင်ဦးလွင်)

မီးသတ်တပ်ဖွဲ့ဝင်များ ပြင်ဆင်လေ့ကျင့်မှုများလိုအပ်

ဒလ ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်နေပြည်သူများ အနေဖြင့် နွေရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် အရန်မီးသတ်မီးကင်းများမှ မီးကင်းသံချောင်းခေါက်သံများ ကြားလိုလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက် အရန်မီးသတ်ဆီမှာ ရပ်ကွက်က စုပေါင်းပြီး အပေါ့စားမီးသတ်စက်လှူထားတယ်။ တပ်ဖွဲ့ဝင်တွေကို လက်တွေ့မီးငြိမ်းသတ်နည်းတွေ သင်ပေးစေချင်တယ်။ ဒါပေမယ့် ဘာမှ ပြင်ဆင်လေ့ကျင့်တာတွေမရှိဘူး၊ ကြာတော့ အဲဒီမီးသတ်စက်တွေပါ ပျောက်မှာစိုးရတယ်"ဟု ကမာကသွယ်ရပ်ကွက်မှ ဦးတင်ကပြောသည်။

ဒလမြို့နယ်ရှိ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့များတွင် အပေါ့စား မီးငြိမ်းသတ်စက်များရှိကြသော်လည်း ပြင်ဆင်လေ့ကျင့်သုံးစွဲမှုများမရှိခြင်း၊ မီးကင်းစောင့်မှုများ မရှိခြင်းထို့ကြောင့် မြို့နယ်နေပြည်သူများက အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးကင်းစောင့်သံချောင်းခေါက်သံများအား ကြားလိုလျက်ရှိကြောင်း သိရသည်။

(ဝ၄၁)

လယ်ယာမြေဥပဒေရေးရာ ပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

သထုံ ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်(AFFM)မှ သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားများ၏လယ်ယာမြေသိမ်းဆည်းခံရမှု၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုတို့အတွက် ဥပဒေရေးရာပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲက သထုံမြို့ ထောင်မှူးကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာရှိ ဦးငြိမ်း၏နေအိမ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	FUJIFILM Thermal Printer ASK-4000 with standard accessories, FUJIFILM Thermal Photos Paper with Ink Ribbon(8-inches) ၄စုံအပါ	1Nos
၂။	EPSON L-800 Colour Printer, 8" × 12" Size, 13 Sec Per 4R အမြန်နှုန်း၊ ပုံအရည်အသွေး 5760 × 1440 dpi, အသုံးပြုရမည့်မင် T 6731 to T 6736 Inks Bottle Series (6 Colour)	2 Nos

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို ၉-၁-၂၀၁၄ရက်မှ ၂၃-၁-၂၀၁၄ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး ကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

အမွေပြတ်စွန့်လွှတ်ကြောင်း

၁၅၅၇ ညောင်တပင်လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးအောင်သာခိုင်-ဒေါ်သင်းသင်းမော်တို့၏သား မောင်အောင်ကိုကိုကျော်သည် မိခင်ဖြစ်သူအား အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲသောကရောက်အောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၉-၁-၂၀၁၄ရက်မှ စ၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ ၎င်းနှင့်ပက်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်သင်းသင်းမော်
[၁၂/အစန(နိုင်) ၂၀၀၀၉၅]
၁၅၅၇၊ ညောင်တပင်လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန စက်ရုံမြေနေရာများတွင် CMP လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိပါသည်။

၂။ အထက်ပါနေရာတွင် ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော မည်သည့် CMP လုပ်ငန်းမဆို (Any CMP) လုပ်ကိုင်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အောက်ပါနေရာများတွင် အဆိုပြုလွှာများတောင်းခံ၍ ပုံစံများရေးသွင်းပြီး စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်သို့ ၃၁-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအရောက် ပေးပို့လျှောက်ထားနိုင်ပါသည်။

(က) အဆိုပြုလွှာ ရောင်းချမည့်နေရာ

(၁) ရန်ကုန် - အထည်အလိပ် လုပ်ငန်းရုံးခွဲ၊
(ယခင်အထည်ချုပ်စက်ရုံ အမှတ်-၂၇)၊
အမှတ်(၁)၊ သုခဝတီလမ်း၊ (၆) ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(၂) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုသည်များနှင့် CMP လုပ်ငန်းများမဟုတ်သော အခြားစက်မှုလုပ်ငန်းများ လုပ်ကိုင်လိုသူများရှိပါက အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းဆွေးနွေးနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ
ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေးဌာန)၊ အထည်အလိပ်လုပ်ငန်း
ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၁၃၆၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၃၃၈
ရန်ကုန် ဖုန်း -၀၁- ၅၅၄၁၇၇၊ ၀၁-၅၄၄၁၂၁၊

Seven စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား ? Seven စံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။ **ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၁၇၁၅၂၄၇၊ ၀၉-၇၃၁၁၉၀၉၉**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၁-၂၀၁၄ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၄-၁-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

MINI BUS (Super County)
(Long Body) 25~29 ယောက်စီးများ
ရောင်းရန် ရှိသည်။
Call: 09-5311173

ချောင်းဦး ဇန်နဝါရီ ၁၄

သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်း အခမဲ့သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏လမ်းညွှန်မှုဖြင့် ချောင်းဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်း သင်တန်းကို ဇန်နဝါရီ ၉ ရက်နံနက် ၁၀နာရီက ချောင်းဦးမြို့နယ် ခင်မွန်စံပြကျေးရွာကျေးလက်ဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကားပြောကြားပြီး မုံရွာမြို့ အထက်တန်းရက်ကန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်က သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြ ဒေါ်လှလှခက်က သစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံ ထုတ်လုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချကြောင်း သိရသည်။

ယခုကဲ့သို့ သင်တန်းတက်ရောက်ရခြင်းနှင့်ပတ်သက်၍ သင်တန်းသူ မအိအိစိုးက ယခုလို သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းသင်တန်းကို အခမဲ့သင်ယူခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းသာပါကြောင်း ဒီသင်တန်းကနေ သင်ပေးလိုက်တဲ့ပညာနဲ့ မိမိရဲ့ဝါသနာပါမှုအပေါ် အခြေခံပြီး စီးပွားဖြစ်တစ်ပိုင်တစ်နိုင် လုပ်ငန်းလုပ်ကိုင်နိုင်တဲ့ အခွင့်အရေးရရှိနိုင်သလို၊ မိမိရဲ့မိဘဆွေမျိုးများကိုလည်း သဘာဝသစ်သီးဖျော်ရည်များ တိုက်ကျွေးပြီး ကျန်းမာရေးကောင်းမွန်အောင် စောင့်ရှောက်နိုင်တာကြောင့် သင်တန်းဖွင့်လှစ်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

(ချောင်းဦးပြန်/ဆက်)

သန်လျင်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မောင်းနှင်ခြင်းရှိ၊ မရှိ တာဝန်ရှိသူများမှ စစ်ဆေးနေစဉ်။

(ရွှေသန်လျင်)

(၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံမြေနေရာအတွက် ကျပ်သိန်း ၁၀၀ လှူဒါန်း

ဖြူး ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် (၁၆)ခုတင်ဆံ့တိုင်းရင်းဆေးရုံမြေနေရာ ၄ ဧကအတွက် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ရက် မွန်းတည့် ၁၂နာရီက ဖြူးမြို့ စည်ပင်သာယာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်က ကျေးဇူးတင်အမှာစကားပြောကြားပြီး အလှူရှင် ASIA EXPRESS CO., LTD. ဥက္ကဋ္ဌ၊ ရန်ကုန်မြို့ ဖြူးမြို့နယ်အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးမောင်မောင်က (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံမြေနေရာ ၄ ဧကအတွက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အလှူငွေကျပ်သိန်းတစ်ရာကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးမောင်မောင်က မြို့နယ်တိုင်းရင်းဆေးရုံ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးတင့်အောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးတို့ထံ ပေးအပ်လှူဒါန်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်တိုင်းရင်းဆေးရုံဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးအင်းရှောက်တို့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဖြူး(မြင့်ဦး)

"ရန်သူငါးပါးထဲမှာ အင်မတန်ဆိုးဝါးလှတာ မညှာမတာ ဘယ်သူမှမထောက်ပါ သူခိုးဓားပြထက်ဆိုးတဲ့ ရန်သူဟာ ဤဇမ္ဗူတစ်ခွင်မှာ ရန်သူမီးကို သင်လည်းဂရုပြုပါ"ဆိုတဲ့ မီးသီးချင်းလေးကို ပွင့်လင်းရာသီရောက်သည်နှင့် နိုင်ငံကျော်အဆိုတော်ကြီး ဦးထွန်းရွှေ၏အသံကို တောရောမြို့ပါ ကြားနေရပါသည်။

ရန်သူမီးကို သင်လည်း ဂရုပြုပါ

ဤသို့မီးအားမကြုံရလေအောင် ကြိုတင်ကာကွယ်ရန် ဆိုလို့ကောင်း မှတ်လို့ကောင်းအောင် ကာရံလေးဖြင့်ရေးစပ်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး (၂၃)ချက်ကို လေ့လာသိရှိသည့်အတိုင်း ရေးသားတင်ပြလိုက်ပါသည်။

၁။ ***မီးအိမ်ပျက်စီး***- *မှန်အိမ်ပျက် မီးအိမ်ပျက်များကို မသုံးပါနဲ့။*

၂။ ***မီးခြစ်ရေန်***- *ရေနံဆီ ခါတ်ဆီအနီးမှာ မီးခြစ်ဆံ၊ မီးရှိသည့်ဆေးလိပ် မထားပါနဲ့။*

၃။ ***မီးမှန်လူစောင့်***- *ထမင်း၊ ဟင်းချက်ထားလျှင် လူစောင့်နေပါ။*

၄။ ***တစ်မှောင့်ကလေး***- *ဝမ်းလျားမှောက်ထိုးသွားတတ်သည့်ကလေးများအနီး၌ ထွန်းထားသော မီးခွက်များ၊ မှန်အိမ်များ မထားပါနဲ့။*

၅။ ***ငြိမ်းအေးခြစ်ဆံ***- *သုံးပြီး မီးခြစ်ဆံတို့ကို မီးငြိမ်းသတ်ပြီးမှ ပစ်ပါ။*

၆။ ***တိရစ္ဆာန်မီးခွက်***- *မည်သည့်တိရစ္ဆာန်များအနီး၌ မီးခွက်၊ မီးဖိုမထားရ။*

၇။ ***အိပ်လျက်ဆေးဖွာ***- *အိပ်ရာထဲ၌ အိပ်လျက်ဆေးလိပ်မသောက်ရ။*

၈။ ***တွေ့ရာမထွန်း***- *မီးလောင်လွယ်သည့်စက္ကူဘူး၊ ပလတ်စတစ်ဘူးများပေါ်၌ မီးမထွန်းရ။*

၉။ ***ရေသွန်းမီးဖို***- *ထမင်း၊ဟင်းချက်ပြီးပါက မီးကြွင်းမီးကျန်တို့အား ရေဖြင့် ငြိမ်းသက်ထားပါ။*

၁၀။ ***မီးကိုလိုက်ကာ***-*လိုက်ကာများအနီး၌ မီးမထွန်းရ။*

၁၁။ ***ရှင်းပါကြပ်ခိုး***-*ကြပ်ခိုးစင်အား မကြာခဏရှင်းပေးပါ။*

၁၂။ ***မီးခိုးမှိုင်းနံ***-*မီးခိုးထွက်ခြင်း၊မှိုင်းနံ့နံခြင်းကို စူးစမ်းရှာဖွေရမည်။*

၁၃။ ***ခြားကန့်သွပ်ပြား***-*ထရံနှင့် မီးဖိုအကြားတွင် သွပ်ပြားကာရံထားရမည်။*

၁၄။ ***ပြာများအမှိုက်***-*မီးဖိုမှမီးငြိမ်းပြီးပြာများကို အမှိုက်ပုံးတွင် စွန့်ပစ်ပါ။*

၁၅။ ***ခြံ၌ရှင်းထား***-*အိမ်တွင်းရှိ အမှိုက်များကို ရှင်းပေးထားပါ။*

၁၆။ ***မီးပွားလွင့်စင်***-*သောက်ပြီးဆေးလိပ်နှင့် မီးခြစ်များအား အရမ်းမဲ့ မီးမငြိမ်းဘဲ မလွှင့်ပစ်ပါနဲ့။*

၁၇။ ***စွန်းထင်ခါတ်ဆီ***-*အင်္ကျီအစွန်းအထင်းများကို ခါတ်ဆီဖြင့် မလျှော်ရ။*

၁၈။ ***အမဲဆီမကျို***- *အမဲဆီ၊ တိရစ္ဆာန်အဆီများကို မီးပြင်းထည့်ကာ မကျိုပါနှင့် အိုးထဲမီးထတောက်တက်၍ မကြိုရပါ။*

၁၉။ ***ဒန်တိုပြာထုတ်***- *ဆေးတံကိုသောက်ပြီး ပြာမထုတ် မီးမငြိမ်းဘဲ မထားပါနဲ့၊ ပြာထုတ် မီးငြိမ်းသတ်ပြီးမှ ထားပါ။*

၂၀။ ***ခလုတ်အပျက်***- *လျှပ်စစ်မီးခလုတ်အပျက်များကို အသုံးမပြုပါနှင့်။*

၂၁။ ***လျှပ်စစ်မီးလုံး***- *အားနှင့်မမျှသော မီးလုံး၊ မီးခေါင်းအပျက်များကို မသုံးပါနဲ့။*

၂၂။ ***မှန်ခုံနေရောင်***- *မှန်ဘီလူးကို မီးလောင်လွယ်သည့် ပစ္စည်းများနှင့် နေရောင်ခြည်ရသည့်နေရာများတွင် မထားရ။*

၂၃။ ***တောက်လောင်မီးပန်း***- *မီးအိုးမီးပန်းများကို အရမ်းမဲ့မထွန်း၊ မဖောက်ပါနဲ့။*

အမှန်မှာဤမျှသာ အချက်အလက်များကို သတိမူဆင်ခြင်ပါလျှင် အတော်အသင့်ကြိုတင် ကာကွယ်ရာရောက်ပါမည်။ ထို့ကြောင့်ကျွန်တော်တို့ တစ်ဦးချင်း ပေါ့ပေါ့ဆဆမပြုမိရန် သင်လည်းဂရုစိုက်ကြပါစို့ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သိဒ္ဓိမောင်ဒွေး

နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်
ပန်းချီပြပွဲ

Artist ၏ ပထမအကြိမ် တစ်ကိုယ်တော် [illegible]

- နေ့ရက် ၁၈-၁-၂၀၁၄ မှ ၂၂-၁-၂၀၁၄ ထိ
- အချိန် ၀၉ း ၀၀ မှ ၁၇ း ၀၀ ထိ
- နေရာ NEW IDEA ART GALLERY
  [illegible]
  ရန်ကုန်မြို့။
  Email; newidea artgallery@gmail.com

ပုသိမ်မြို့ ABM, BBM အထက(၃) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

ပုသိမ်မြို့ ABM, BBM အထက(၃)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် အထက(၃)ကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး အောက်ပါအစီအစဉ်အတိုင်း ပါဝင်ဆင်နွှဲကန်တော့နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၁၇-၁-၂၀၁၄ရက်	-	ကျောင်းသားဟောင်းများ၏ စကားဝိုင်း
	-	လက်ရှိကျောင်းသား/သူများ၏ ပျော်ပွဲရွှင်ပွဲ
	-	လက်ရှိကျောင်းသား/သူများအား စတုဒိသာကျွေးမွေးခြင်း
၁၈-၁-၂၀၁၄ရက်	-	ရန်ကုန်နှင့်နယ်မှ ဆရာကြီး/ဆရာမကြီးများ ရောက်ရှိ/ကြိုဆိုခြင်း
၁၉-၁-၂၀၁၄ရက်	-	မွန်းတည့်(၁၂း၀၀)နာရီ မြတ်ဆရာကန်တော့ပွဲကျင်းပခြင်း၊ ညနေ ၆ နာရီတွင် ဘူဖေးညစာနှင့် တေးဂီတဖျော်ဖြေခြင်း

ရန်ကုန်မြို့နှင့် နယ်မှလိုက်ပါမည့်ဆရာကြီး၊ ဆရာမကြီးများခင်ဗျာ. . .၊ ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၁၈ ရက် နံနက် ၇နာရီတွင် M-3 FOOD CENTER ဗဟန်းအားကစားဝင်း(တော်လှန်ရေးပန်းခြံရှေ့)တွင် နံနက်စာသုံးဆောင်ပြီး ကားများဖြင့် ပုသိမ်မြို့သို့ ထွက်ခွာမည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆရာကြီး၊ဆရာမကြီးများနှင့်အတူ ပုသိမ်မြို့သို့လိုက်ပါလိုသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများမှလည်း အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဆရာကန်တော့ပွဲကျင်းပရေးအဖွဲ့

ကိုသန်းမြင့်ဦး-၀၉-၅၀၁၂၃၀၈၊ ကိုစိုးနိုင်-၀၉-၅၄၀၂၂၂၀၊ ကိုအောင်ပိုင်- ၀၉-၄၅၀၀၀၅၃၃၅

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖိုလ်ဝင်းတောင်ရှိ နံရံဆေးရေးပန်းချီများကို သံကွန်ချာအုပ်၍ ထိန်းသိမ်းမည်

မုံရွာ ဇန်နဝါရီ ၁၄

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖိုလ်ဝင်းတောင်ဒေသရှိ ကျောက်လိုဏ်အတွင်း နံရံဆေးရေးပန်းချီများကို လာမည့် ဖေဖော်ဝါရီလအတွင်း ရေရှည်တည်တံ့ ခိုင်မြဲရန်အတွက် သံကွန်ချာများဖြင့်အုပ်၍ ထိန်းသိမ်းမှုများဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဖိုလ်ဝင်းတောင်ဒေသ လိုဏ်ဘုရားတစ်ဆူတွင် တာဝန်ကျသော ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

ထိန်းသိမ်းမှုပြုလုပ်မည့် နံရံဆေးရေးပန်းချီ၊ မင်စာများကို ဖိုလ်ဝင်းတောင်ရှိ သဘာဝဂူ၊ လူတို့က အတန်ငယ်ပြုပြင်ထားသောဂူနှင့် လူတို့ဖန်တီးထွင်းထုထားသောဂူဟူ၍ လိုဏ်ဂူသုံးမျိုး၏နံရံကို ပြေပြစ်အောင်ပြုလုပ်၍ နံရံပန်းချီများကို ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ နံရံမင်စာများတွင် ရုံဖန်ရုံခါ ဆေးရေးခြယ်၏ဟုလည်းကောင်း၊ ဆေးစုံရေးခြယ်၏ဟုလည်းကောင်း ဖော်ပြလေ့ရှိပြီး အစောဆုံးတွေ့ရသော နံရံဆေးရေးပန်းချီများကို မြင့်မိုရ်တောင်ဂူ၏အနောက်ဘက်ဂူတွင်ရှိပြီး ညောင်ရမ်းခေတ်နောက်ပိုင်း တနင်္ဂနွေမင်းလက်ထက်ခန့်ကဟု ခန့်မှန်းရကြောင်း သမိုင်းပညာရှင်တစ်ဦးထံမှ သိရသည်။ နံရံဆေးရေးရုပ်ပုံများကို ရေးဆွဲရာတွင် အောက်ခံမျဉ်းများကို ပထမရေးဆွဲလျက် ကောက်ကြောင်းဖြင့် ပုံဖော်ကာနောက်မှ ဆေးဖြည့်ရေးဆွဲခြင်းဖြစ်ကာ ဆေးရောင်ကို များသောအားဖြင့် နီညိုရောင်၊ အဖြူရောင်နှင့် အဝါရင့်ရောင် (သီတင်းရောင်)၊ အစိမ်းရင့်ရောင်တို့ကို သုံးစွဲထားသည်။ အပြာရင့်ရောင်နှင့် အစိမ်းနုရောင်တို့ကို ကုန်းဘောင်ခေတ် နောက်ပိုင်းတွင် ထည့်သွင်းအသုံးပြုလာကြောင်း၊ ညောင်ရမ်းခေတ်နောက်ပိုင်း ပန်းချီကားများကို ခြသေ့်လေးကောင်ဂူနှင့် ကွန်းစင်တိုင်မြောက်ဘက် ကပ်လျက်ဂူများတွင် တွေ့ရမည်ဖြစ်ကြောင်း သမိုင်းပညာရှင်တစ်ဦးထံမှ သိရသည်။ ကုန်းဘောင်ခေတ်ဦး(၁၇၅၂-၁၈၁၄)နံရံပန်းချီကားကိုမူ မိဖုရားဂူ၊ ဝက်ပါဂူ၊ နှစ်ကျိပ်ရှစ်ဆူဂူ၊ လျောင်းတော်မူဘုရားနှင့် ကျောက်စေတီနှစ်ဆူ အောက်ဂူတို့တွင်ရှိကြောင်း အင်္ဂလိပ်ခေတ်တွင် ရေးဆွဲသည့် အစောဆုံး နံရံဆေးရေးပန်းချီကို ဇိနမာန်အောင်ဘုရားလိုဏ်ဂူတွင် တွေ့နိုင်ကြောင်း သိရသည်။

ဖိုလ်ဝင်းတောင်ရှိ နံရံဆေးရေးပန်းချီများသည် များသောအားဖြင့် ဗုဒ္ဓအတ္ထုပ္ပတ္တိနှင့် ငါးရာ့ငါးဆယ်ဇာတ်များဖြစ်ကြသလို လောကီသားတို့၏ ဘဝဓလေ့ကိုဖော်ပြသောပုံများနှင့် ခေတ်ကြေးမုံကို သိရသောပုံများလည်း

ရေးဆွဲထားကြောင်း သိရသည်။ ဖိုလ်ဝင်းတောင်တွင် ရက်စွဲအတိအကျပါသော ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် စသော ခေတ်သုံးခေတ်၏ အနုပညာ၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာလက်ရာများနှင့် အနုပညာရှင်များ၏ ဆန်းကြယ်သော စိတ်ကူး၊ အံ့ဩဖွယ်အဆောက်အအုံ ပညာတို့သည် အများပြည်သူများအား စိတ်ဝင်စားဖွယ်ဖြစ်နေဆဲဖြစ်ရာ အဆိုပါ ရှေးဟောင်းလက်ရာများ ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ခမောက်ကြီးမြို့နယ်ခွဲ အထက၌ ဆုနှင်းသဘင်နှင့် ပညာရေးစုံညီပွဲတော် ကျင်းပ

ခမောက်ကြီး ဇန်နဝါရီ ၁၄

ခမောက်ကြီးမြို့နယ်ခွဲ အထကပညာရည်ချွန်ဆုနှင်းသဘင်နှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက အထကကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွင်း ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များ၊ တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ အသီးသီးပေးအပ်ကြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော်အား ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်များ၊ တေးဂီတဖျော်ဖြေမှု အစီအစဉ်များဖြင့် ကြွရောက်လာကြသည့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားမိဘများအား ကပြသီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စစ်ကိုင်း၌ ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များသိမ်းဆည်း

စစ်ကိုင်း ဇန်နဝါရီ ၁၄

စစ်ကိုင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ် ၁၈ ရပ်ကွက်သို့ ခေါင်းလောင်းတီးစနစ်ဖြင့် အလှည့်ကျ ဝန်ထမ်းများနှင့်အတူ အဖွဲ့ပိုင်ကားများဖြင့် အမှိုက်များ သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။ ပန်းဘဲတန်းရပ်ကွက်တွင် နေထိုင်သည့် ဦးဇော်မြင့်က "ခေတ်စနစ်တွေ ပြောင်းလဲလာသလို ရုံးဌာနတွေလည်း ပြောင်းလဲကုန်ပါပြီ။ အခုဆိုရင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အချက်အချာကျတဲ့နေရာတွေမှာ စည်းကမ်းတကျ အမှိုက်ပစ်နိုင်ဖို့အတွက် အမှိုက်ပုံးကြီးတွေထားပေးပြီး အချိန်မှန်မှန် အမှိုက်တွေကို သိမ်းဆည်းပေးတယ်၊ စစ်ကိုင်းမြို့ မြို့မဈေးကြီး၏ မြောက်ဘက် အမှိုက်ပုံးကြီးကိုလည်း အနီးပတ်ဝန်းကျင် နေထိုင်သူတွေ ကျန်းမာရေးထိခိုက်မှု မဖြစ်စေဖို့ ရှင်းလင်းပေးခဲ့ပြီး နေ့စဉ် ဈေးသူဈေးသားများ စည်းကမ်းတကျ အမှိုက်ပစ်နိုင်ရန် အဖွဲ့ပိုင်ကား တစ်စီးထားပေးပြီး အမှိုက်များ သိမ်းဆည်းပေးလျက်ရှိပါတယ်" ဟု ပြောပြသည်။ **(၅၃၁)**

တပ်ကုန်း အထက(၁)ပညာသင်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အထက(၁) ပညာရေးပဒေသာပင်ကြီးကြပ်မှုကော်မတီ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အထက(၁)အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအေးလူက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုဝင်းက ပညာရေးအခြေအနေကိုတင်ပြပြီး ကော်မတီအတွင်းရေးမှူးဦးမြင့်ဦးက ပညာသင်ထောက်ပံ့ကြေးပေးအပ်မှု အခြေအနေကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှစ်အလိုက်ထောက်ပံ့ကြေးငွေများကို ပေးအပ်ရာ ၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ သုံးဦး၊ ဒုတိယနှစ်ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ တတိယနှစ် ကျောင်းသား ကျောင်းသူ ၁၂ ဦး၊ ပဉ္စမနှစ်နည်းပညာတက္ကသိုလ်ကျောင်းသူတစ်ဦးစုစုပေါင်း ၂၂ ဦးအတွက် တစ်နှစ်တာထောက်ပံ့ငွေကျပ် ၉၂ သိန်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ ကျောင်းအကျိုးတော်ဆောင် ဦးတင်ဝင်းတိုးနှင့် ဦးကျော်မြင့်အုန်းတို့က ကျောင်းသားကျောင်းသူ တစ်ဦးချင်းစီသို့ ပေးအပ်ချီးမြှင့်သည်။

(၀၉၂)

စီးပွားရေးကြော်ငြာ



ရောင်းမည်

(က) ၅၂-လမ်း၊ မြေညီ-၂ လွှာ
(ခ) ယုဇနပလာဇာမြေညီထပ်၊
မျက်နှာစာတန်းဆိုင်ခန်း
Ph: 09-5137237, 09-5077444, 09-8634077

YWCA

စက်ချုပ်သင်တန်း
အမျိုးသမီးဝတ်အင်္ကျီနှင့်စကတ်ထမီ

နေ့ရက်	- ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ(၃-၂၈)တစ်လသင်တန်း

ရှပ်အင်္ကျီ

နေ့ရက်	- ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၃-၁၄) တစ်လသင်တန်း
စာရင်းပိတ်မည့်နေ့	- ၃၁-၁-၂၀၁၄ရက်
အချိန်	- နံနက် ၉း၀၀-၁၂း၀၀နာရီထိ။
နေရာ	- ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်။
စုံစမ်းရန်ဖုန်း-	- ၀၁-၂၅၆၉၉၀၊ ၀၁-၂၄၅၆၈၀(လူဦးရေကန့်သတ်ထားပါသည်)
မှတ်ချက်	- လစဉ်လတိုင်းဖွင့်လှစ်သွားပါမည်။



မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့် ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129, 09-250388594, 09-428016552, 09-425289819**
- **E-mail:kyonedoe@gmail.com**

ပထမနှစ်ကျောင်းသား ကျောင်းသူများ ကျောင်းသုံးပစ္စည်းများလှူဒါန်း

မန္တလေး ဇန်နဝါရီ ၁၄

မန္တလေးမြို့ ရတနာပုံတက္ကသိုလ်တွင် ပညာသင်ကြားနေသော ဥပဒေဘာသာနှင့် အခြားဘာသာပထမနှစ် ကျောင်းသားကျောင်းသူ ၃၀ ဖြင့် သုခမေတ္တာပရဟိတ လူမှုရေးအသင်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လမှ စတင် အခြေတည်ဖွဲ့စည်းခဲ့ပြီး မိဘမေတ္တာနှင့် ဝေးကွာနေသော ကလေးများနှင့် ကျောင်းနေရန်ခက်ခဲသောကလေးများ အတွက်ရည်ရွယ်ကာ မိမိတို့၏ကျောင်းမုန့်ဖိုးများ စုဆောင်း ထည့်ဝင်ခဲ့ကြသည်။

ထိုသို့ ထည့်ဝင်စုဆောင်းရရှိသောငွေဖြင့် မုံရွာမြို့နယ် မုံရွေးအုပ်စု ရတနာမာန်အောင်ကျောင်းတိုက် (အောက်ကျောင်း) ဘုန်းတော်ကြီးသင်မူလတန်းကျောင်းသို့ ဇန်နဝါရီ ၁၁ ရက်က သွားရောက်ကာ ဆရာတော်သံဃာတော်များအား ဆွမ်း၊ ဆေး၊ သင်္ကန်းဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား နေ့လယ်စာထမင်းနှင့် ပေါင်မုန့်ကျွေးမွေးကာ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသည့် ငွေကျပ် ၅၅၀၀၀၀ ခန့်တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ်များ၊ ဂျာနယ်များကို ကျောင်းတိုက် ဆရာတော် ဉူးဉာဏ်နောဘာသထံ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းတွင် စောင့်ရှောက်ထားသော မိဘမဲ့ကလေးများနှင့် မိုးကောင်း၊ ကံမ၊ နွားထိမ်း၊ ရှစ်ဆယ်၊ ရွာသစ်၊ အေးစိမ့်နန္ဒာ၊ ရွာသာ အေးစသည့်ရွာများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ပညာသင်ကြားလျက်ရှိ ကြောင်း သိရသည်။

ကျော်ဇင်(မုံရွာ)

ဇောတိကစာကြည့်တိုက် ဖွင့်ပွဲအကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

သနပ်ပင် ဇန်နဝါရီ ၁၄

သနပ်ပင်မြို့နယ် မင်းရွာဈေးရှေ့ပိုင်းတွင် ဆောက်လုပ်ပြီးစီးသွားသော ဇောတိကစာကြည့်တိုက် ဖွင့်ပွဲအကြို စာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက ဇောတိက စာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ စတုတ္ထတန်းမှ ဒသမတန်းထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၂ ဦး ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ဆရာ ဆရာမ ၁၈ ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က အနီးကပ်ကြီးကြပ်ပေးကြပြီး စတုတ္ထတန်းနှင့် ပဥ္စမတန်းအတွက် "သန့်ရှင်းသာယာ တို့ရပ်ကွက်ပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆဋ္ဌမတန်းနှင့် သတ္တမတန်းတို့အတွက် "စည်ပင်သာယာတို့ကျေးရွာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းတို့အတွက် "နေချင်စဖွယ် တို့မြို့နယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဖြေဆိုရန် သတ်မှတ်ပေးထားပြီး ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူများနှင့် ကြွရောက်လာသော ဧည့်သည်တော်များအား အလှူရှင် ဦးစိုးဝင်း-ဒေါ်သန်းငွေးမိသားစုတို့က နံနက်စာ၊ နေ့လယ်စာများဖြင့် လှူဒါန်းကျွေးမွေးခဲ့ကြောင်းနှင့် ဆုရကျောင်းသား ကျောင်းသူများအား ဇောတိက စာကြည့်တိုက်ဖွင့်ပွဲနေ့တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ရဲထွဋ်(မင်းရွာ)

ဖတ်စရာမှတ်စရာ

မျှဝေပီတိ

သက်ကြီးပိုင်းကိုရောက်လာကတည်းက ကျွန်မ အပြင်သိပ်မထွက်ဖြစ်တော့ပါဘူး။ အထူးသဖြင့် လိုင်းကားစီးရမှာ ကြောက်နေတာပါ။ ကားစီးရင် မူးတတ်တာရယ်၊ ကားပေါ်အတက်အဆင်းတွင် ဒုက္ခရောက်မှာ စိုးတာရယ်ကြောင့် ရှောင်တတ်ခဲ့ပါတယ်။ သိတဲ့အတိုင်းပဲလေ ယာဉ်မောင်းတွေအမောင်းကြမ်းတဲ့အကြောင်း၊ လက်မှတ်ရောင်းတွေက အော်ငေါက်တတ်ပြီး အတက်အဆင်းမှာ တွန်းချ၊ ဆွဲချတတ်တယ်ဆိုတာတွေက ပြောသံကြားနေရသလို၊ စာစောင်တွေထဲမှာလည်း ဖတ်နေရတော့ ကြောက်နေတော့တာပေါ့။

အခုတော့ တစ်ခါမှမရောက်ဖူးတဲ့ ရွှေပြည်သာကို သွားရမှာမို့ ပိုပြီးစိတ်ပူနေမိပါတယ်။ တာမွေမှာနေတဲ့ ကျွန်မအတွက် မြေနီကုန်းကနေ ကားပြောင်းစီးဖို့ ပြောကြသလို သမိုင်းလမ်းဆုံအထိစီးသွားရင် ပိုအဆင်ပြေတယ်ပြောကြလို့ ကားပေါ်မှုတည်ပြီး စီးသွားဖို့ဆုံးဖြတ်လိုက်ပါတယ်။

လိုင်းကားတွေအများကြီးထဲက လူချောင်နေတဲ့ ပါရမီ (၁၇၄)ကိုပဲ ရွေးလိုက်ပါတယ်။ တစ်ယောက်ထိုင်ခုံမှာ ဇိမ်ကျကျထိုင်ခွင့်ရပေမယ့် ကျွန်မ မကျွမ်းကျင်တဲ့လမ်းမို့ မှတ်တိုင်တွေကို မျက်ခြည်မပြတ်ကြည့်နေရပါတယ်။

ကားက အဆင်ပြေနေတာမို့ သမိုင်းလမ်းဆုံအထိ ဆက်စီးဖို့ဆုံးဖြတ်လိုက်ပါတယ်။ လမ်းဘေးဝဲ၊ ယာက မြင်ကွင်းတွေကိုငေးကြည့်ရင်းနဲ့ လှည်းတန်းကိုကျော်လာတော့ ဆင်းရမယ့်မှတ်တိုင်နီးလာပြီမို့ ပိုပြီးသတိထားနေရပါတယ်။ တစ်မှတ်တိုင်လောက်က ကြိုရပ်ထားမှ ဆင်းရတာအဆင်ပြေမှာလေ။

လက်မှတ်ရောင်းက မှတ်တိုင်နာမည်တွေ ခေါ်ပေးနေပေမယ့် မမှတ်မိတော့ပါဘူး။ ဒီလိုနဲ့ငေးကြည့်နေတုန်းမှာ မသန်မစွမ်းအဘိုးအိုတစ်ယောက်က တုတ်ကောက်ကို အားပြုပြီးကားပေါ်တက်လာပါတယ်။ ကားထွက်လိုက်တဲ့ အရှိန်ကြောင့် ယိုင်သွားတဲ့အဘိုးအိုကို လက်မှတ်ရောင်းက သေချာဖေးမပြီးတွဲခေါ်နေပါတယ်။ ကျွန်မက နေရာပေးဖို့ စဉ်းစားနေတုန်း လူငယ်လေးတစ်ယောက်က ချက်ချင်းနေရာဖယ်ပေးတာမို့ ကျွန်မရဲ့ရင်ထဲမှာ ကျေနပ်သွားပါတယ်။ ခြေမသန်တဲ့သူမို့ ခုံပေါ်မှာ ထိုင်မိဖို့အတွက် လက်မှတ်ရောင်းက တော်တော်လေး ထိန်းကူပေးနေရရှာပါတယ်။

အဲဒီမြင်ကွင်းကိုကြည့်နေရင်းနဲ့ လက်မှတ်ခလှူဖို့ အကြံရလာပါတယ်။ အရင်တုန်းက လိုင်းကားစီးရင်းနဲ့ သံဃာတော်တွေ၊ သီလရှင်တွေကို ယာဉ်စီးခလှူခွင့်ရခဲ့ပါတယ်။ အခုတော့လိုင်းကားတွေက သာသနာ့အနွယ်ဝင်တွေကို အခမဲ့စီးခွင့်ပြုထားကြလို့ ယာဉ်စီးခလှူခွင့်မရတော့ပါဘူး။

ဒီတစ်ခါတော့ အလှူတစ်ခုဒါနမြောက်တော့မယ်လို့ တွေးနေတုန်း လက်မှတ်ရောင်းက ယာဉ်စီးခမယူပါဘူးဆိုပြီးလှူလိုက်တော့ ကျွန်မမှာလှူခွင့်မရခဲ့ပေမယ့် သာဓုခေါ်ခွင့်တော့ရခဲ့ပါတယ်။ မြင်ရခဲနေပြီဖြစ်တဲ့ နေရာအလှူ၊ ကူညီဖေးမတတ်တဲ့ လက်မှတ်ရောင်းအပြင် ညင်သာကျွမ်းကျင်စွာမောင်းနှင်ခဲ့တဲ့ ယာဉ်မောင်းကြောင့် စိတ်ချမ်းသာမှု၊ ပီတိဖြစ်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီလို ကံကောင်းခဲ့တဲ့နေ့လေးက ၁၉-၁၂-၂၀၁၃ ရက်နေ့ မွန်းလွဲ တစ်နာရီကျော်ကျော်လောက်မှာ ဖြစ်ပါတယ်။ မြင်ကွင်းလေးဖြစ်တည်ရာမှတ်တိုင်ကို မမှတ်မိခဲ့ပေမယ့် စိတ်ချမ်းသာမှုပေးခဲ့တဲ့ ပါရမီ(၁၇၄) လိုင်းကား အမှတ် ၇ခ/၇၈၅၄ ကိုတော့ သေသေချာချာ မှတ်မိခဲ့ပါတယ်ရှင်။

ကောင်းတာလေးတွေကိုလည်း မျှဝေပေးနိုင်ကြပါစေ။

(ရွှေနှင်းဆီ)

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ (၁၆) ခုတင်ဆံ့ ဆေးရုံပြန်လည်ပြုပြင်မည်

မိုးညှင်း ဇန်နဝါရီ ၁၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံကျေးရွာအုပ်စု လုံးတုံကျေးရွာ၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံတည်ဆောက်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ ခွင့်ပြုခဲ့သဖြင့် ဇန်နဝါရီ ၁၀ ရက်က မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ယု၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာဦးမြင့်ဆွေတို့အဖွဲ့ ကွင်းဆင်းစစ်ဆေးရာတွင် (၁၆)ခုတင်ဆံ့ဆေးရုံမှာ ဆောက်လုပ်ပြီးစီးနေသည့်အတွက် ယခုခွင့်ပြုငွေကို အမှန်တကယ်လိုအပ်သည့် ဝန်ထမ်းအိမ်ရာများ၊ ရင်ခွဲရုံနှင့် ရေစင်၊ ခြံစည်းရိုးကာရံခြင်း၊ မူလဆေးရုံအား ပြန်လည်ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်သွားမည်ဟု သိရသည်။

(ငှက်ခါး-မိုးညှင်း)

လူမှုရေး/စီးပွားရေးကြော်ငြာ

KBZ Bank Account No.

APS
Enroll Now
Applied Human Resource Management Course
Fundamental of Management Course
Business English in Work Place Course
Communicating Effectively in English Course

Unique Innovative Trading Co., Ltd.

MCC
DIPLOMA IN COMPUTER ARTS (Dip.CA)
Specialized in "Character Animation & Advanced Media"
Graphic Production for Exporting any Media
Video/Audio Production, Motion Graphics & Visual Effects
Character Animation & Advanced Media
Specialized in "Multimedia & Telecom Technology"
Graphic Production for Exporting any Media
Multimedia & Information Communication Technology

ပြည်တွင်းရေးရာ

နိမိတ်ကြီးလေးပါးကပေးသောအသိ

မကွေးမြို့၏ ရှေးဟောင်းသမိုင်းဝင်မြသလွန်စေတီ၏ လျှောင်းတော်မူတန်စောင်းအတွင်းရှိ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်က နိမိတ်ကြီးလေးပါး (သူအို၊ သူနာ၊ သူသေ၊ ရဟန်း)ရုပ်တုများ ယနေ့တိုင် တွေ့ရှိနေရဆဲဖြစ်သည်။ အဆိုပါ နိမိတ်ကြီးလေးပါးရုပ်တုများအား စလင်းမြို့မှ ပန်းတမော့ဆရာကြီးတစ်ဦးကပြုလုပ်ခဲ့ကြောင်း ကွယ်လွန်သူ မြသလွန်စေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမန်းသောင်းထံမှ သိရသည်။ ရုပ်တုများသည် လက်ရာမြောက်လှပြီး ပကတိအသက်ဝင်နေသလို ခံစားရသည်။ နိမိတ်ကြီးလေးပါး နှင့်ပတ်သက်၍ သိဒ္ဓတ္ထမင်းသားသည် လောကစည်းစိမ်ဥစ္စာများကို စွန့်လွှတ်ပြီး တောထွက်ခဲ့သည်။

သိဒ္ဓတ္ထမင်းသားသည် သူအိုနှင့်တွေ့သည့်အခါ ငါလည်း အိုရဦးမည်ဟု အတွေးဝင်လာသည်။ သူနာနှင့်တွေ့တော့လည်း တစ်နေ့နာဦးမည်ဟု အတွေးဝင်လာသည်။ သူသေနှင့်တွေ့တော့ ငါလည်းသေရဦးမည်ဟု အတွေးဝင်လာသည်။ ထိုအတွေးများသည် ကိုယ့်ကိုယ်ကိုယ်နုပျိုမှုကိုအကြောင်းပြု၍ မာန်တက်နေသော စိတ်ကိုဖယ်ရှားပစ်နိုင်သည်။ လူငယ်လူရွယ်တွေမှာ ရှိတတ်တဲ့မာန်မျိုးကို ထိုအတွေးက ဖယ်ရှားပစ်လိုက်သည်။ ငါလည်းအိုရဦးမည်ဆိုသောအတွေးက နုပျိုမှုအပေါ်မောက်မာမှုကို ကျဆင်းသွားနိုင်သည်။ ငါလည်းနာရဦးမည်ဟု စဉ်းစားလိုက်သောအခါ ကျန်းမာမှုအပေါ်မာန်မာနတက်နေမှုကိုဖယ်ရှားပစ်နိုင်သည်။ ငါလည်းသေရဦးမည်ဆိုသော အတွေးသည် မာန်မာနတက်နေမှုများကျဆင်းသွားသည်။ သေရမည်ဆိုသော မှန်ကန်သော အတွေးတစ်ခုကြောင့် မေ့မေ့လျော့လျော့မနေတော့ဘူးဆိုသည့် အဓိပ္ပာယ်ကိုဆောင်သည်။

ရာထူးရှိလျှင် ရာထူးကိုယစ်မူးသည်။ နုပျိုလျှင် နုပျိုမှုကို ယစ်မူးသည်။ ကျန်းမာလျှင် ကျန်းမာမှုကို ယစ်မူးသည်။ အသက်ရှင်နေလျှင် အသက်ရှင်မှုအပေါ်ယစ်မူးသည်။ လူများသည် ယစ်မူးသည့်အပေါ်အလေးထားပြီး လုပ်ချင်ရာလုပ်တတ်သည်။ ထိုယစ်မူးမှုများကို အတွေးဖြင့် ဖယ်ရှား၍သွားရမည်။ နောက်ဆုံး သိဒ္ဓတ္ထသည် ရဟန်းကိုတွေ့လိုက်သည့်အခါ အေးချမ်းသောဘဝထွက်ပေါက်တစ်ခုရှိကြောင်း သဘောပေါက်ခဲ့သည်။ သဘောပေါက်မှုကြောင့် သိဒ္ဓတ္ထမင်းသားသည် မည်မျှခမ်းနားသည့်စည်းစိမ်ဥစ္စာများဖြင့် ပြည့်စုံပြည့်စုံ၊ အင်မတန်ရာသီအလိုက်နေထိုင်ရသော နန်းပြာသာဒ်ဘုံဆောင်မှာနေထိုင်ရသော်လည်း သူ့စိတ်ထဲ၌ ပျော်မွေ့ခြင်းမရှိတော့၊ ပုဏ္ဏားတော်များက ကြန်အင်လက္ခဏာဖတ်သည့်အခါ ဒီလိုကြန်အင်လက္ခဏာနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်မျိုးလူ့ဘဝ၌နေလျှင် စကြာဝတေးမင်းဖြစ်နိုင်သည်။ လူ့ဘဝမှနေပြီး တောထွက်၍ တရားဓမ္မကျင့်ကြံကျိုးကုတ်အားထုတ်လျှင် လောကမှာ ဘုရားဖြစ်နိုင်သည်ဟု အဟောရှိခဲ့သည်။ စကြာဝတေးမင်းစည်းစိမ်ဆိုသည်မှာ ကျေနပ်စရာဖြစ်သည်။ စကြာဝတေးမင်းစည်းစိမ်ကိုလည်း သိဒ္ဓတ္ထစွန့်လွှတ်လိုက်သည်။ စွန့်လွှတ်နိုင်သည်။ မည်သည့်အတွက် စွန့်လွှတ်သနည်း။ နောက်ဆုံးသက်တော်(၂၉)နှစ်မှာ သိဒ္ဓတ္ထတောထွက်ခဲ့၏။ မင်းသား၏အခွင့်အရေးအားလုံးကို စွန့်လွှတ်ခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးပိုင်သည့်အမွေအနှစ်အားလုံးကို စွန့်လွှတ်လိုက်သည်။ ရာထူးဂုဏ်သိမ်အားလုံးကို စွန့်လွှတ်လိုက်သည်။ မိသားစုဘဝကိုလည်း စွန့်လွှတ်လိုက်သည်။ သိဒ္ဓတ္ထ၏ စွန့်လွှတ်မှုများသည် အများကြီးဖြစ်သည်။ ဘာအတွက်စွန့်လွှတ်သနည်း။ လောကမှာ အကောင်းဆုံးတရားဟာဘာလဲ၊ အပြစ်မဲ့တရားဟာ ဘာလဲ၊ ငြိမ်းချမ်းရေးကို ပေးနိုင်တာဘာလဲဆိုတာကို ရှာဖွေခဲ့သည်။ လူတို့သည် ဖြစ်ပြီးတော့ အိုကြရသည်။ နာကြရသည်။ သေကြရသည်။ လောကကြီး မတည်မြဲတော့ လူတွေဒုက္ခအမျိုးမျိုးကြုံနေရသည်။ သည်လိုကြုံတွေ့ရသည့် ဘဝမှ လွတ်မြောက်ဖို့စွမ်းဆောင်နိုင်သည့် ကုသိုလ်တရားဆိုတာ ဘာလဲ၊ ကုသိုလ်တရားက စွမ်းဆောင်မှုပေးလို့ရလာသည့် ငြိမ်းချမ်းမှုဆိုသည်မှာ ဘာလဲဆိုတာကို သိချင်သည်။ ထို့အတွက် လောက၏စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ခဲ့သည်။ ထို့အတွက် တောထွက်ခဲ့သည်။ စွန့်လွှတ်ပြီး တရားရအောင် ဘုရားအလောင်းတော် ကြိုးစားအားထုတ်ခဲ့သည်။ နောက်ဆုံးတော့ နိမိတ်ကြီးလေးပါးက ပေးလိုက်သော အသိတရားဖြစ်သည်။ **(မကွေး-လှမြင့်)**

ဝတ်စားဆင်ယင်မှုပြိုင်ပွဲများ ကျင်းပ

ဂန့်ဂေါ ဇန်နဝါရီ ၁၄

မြန်မာ့ရိုးရာချည်ထည် ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်စားဆင်ယင်မှုပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်က ဂန့်ဂေါမြို့နယ် မြစ်သာခန်းမ၌ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပရာ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ကျောက်ထုမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာချည်ထည် ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် မမူမူဆွေ(ထီးလင်း)က ပထမ၊ မဇင်ဝင်းမာ(ဂန့်ဂေါ)က ဒုတိယ၊ မယွန်းမီမီ(ဂန့်ဂေါ)က တတိယဆုများရရှိ၍ တိုင်းရင်းသားရိုးရာဝတ်စုံ ဝတ်စားဆင်ယင်မှုပြိုင်ပွဲတွင် မယွန်းမီမီ (ဂန့်ဂေါ) က ပထမ၊ မဇင်သူဝင်း(ထီးလင်း)က ဒုတိယ၊ မဇင်ဝင်းမာ(ဂန့်ဂေါ)က တတိယဆုများ အသီးသီးရရှိကြပြီး တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(၄၆၅)**

ကျိုက်လတ်မြို့နယ်တွင် ပုလဲသွယ် ၁၀ ဧက စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲကျင်းပ

ကျိုက်လတ် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် တပေတမော့ကျေးရွာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုနှင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်တို့ဖြင့် ပုလဲသွယ်စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီတွင် တပေတမော့ကျေးရွာရှိ ကွင်းအမှတ်(၁၁၉-အေ) ဦးပိုင်အမှတ် (၄/၃) တောင်သူဦးဝင်းမြင့်၏ လယ်မြေ၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဦးက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ၁၄ ချက်တို့ကို အသေးစိတ်ရှင်းလင်းပြသခဲ့သည်။

အဆိုပါ ကွင်းပိတ်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဦးဆောင်ကုမ္ပဏီမှ ဦးမောင်မောင်တိုး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တောင်သူများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။ **မင်းမင်းဦး(ကျိုက်လတ်)**

စပါးရိုက်ခြွေနေ့စားအလုပ်သမားများ အဆင်ပြေ

မိတ္ထီလာ ဇန်နဝါရီ ၁၄

မိတ္ထီလာမြို့နယ် အင်းကျေးရွာအုပ်စု လွန်ငင်ကျေးရွာသည် မိတ္ထီလာမြို့နှင့် ၁၅ မိုင်ကျော်ဝေးကွာ၍ လက်ခုပ်ပင်တမံ၊ လွန်ငင်တမံအနီး၌တည်ရှိပြီး ဒေသခံများမှာ အများအားဖြင့် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ စပါးကို အများဆုံးစိုက်ပျိုးကြသော်လည်း လွန်ငင်ကျေးရွာသည် စပါးခြွေလှေ့စက်များနှင့် အလှမ်းဝေးကွာကြသည်။ အဆိုပါကျေးရွာများသည် စပါးရိတ်သိမ်းချိန်တွင် နေ့စားအလုပ်သမားများကို ငှားရမ်းလုပ်ကိုင်ကြရသည်။

"ဦးတို့က စပါးစိုက်ဧကများတော့ ပျိုးနုတ်ချိန်၊ ကောက်စိုက်ချိန်၊ စပါးရိတ်သိမ်းချိန်၊ စပါးခြွေလှေ့ချိန်မှာ နေ့စားအလုပ်သမားတွေကို ငှားရမ်းလုပ်ကိုင်ရတယ်။ ဦးတို့ရွာမှာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စပါးခြွေလှေ့စက်ရှိတယ်။ စပါးစက်ခြွေခအဖြစ် စပါးတစ်တင်းကို ငွေကျပ် ၄၀၀ ရှိတယ်။ နေ့စားအလုပ်သမားတစ်ယောက်ငှားမယ်ဆိုရင် နံနက် ၇ နာရီက ၁၁ နာရီအထိဆိုရင် ငွေကျပ် ၇၀၀ ပေးရပြီး တစ်နေကုန်ဆိုရင် ငွေကျပ် ၁၄၀၀ ပေးရတယ်။ နေ့စားအလုပ်သမားတစ်ယောက်ကို တစ်မနက်လှည်းတစ်စီးတိုက်ဆိုရင် စပါးထွက် ခုနစ်တင်း၊ ရှစ်တင်းလောက်ရတယ်။ စပါးခြွေလှေ့စက်နဲ့စာရင် နေ့စားအလုပ်သမားငှားရမ်းခသက်သာသလို နေ့စားအလုပ်သမားများလည်း အလုပ်အကိုင်ရရှိပြီး လယ်သမားများအတွက်လည်း သက်သာပါတယ်"ဟု လွန်ငင်ကျေးရွာ လယ်သမားတစ်ဦးက ပြောပြသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လူမှုရေး/စီးပွားရေးကြော်ငြာ

တွံတေးမြို့နယ်အသင်း(ရန်ကုန်)
သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

တွံတေးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် နံနက် ၈နာရီတွင် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး (ဗိုလ်တထောင်စေတီရင်ပြင်တော်)၊ ဆိပ်ကမ်းမြို့နယ်၌ ကျင်းပပါမည်။

သက်ကြီးပူဇော်ပွဲအတွက် ၇၅နှစ်နှင့်အထက် အသင်းဝင်များ၊ အသင်းဝင်များ၏မိဘများ ၂၀၁၂-၂၀၁၃ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်အဆင့် စာပေ၊ ဂီတ၊ သဘင်၊ အားကစားတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ဆုချီးမြှင့်နိုင်ရန် အမည်စာရင်းများကို ဇန်နဝါရီလ ၂၆ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်သင်းသင်း	ဖုန်း-၅၆၅၈၈၁၊ ၀၉-၇၃၀၅၅၉၀၁	ဦးကျော်မြင့်	ဖုန်း-၅၃၄၁၁၃
ဦးချစ်ဆွေ	ဖုန်း-၀၉-၂၅၄၁၂၅၉၃၂	ဒေါ်ကြင်ကြင်	ဖုန်း-၀၉-၃၁၅၇၇၆၉၁
ဦးတင်ဝင်း	ဖုန်း-၀၉-၇၃၀၂၃၈၄၃၊ ၅၅၇၅၀၇	ဦးစန်းလွင်	ဖုန်း-၂၁၀၉၄၆၊၂၂၅၂၂၇
ဦးမောင်မောင်အေး	ဖုန်း-၀၉-၅၅၀၅၅၉၉	ဦးအောင်မြင့်	ဖုန်း-၀၉-၄၂၀၁၁၈၉၀၇
ဦးတင်အေး(တွံတေး)	ဖုန်း-၀၉-၅၃၉၆၄၃၁		

အမှုဆောင်အဖွဲ့

Boy Myanmar
Stainless Steel Hotel &Kitchen
Equipment Enterprise

လူကြီးမင်းတို့၏ Hotel Kitchen,Restaurant,Bar,Coffee Shop တို့တွင်အသုံးပြုမည့် Kitchen Ware Steel ပစ္စည်းများ၊ မီးခိုးနှင့် အငွေ့ထုတ်ခေါင်းတိုင်များ၊Gas Line များနှင့် Kitchen Site တစ်ခုလုံး၏ တိကျသော Drawing ဆွဲပေးခြင်း၊Kitchen Maintenanceနှင့် Consultant လုပ်ငန်းများကို လူကြီးမင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်-၅၈၂၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၈၆၄၄၅၊၀၉-၈၆၂၄၃၅၅၊၀၉-၇၃၁၆၃၂၃၃
Website:www.boymyanmar.com

မြေကွက်များဝယ်လိုသည်
ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊
ဒဂုံအရှေ့
ဖုန်း-၀၉-၂၅၀၅၀၄၉၈၆

မကွေးတက္ကသိုလ်

(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်အစီအစဉ်

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေပညာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး) ဘွဲ့သင်တန်းစာမေးပွဲ(နောက်ဆက်တွဲစာမေးပွဲအပါအဝင်)အောင်မြင်ခဲ့ကြသူများ၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ၂၀၁၃ ခုနှစ်၊ မေလတွင်ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)သင်တန်းစာမေးပွဲ အောင်မြင်ခဲ့ကြသူများ ၂၀၁၃ ခုနှစ်၊ ဧပြီလတွင်ပြီးစီးခဲ့သော မဟာသုတေသန(ဘွဲ့)သင်တန်းကို အောင်မြင်ခဲ့ကြသူများအတွက် မကွေးတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၇-၂-၂၀၁၄ ရက်မှ ၁၀-၂-၂၀၁၄ ရက်ထိ မကွေးတက္ကသိုလ် ဘက်စုံခန်းမတွင် အောက်ပါအပိုင်းခွဲ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ပထမနေ့၊ ၇-၂-၂၀၁၄ရက် အစီအစဉ်

ပထမပိုင်း၊ နံနက် ၉း၀၀ နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာသုတေသန(ဘွဲ့)	သချာ်ာ
၂၀၁၂-၂၀၁၃	မကွေး	မဟာဝိဇ္ဇာ(ဘွဲ့)	အင်္ဂလိပ်စာ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	ပထဝီဝင်
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဓာတုဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	ရူပဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	စိတ်ပညာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	သတ္တဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	ဝိဇ္ဇာ(ဘွဲ့)	သမိုင်း

ပထမပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ရက်၊ နံနက်ပိုင်း ၈း၀၀ နာရီ

ပထမနေ့၊ ၇-၂-၂၀၁၄ ရက်အစီအစဉ်

ဒုတိယပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာသုတေသန(ဘွဲ့)	ပထဝီဝင်
၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	ဓာတုဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရုက္ခဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	သမိုင်း
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရူပဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	အရှေ့တိုင်းပညာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	ဓာတုဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	ဝိဇ္ဇာ(ဘွဲ့)	ပထဝီဝင်
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဘွဲ့)	သချာ်ာ

ဒုတိယပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄၊ မွန်းလွဲပိုင်း ၁း၃၀ နာရီ

ဒုတိယနေ့၊ ၈-၂-၂၀၁၄ ရက်အစီအစဉ်

တတိယပိုင်း၊ နံနက် ၉း၀၀ နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	ရူပဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သချာ်ာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဘူမိဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သချာ်ာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	ဇီဝဓာတုဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	ပထဝီဝင်
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဘွဲ့)	သတ္တဗေဒ

တတိယပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ ရက် နံနက်ပိုင်း ၈း၀၀ နာရီ

ဒုတိယနေ့၊ ၈-၂-၂၀၁၄ ရက်အစီအစဉ်

စတုတ္ထပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	သချာ်ာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဇီဝဓာတုဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဥပဒေ(ဘွဲ့)	ဥပဒေပညာ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	မြန်မာစာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	ရုက္ခဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	ဒဿနိကဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	စာရင်းအင်းပညာ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဘွဲ့)	ဓာတုဗေဒ

စတုတ္ထပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ရက်၊ မွန်းလွဲပိုင်း ၁း၃၀ နာရီ

တတိယနေ့၊ ၉-၂-၂၀၁၄ ရက် အစီအစဉ်

ပဉ္စမပိုင်း၊ နံနက် ၉း၀၀ နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာဝိဇ္ဇာ(ဘွဲ့)	အရှေ့တိုင်းပညာ
၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	ရုက္ခဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	အင်္ဂလိပ်စာ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	စာရင်းအင်းပညာ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ရူပဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	သချာ်ာ
၂၀၁၁-၂၀၁၂	ရေနံချောင်း	ဝိဇ္ဇာ(ဘွဲ့)	မြန်မာစာ

ပဉ္စမပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ရက်၊ နံနက်ပိုင်း ၈း၀၀ နာရီ

တတိယနေ့၊ ၉-၂-၂၀၁၄ ရက်အစီအစဉ်

ဆဋ္ဌမပိုင်း၊ မွန်းလွဲ ၂း၀၀နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာဥပဒေ(ဘွဲ့)	ဥပဒေပညာ
၂၀၁၂-၂၀၁၃	မကွေး	မဟာဝိဇ္ဇာ(ဘွဲ့)	ဒဿနိကဗေဒ
၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	ဘူမိဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သတ္တဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	ပထဝီဝင်
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	အင်္ဂလိပ်စာ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဘွဲ့)	ရုက္ခဗေဒ

ဆဋ္ဌမပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ ရက်၊ မွန်းလွဲပိုင်း ၁း၃၀ နာရီ

စတုတ္ထနေ့၊ ၁၀-၂-၂၀၁၄ ရက် အစီအစဉ်

သတ္တမပိုင်း၊ နံနက် ၉း၀၀ နာရီ

၂၀၁၂-၂၀၁၃	မကွေး	မဟာဝိဇ္ဇာ(ဘွဲ့)	ပထဝီဝင်
၂၀၁၂-၂၀၁၃	မကွေး	မဟာသိပ္ပံ(ဘွဲ့)	သတ္တဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	ဓာတုဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့	ဒဿနိကဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဂုဏ်ထူး)ဘွဲ့	သတ္တဗေဒ
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	ဘူမိဗေဒ
၂၀၁၁-၂၀၁၂	မကွေး	ဝိဇ္ဇာ(ဘွဲ့)	သမိုင်း
၂၀၁၁-၂၀၁၂	မကွေး	သိပ္ပံ(ဘွဲ့)	အဏုဇီဝဗေဒ
၂၀၁၁-၂၀၁၂	ရေနံချောင်း	သိပ္ပံ(ဘွဲ့)	ရူပဗေဒ

သတ္တမပိုင်း အစမ်းလေ့ကျင့်ရက် ၆-၂-၂၀၁၄ ရက်၊ နံနက်ပိုင်း ၈း၀၀ နာရီ

ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန်နှင့် သရုပ်ပျက် ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝ တက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို ၁-၂-၂၀၁၄ ရက်မှစ၍ မကွေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင် ဌာနတွင် ကိုယ်တိုင်လာရောက် ထုတ်ယူကြရမည်။

တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

(အောင်ရွှေ)
ဌာနမှူး၊ သင်တန်းရေးရာဌာန
မကွေးတက္ကသိုလ်

မြိတ်တက္ကသိုလ်

သတ္တမအကြိမ် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်းနှင့် အစီအစဉ်ကြေညာခြင်း

၁။ မြိတ်တက္ကသိုလ်မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော (၂၀၀၆အောင်)မဟာသိပ္ပံဘွဲ့၊ ၂၀၁၂-၂၀၁၃ပညာသင်နှစ်၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော(၂၀၀၉အောင်)ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ (၂၀၁၀အောင်)ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ဒီဇင်ဘာလတွင် ကျင်းပခဲ့သော (နောက်ဆက်တွဲစာမေးပွဲ)၊ (ပြင်ပစာမေးပွဲ)ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို အောင်မြင်ကြသူများသည် သတ္တမအကြိမ် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်အထိ လျှောက်ထားနိုင်သည်။

၂။ ဘွဲ့နှင်းသဘင်ကို မြိတ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(က) ဘွဲ့နှင်းသဘင် ၂၂-၂-၂၀၁၄ ရက် နံနက်ပိုင်းအစီအစဉ်
နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ
မဟာသိပ္ပံဘွဲ့(၂၀၀၆) - ရူပဗေဒ၊ သချာ်ာ၊ သတ္တဗေဒအထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀) - မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဓာတုဗေဒ၊ သချာ်ာ၊ ရုက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံအထူးပြု

(ခ) ဘွဲ့နှင်းသဘင် ၂၂-၂-၂၀၁၄ ရက်၊ မွန်းလွဲပိုင်းအစီအစဉ်
မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ
ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့(၂၀၀၉) - မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံအထူးပြု
ဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၀) - ပထဝီဝင်၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒအထူးပြု

(နံနက်ပိုင်း+မွန်းလွဲပိုင်း)အစမ်းလေ့ကျင့်မည့်ရက် ၂၀-၂-၂၀၁၄ရက်၊ နံနက် ၉း၀၀ နာရီ

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မြိတ်တက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် မကြာသေးမီက ရိုက်ကူးထားသော (၂×၁. ၅)လက်မအရွယ် ဓာတ်ပုံ(၂)ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာ၍ ပူးတွဲလျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင် ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-ကျပ် (ကျပ်တစ်သောင်ငါးရာတိတိ) ပေးသွင်းကြရပါမည်။ အဝေးရောက် ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀၀/-ကျပ်(ကျပ်တစ်သောင်တိတိ)ပေးသွင်းကြရပါမည်။ အဝေးမှ လျှောက်ထားသူများသည် သတ်မှတ်ကြေးများကို မြိတ်တက္ကသိုလ်၊ ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာတွဲစသည်တို့ကို တိကျစွာ ဖော်ပြရပါမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားနိုင်သည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံထောက်ခံစာကို ၁၇-၂-၂၀၁၄ ရက်မှစ၍ ထုတ်ပေးပါမည်။

၇။ အစမ်းလေ့ကျင့်ရက်တွင် မပျက်မကွက် တက်ရောက်ကြရပါမည်။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၈။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန၊ မြိတ်တက္ကသိုလ် ဖုန်း-၀၅၉-၄၂၃၂၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

(ငွေငွေရီ)
ဌာနမှူး၊ သင်တန်းရေးရာဌာန၊ မြိတ်တက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၂၂)၊ မြေချိန် ဧရိယာ(၀. ၀၅၉)ဧက ဘိုးဘွားပိုင်မြေပေါ်ရှိ နေအိမ်ခန်းများကို ၁။ ဒေါ်မြမြအေး၊ ၂။ ဦးသန်းထွန်း၊ ၃။ ဒေါ်ကြည်အေးချို၊ ၄။ ဒေါ်သန်းသန်းမွှေး၊ ဒေါ်သန်းသန်းငွေး၊ ၅။ ဦးမာမက်ကာဆင်၊ ၆။ ဒေါ်မေငယ်တို့မှာ အသီးသီးဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်း ၇၀ ခန့်ရှိပြီးဖြစ်ပါသည်။ ယင်းနေအိမ်ခန်းများတည်ရှိရာ မြေကွက်၏အမည်ပေါက်ပိုင်ရှင်မှာ (V.M မူသတ်ပါးချစ္စီးရားနှင့် E.M မူသတ်ပါးချစ္စီးရား)တို့ဖြစ်ပါသည်။ ယခုအခါ ယင်းနေအိမ်ခန်းများမှာ ယိုယွင်းပျက်စီးနေပြီဖြစ်သည့်အတွက် ပြန်လည်ဆောက်လုပ်ရန် ဒေါ်မြမြအေးပါ(၆)ဦးတို့မှာ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်ပေါ်တွင် နေအိမ်ပြန်လည်ဆောက်လုပ်ခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်များနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက နေအိမ်ခန်းများ ပြန်လည်ဆောက်လုပ်ခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ဒေါ်မြမြအေး [၁၀/မလမ(နိုင်)၁၂၀၀၈၇]
၂။ ဦးသန်းထွန်း [၁၀/မလမ(နိုင်)၀၅၈၇၂၉]
၃။ ဒေါ်ကြည်အေးချို [၁၀/သဖရ(နိုင်)၀၇၁၂၄၄]
၄။ ဒေါ်သန်းသန်းမွှေး [၁၀/မလမ(နိုင်)၀၈၆၁၂၅]
ဒေါ်သန်းသန်းငွေး [၁၀/မလမ(နိုင်)၀၈၆၅၂၆]
၅။ ဦးမာမက်ကာဆင် [၁၀/မလမ(နိုင်)၁၅၁၈၆၇]
၆။ ဒေါ်မေငယ်(BP-၀၀၅၆၂၃)

အမှတ်(၁၈၉)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၅၄၁၄

ဒေါ်နွဲ့နွဲ့ဝင်း[၁၂/ရကန(နိုင်)၀၀၄၈၁၂]နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ်-၂၆ A၊ (၇)လွှာနေ ဦးမြတ်သန်းထွန်း(ဘ) ဦးစံထွန်း[၁၂/ရကန(နိုင်)၀၄၈၀၅၇]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာကန့်ကွက်ပါသည်။

အောက်တွင် ဖော်ပြထားသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေနှင့်အိမ်များမှာ မလေးရှားနိုင်ငံတွင် ဦးမြတ်သန်းထွန်း အလုပ်လုပ်ကိုင်၍ ရရှိထားသောငွေဖြင့် ဝယ်ယူထားသောပစ္စည်းများသာဖြစ်ပါသဖြင့် ဦးမြတ်သန်းထွန်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ ဂရန်အမည်ပေါက် လျှောက်ထားခြင်းစသည်တို့ကို မပြုလုပ်ရန် တရားဝင်အသိပေး ကြေညာကန့်ကွက်ပါသည်။

(က) မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ရဲတံခွန်လမ်း၊ မြေကွက်အမှတ်-၁၂၄၁/၃၇၊ ပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်
(ခ) (၉)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် မင်းတပ်လမ်းထောင့်၊ မြေကွက်အမှတ်-၃၄၃/၉၊ ပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊
(ဂ) (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ မြေကွက်အမှတ်(၄၀၁)၊ ပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်(၂)လုံး

ဦးမျိုးမြင့်	**ဒေါ်သီတာအောင်**	**ဒေါ်မေဖြိုးခိုင်**
(စဉ်-၅၇၀၃)	**(စဉ်-၉၀၈၅)**	**(စဉ်-၄၁၆၆၀)**
B.Sc,R.L,D.B.L	**LL.B,D.B.A,D.B.L,D.M.L**	**LL.B,D.I.L**

တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အမှတ်-၉/၁၁၊ အခန်း-၃၀၆၊ (၄)လွှာ၊ ၃၆လမ်း(တို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၈၆၄၀၊ ၀၉-၂၅၀၂၇၇၈၉၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅/သမိုင်း၊ မြေကွက်အမှတ်-၁၃/က၁၏ အစိတ်အပိုင်း၊ ၅/က၄၏ အစိတ်အပိုင်း၊မြေကွက်တည်နေရာ အမှတ်-၅/က၄၊ ဦးကျော်လှလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်သိန်းချစ်၊ ဦးအောင်ဇော်မြင့်) အမည်ပေါက် ဘီ လ/န ၃၉ ဘိုးဘွားပိုင် အိမ်ရာမြေအား အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်ခင်လေးဝင်းတို့မှ (တရားလို)ပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တရားရုံးတရားမကြီးမှု အမှတ်-၇၆၄/၂၀၁၀ ဖြင့် ဒေါ်ခင်ချို(ခ)ဒေါ်ခင်ခင်ချို+၇တို့အား(တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၃၆/၂၀၁၃ ဖြင့် တရားရုံးမှ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် ဒေါ်စောယုမွန်[၁၂/သကတ(နိုင်)၁၄၅၃၁၇]ဘီလစ်အား တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းမှ တရားရုံး အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅/သမိုင်း၊ မြေကွက်အမှတ်-၁၃/က၁၏ အစိတ်အပိုင်း၊ ၅/က၄၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်-၅/က၄၊ ဦးကျော်လှလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊(ဒေါ်သိန်းချစ်၊ ဦးအောင်ဇော်မြင့်)အမည်ပေါက် ဘီ လ/န ၃၉ ဘိုးဘွားပိုင် အိမ်ရာမြေအား အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်မေရီကြီးမောင်မှ(တရားလို)ပြုလုပ်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားရုံး တရားမကြီးမှုအမှတ်-၇၁၄/၂၀၁၀ဖြင့် ဒေါ်ခင်ချို(ခ)ဒေါ်ခင်ခင်ချို+၇တို့အား(တရားပြိုင်) ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်-၃၄/၂၀၁၃ ဖြင့် တရားရုံးမှတရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် ဒေါ်စောယုမွန်[၁၂/သကတ(နိုင်)၁၄၅၃၁၇]ဘီလစ်အား တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းမှ တရားရုံးအထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့်စိန် (၈၆)နှစ်

ဒေးဒရဲမြို့နယ်၊ ရှမ်းကန်ကျေးရွာနေ (ဦးမောင်သစ်-ဒေါ်စော)တို့၏ သမီး၊ (ဦးဆောင်း)၏ ဇနီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ငါးပိ၊ ငါးခြောက်ဇုန်(၁)နေ ဒေါ်မြင့်သက်ဝေ၊ ဦးမြင့်အောင်-(ဒေါ်ခင်စန်းဝေ)၊ (ဒေါ်လှဲ့လှဲ့ဝင်း)၊ ဦးဌေးအောင်-ဒေါ်ကြူကြူစိုး၊ ဒေါ်ဝင်းဝင်းမာ၊ ဦးကျော်သက်-ဒေါ်နွဲ့ရည်ဝင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ၁၇ယောက်၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၄ (တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်စန်း (၇၅)နှစ်

မန္တလေးမြို့နေ တိုင်းရင်းမြန်မာ့သမားတော် ကြီး(ဦးချစ်လှိုင်-ဒေါ်ယဉ်ယဉ်)တို့၏ သမီးချေးမ၊ မုံရွာမြို့နေ (ဦးညိုကြီး-ဒေါ်ချစ်စိန်)တို့၏သမီးကြီး၊ ဦးဖိုးအောင်-ဒေါ်ကြည်ဝင်း၊ ဦးကျော်ဝင်း-ဒေါ် ညွန့်မေတို့၏အစ်မကြီး၊ရန်ကုန်မြို့ ရွှေပေါက်ကံ မြို့သစ်၊ (၁၇)ရပ်ကွက်၊ အမှတ်(၅၀၃)နေ ဦးအောင်မြင့် (တ. ဆ. ရ၊ ၂-ငြိမ်း) ၏ ဇနီး၊ CE ဦးအောင်ဆန်း (Uniteam Marine)-ဒေါ်သီတာမိုး၊ ဒေါ်နုယဉ်၊ တကကစိန်သောင်း (ကာကွယ်ရေးဦးစီး ချုပ်ရုံး၊ ကြည်း၊ ငွေစာရင်းဌာန၊ နေပြည်တော်)-ဒေါ်သန်းရင်(Goldenpalace/Jade & Jewel)၊ A/B မောင်မောင်စိုး (Uniteam Marine) - ဒေါ်ကြည်မြင့်၊ J/E မောင်ဇော်လင်းအောင်(Uniteam Marine)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မယုအိခက်ပြည့် (ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ မောင် ကောင်းမြတ်အောင်(Light House)၊ မောင်ကျော်ဇင်သက် (အထက၊ ဖေယျာသီရိ၊ နေပြည်တော်)၊ မဆုသက်ထားနွယ်(အမေ့အိမ်)၊ မဝိုင်းသီတာ(အမေ့အိမ်)တို့၏ ချစ်လှစွာသော အဘွားသည် ၁၃-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၁း၃၃နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မိုးရီ

အသက်(၈၅)နှစ်

ဗိုလ်ကြီးကျော်ဇေယျ-ဒေါ်တင်မျိုးမျိုးအေးတို့၏မိခင် ဒေါ်မိုးရီ အသက်(၈၅) နှစ်သည် ၁၁-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အရာခံဗိုလ်မင်းဦး(မိသားစု)နေပြည်တော်
တကကနေဝင်း(မိသားစု)နေပြည်တော်
အလက(၄)မင်္ဂလာဒုံ(၁၉၇၆)ကျောင်းသားဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးငွေစိုး(တောင်တွင်းကြီး)

အသက်(၈၀)

ဝန်ထောက်(လျှပ်/စက်)(အငြိမ်းစား)

ဆလအခွဲ(၉၆၇)

မကွေးမြို့နေ ဒေါ်တင်တင်မြင့်၏ ခင်ပွန်း၊ဦးသန်းဌေးစိုး-ဒေါ်ယုယုနွယ်၊ဦးနေအောင်-ဒေါ်စန္ဒာစိုး၊ ဒေါ်သွယ်သွယ်စိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၁-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးချမ်းသာ-ဒေါ်ခင်မာအေးမိသားစု
A.C.E ဆောက်လုပ်ရေးအဖွဲ့
နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင်အေး

အသက်(၇၈)နှစ်

သူငယ်ချင်း ဗိုလ်မှူးကိုကိုအောင်=ဒေါ်ဉမ္မာခင်တို့၏ ဖခင်သည် ၁၀-၁-၂၀၁၄ ရက်တွင်ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်စီစီ(ခ)ဒေါက်တာဒေါ်အေးကြည်

အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ ဒေါက်တာဦးသိန်းညွန့်(ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာလှစိုး-ဒေါ်ခင်မျိုးထွန်းတို့၏ချစ်လှစွာသောမိခင် ဒေါက်တာဒေါ်စီစီ(ခ) ဒေါက်တာဒေါ်အေးကြည်သည် ၁၁-၁-၂၀၁၄(စနေနေ့) ညနေ ၆း၀၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းဆွေ-Dr.မြတ်သီတာမြင့်
Win & Win Co., Ltd. မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာထွန်းမြင့်

အသက်(၆၈)နှစ်

အချိန်ပြည့်အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဆရာကြီး ပါမောက္ခဒေါက်တာထွန်းမြင့် အသက်(၆၈)နှစ်သည် ၁၀-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးကြက်ခြေနီ

(၆)နှစ်ပြည့် အလွမ်းနှင့် အမျှဝေမှာတမ်း

(ကြည်း-၇၄၁၃)

ဒုတိယဗိုလ်မှူးကြီး ကေလားမား(ငြိမ်း)

နိုင်ငံအတွက် စစ်မှုတမ်းသက်(၄၂)နှစ် ထမ်းဆောင်ခဲ့ပြီးတိုင်းပြည်နှင့် မိသားစုအပေါ် အလွန်တာဝန်ကျေခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဒုတိယဗိုလ်မှူးကြီး ကေလားမားအတွက် ကွယ်လွန်ပြီး (၆)နှစ်အတွင်း ဘဝလက်တွဲဖော်ချစ်ဇနီးမှ ရွှေတိဂုံစေတီတော်တွင် တစ်ကျပ်သား ရွှေသက်န်း(၂)ချပ်၊ ရွှေတိဂုံမုခ်လေးမုခ်ရှိ ဘုရားကြီးလေးဆူတို့နှင့် သံဃာတော်(၁၂)ပါးတို့အား လပြည့်လကွယ် တစ်လနစ်ကြိမ် အရုဏ်ဆွမ်းကပ်လှူခြင်း၊ လှည်းကူး မှ ရှစ်သောင်းလေးထောင်ဆင်းတုတော်များအတွက် ငွေလှူခြင်း၊ ကြေးပိဋကတ်တော်နှစ်ချပ်လှူခြင်း၊ ပဲခူးမြို့တမ္ပလောဟမဟာမုနိဆင်းတုတော်ကြီးအတွက် ရွှေစင်နှစ်ကျပ်သားနှင့် အရံစေတီတော်တစ်ဆူ၊ ပုပ္ပားတွင်စက်ရေတွင်းတစ်တွင်း ဒေးစွန်ပါဘုရားတွင်အရံစေတီတစ်ဆူ၊ မန္တလေးတောင်ပြုပြင် ထိန်းသိမ်းရေး အတွက် ငွေလှူခြင်း၊ မြစ်ကြီးနားရှိ လားမားဘုန်းကြီးကျောင်းနှင့် မြစ်ဆုံဘုန်းကြီးကျောင်းများတွင် ဆွမ်းစားဆောင်အတွက်လှူခြင်း၊ ဗုဒ္ဓမြတ်စွာတို့၏အငွေ့အသက်လွှမ်းခြုံရာ ဗုဒ္ဓဂယာတွင် မြေလှူခြင်း၊နလန္ဒါတက္ကသိုလ်အတွက် ငွေလှူခြင်း၊ အိမ်တော်ရာဘုရားဝင်းတွင် ကုဋီလှူခြင်း၊ မြို့မကျောင်းပြဿဒ်ဆောင်ပြုပြင်ရေးအတွက်လှူခြင်းတို့အပြင် တိပိဋကကျောင်း၊ မဟာစည်သာသနာ့ရိပ်သာ၊ ရွှေဥမင်သာသနာ့ရိပ်သာ၊ စစ်ကိုင်းဝါးချက်မျက်စိဆေးရုံ၊ ကင်ဆာဖောင်ဒေးရှင်း၊ ကန်ဦးကျောင်းဖောင်ဒေးရှင်းတို့တွင် ပညာရေး၊ ဆွမ်း၊ဆေး၊ ထာဝရငွေပဒေသာပင်များစိုက်ထူခြင်း၊ ဒိုက်ဦးမြို့နယ်အသင်း ပညာရေးငွေပဒေသာပင်(၁၀)သိန်း စိုက်ထူခြင်းတို့နှင့်တကွ နေ့စဉ်မပျက် နံနက်၊ည နှစ်ကြိမ်အမျှဝေခြင်း၊ ဘာဝနာတရားအားထုတ်ခြင်းတို့အတွက် ရောက်ရာမြင့်မြတ်သောဘုံဘဝမှသာဓုခေါ် ဆိုနိုင်ပါစေ။ **ကျန်ရစ်သူမိသားစု**

မအူပင်မြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့

(၁)လပြည့်ဝမ်းနည်းကြေကွဲခြင်း

နော်ဝါးရှီးဝင်း အသက်(၄၄)နှစ်

မအူပင်မြို့ ဘိုးဘွားရိပ်သာကြီး၏ ထာဝရအလှူရှင် ဦးထွန်းထွန်း(PEP နို့မှုန့်)၏ ဇနီး နော်ဝါးရှီးဝင်းသည် ခရစ်တော်၌ အိပ်ပျော်သွားသည်မှာ ၁၅-၁-၂၀၁၄ရက်တွင် (၁)လပြည့် လွမ်းဆွတ်ရပါသည်။ ကောင်းရာဘုံဘဝသို့ ရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ
မအူပင်မြို့ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့

လွမ်းဆွတ်သတိရခြင်း တစ်လပြည့်

ကိုကျော်ထင်လင်း အသက်(၄၃)နှစ်

၇-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သူ ကိုကျော်ထင်လင်းအား တစ်လပြည့်သည့်နေ့တွင် အလှူဒါနများပြုလုပ်ခဲ့ပါသည်။ ကွယ်လွန်သည့်နေ့မှစ၍ နေ့စဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများ ရောက်ရာဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။ အဆင့်ဆင့်မြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

(အမျှ- အမျှ- အမျှ)

ဖေဖေ၊ မေမေ မိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆A^၁၊ မြေကွက်အမှတ် V၁၂၅၊ မြေကွက်တည်နေရာအမှတ်(၁၄)၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်မေပု အမည်ပေါက်နှစ်(၃၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဒေါ်မေပုနှင့်ခင်ပွန်း ဦးစိန်၊ သမီးဒေါ်မမကြီး(အပျိုကြီး)၊သားဦးလှအောင်နှင့်ဇနီး ဒေါ်ခင်မြင့်မြင့်၊ သမီး ဒေါ်ခင်မြင့်(အပျိုကြီး)၊ကိတ္တိမမွေးစားစာချုပ်အမှတ် ၁၉၁၃/၉၃ဖြင့် မွေးစားသမီး ဒေါ်ရင်မေ(ခ)ဒေါ်မမလေးနှင့်ခင်ပွန်း ဦးလှရွှေ၊ မြေးဖြစ်သူ ဦးအောင်သန်းထွဋ်နှင့်ဇနီး ဒေါ်သန်းသန်းလွင်တို့ကွယ်လွန်သဖြင့် ၁။ဒေါ်လှလှမြင့်[၁၂/ဥကတ(နိုင်)၀၀၄၅၁၇]၊ ၂။ဦးအောင်မြင့်သူ[၁၀/မဒန(နိုင်)၀၃၃၀၃၃]၊ ၃။ဦးသိန်းအောင်[၁၂/မရက(နိုင်)၀၉၁၆၀၇]၊ ၄။ဦးအောင်သိန်းညွန့်[၁၂/မဂတ(နိုင်)၀၁၉၉၉၀]၊ ၅။ဦးအောင်သန်းလွင်[၇/ပမန(နိုင်)၁၀၂၄၂၆]၊ ၆။ဒေါ်မေသက်လွင်[၇/ပမန(နိုင်)၀၀၀၂၆၈]၊ ၇။ဒေါ်မေသက်ခိုင်[၇/ပမန(နိုင်)၀၀၀၂၆၉]၊ ၈။ဒေါ်မေသက်ထွေး[၇/ပမန(နိုင်)၀၀၂၉၇၇]၊ ၉။ဒေါ်မေသက်အေး[၇/ပမန(နိုင်)၁၂၇၁၇၀]၊ ၁၀။ဒေါ်စိုးစိုးမြင့်[၁၂/စခန(နိုင်)၀၂၄၉၈၆]၊ ၁၁။ဒေါ်ခင်သန့်ဇင်[၁၄/မမက(နိုင်)၀၅၁၂၃၀]၊ ၁၂။ဒေါ်ခင်ခင်ထား[၁၂/စခန(နိုင်)၀၂၁၉၂၃]၊ ၁၃။မောင်ကျော်ထွန်း[၃/ဘအန(နိုင်)၀၀၆၅၇၃]၊ ၁၄။ဒေါ်မြင့်မြင့်ရီ[၁၂/စခန(နိုင်)၀၂၆၅၀၁]၊ ၁၅။ဒေါ်ရီရီထွေး[၁၂/စခန(နိုင်)၀၀၃၇၂၃]၊ ၁၆။ဒေါ်လှလှအေး[၁၂/အလန(နိုင်)၀၁၃၉၉၉]တို့က မြေး၊ မြစ်များတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဦးသိန်းအောင်ကိုယ်တိုင်နှင့် ကျန်(၁၅)ဦးထံမှ GPရယူပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ဆုမြတ်သွယ်သိန်း[၁၂/ရကန(နိုင်)၀၇၉၃၁၇]သိရှိစေရန်

ဒေါ်ဆုမြတ်သွယ်သိန်းသည် မြန်မာတကောင်းကုမ္ပဏီထံမှ နေပြည်တော်ရှိ သီရိရတနာ အဆင့်မြင့် ဈေးဆိုင်အမှတ်(၁၉၆)ကို (၂၄-၃-၂၀၁၁)ရက်စွဲပါ သဘောတူညီမှုအရဝယ်ယူရန် သဘောတူညီခဲ့ပါသည်။ အဆိုပါသဘောတူညီမှုအရ လူကြီးမင်းက ၂၀၁၁ခုနှစ်မတ်လ(၂၄)ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၁ခုနှစ်၊ မေလ(၁၃)ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၁ခုနှစ်၊မေလ(၂၅)ရက်နေ့တွင်လည်းကောင်း ပေးချေခဲ့ပါသည်။ သို့ရာတွင် ကျန်တန်ဖိုးငွေ ၂၅၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးချေရန်ပျက်ကွက်ခဲ့ပါသည်။ လူကြီးမင်းဒေါ်ဆုမြတ်သွယ်သိန်း၏မိခင်ဖြစ်သူ ဒေါ်သင်းသင်းမြိုင်[၁၂/အစန(နိုင်)၁၀၅၂၆၈]က အဆိုပါတန်ဖိုးငွေ ၂၅၀၀၀၀၀၀/ကို (၁၀-၅-၂၀၁၃)ရက်နောက်ဆုံးထား၍ ပေးချေပါမည်ဟု(၁၀- ၄-၂၀၁၃)ရက်နေ့တွင် ဝန်ခံကတိ စာချုပ်ချုပ်ဆို၍ လက်မှတ်ရေးထိုးခဲ့ပါသည်။ အကယ်၍ထိုနေ့တွင် မပေးချေနိုင်ပါက ထိုဆိုင်ခန်းအမှတ်(၁၉၆)နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် မြန်မာတကောင်းကုမ္ပဏီမှ ပြန်လည်သိမ်းယူမည်ကို သဘောတူပါကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယခုကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ (သို့မဟုတ်)မြန်မာတကောင်းကုမ္ပဏီထံသို့ ကျန်ငွေ ၂၅၀၀၀၀၀၀/တိတိကို လာရောက်ပေးချေရန်နှင့် ပေးချေရန်ပျက်ကွက်ပါက အဆိုပါဈေးဆိုင်ခန်းအမှတ် (၁၉၆)သည် ဒေါ်ဆုမြတ်သွယ်သိန်းနှင့် သက်ဆိုင်ခြင်းမရှိတော့ဘဲ ကုမ္ပဏီ၏အစီအမံအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ညွှန်ကြားချက်အရ**
မြန်မာတကောင်းကုမ္ပဏီ၊	**ဦးအုံးမောင်(ဘီအက်စ်စီ၊ ဘီအယ်လ်)**
အမှတ်(၅)၊ မကြီးကြီးလမ်း၊	**တရားလွှတ်တော်ရှေ့နေနှင့် နိုတာရီပဗ္ဗလစ်(စဉ်-၈၃၀)**
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	**အမှတ်(၃)၊၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊**
ဖုန်း-၀၁-၅၂၅၆၃၆	**ရန်ကုန်မြို့။**
	ဖုန်း-၀၉၅၀၁၂၉၈၂၊ ၀၉၇၃၀၂၄၈၃၆၊ ၀၁-၅၂၅၅၆၄

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကရင်ဆိပ်စံပြကျေးရွာ

အောင်မင်္ဂလာကျောင်း၊ ဘဒ္ဒန္တဥတ္တရ

သိက္ခာတော်(၂၉)ဝါ၊ သက်တော်(၉၀)

အောင်မင်္ဂလာကျောင်း၌ သီတင်းသုံးနေထိုင်တော်မူသော ဦးဥတ္တရ(ခ)ဦးခင်ကြွေ (ဦးအုံးဖေ လက်ရေးတိုလက်နှိပ်စက် ကျောင်းအုပ်ဆရာကြီး)သည် ၁၂-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၈း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၅ရက်) ၂၀-၁-၂၀၁၄ရက်တွင် အန္တိမအဂ္ဂိစျာပန ဆင်ယင် ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

(၁၅-၁-၂၀၀၉ မှ ၁၅-၁-၂၀၁၄)

ဦးမောင်မောင်အေး(ဆင်ဖြူကျွန်း)

လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်

လှိုင်မြို့နယ်(၅)ရပ်ကွက်ရှိ ကြံခင်းကျောင်းစာသင်တိုက်မှ သံဃာအပါး(၁၀၀)ကျော်အား ၁၂-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက်အရုဏ်ဆွမ်းကပ်လှူခြင်း၊(၅)နှစ်ပြည့်အလှူနှင့် နေ့စဉ်၊ လစဉ်၊နှစ်စဉ်ပြုသမျှဒါန၊သီလ၊ဘာဝနာကုသိုလ်ကောင်းမှုအစုစုကို အမျှရ၍၊ရောက်ရှိရာမြင့်မြတ်သောဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

ဇနီး-ဒေါ်စန်းဦး(အလပြ-ငြိမ်း)
သမီး-ကိုလှိုင်ဝင်းစိုး-မခိုင်နွယ်စိုး(မြဝတီဘဏ်)
သား-ဗိုလ်မှူးဇော်ဝင်း(ရေ)+မဇင်မာခိုင်
မြေး-(မိုးသံစဉ် (ခ)ပုံပုံ)

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

နော်ဝါးရှီးဝင်း

အသက်(၄၄)နှစ်

၁၅-၁၂-၂၀၁၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားသော စိတ်ထားမွန်မြတ်သည့်နော်ဝါးရှီးဝင်းအား ချစ်လှစွာသော ခင်ပွန်း ဦးထွန်းထွန်း(Managing Director-Red Horse Dairy Industries Limited)၊ သားစောအောင်ဝေယံထွန်း၊ စောထူးညဏ်တို့နှင့်အတူ နှမြောတသလွမ်းဆွတ်သတိရပါကြောင်း။

ဆရာဦးညဏ်ထွန်း
IGCSE(Chemistry)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်ကျော်

လက်ထောက်အထွေထွေမန်နေဂျာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်

အသက်(၅၉)နှစ်

ဆရာဦးထွန်းအောင်ကျော်သည် ၁၀-၁-၂၀၁၄ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီး မန်နေဂျာနှင့် စာတိုက်အရာထမ်း၊အမှုထမ်းများ
ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ခိုင်ဖြိုး

2/E(CDC-55777)

အသက်(၃၂)နှစ်

ဦးအောင်ခိုင်ဖြိုး 2nd. Engineer (CDC-55777) သည် ၈-၁-၂၀၁၄ ရက်တွင် MT. Global Saturn သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Lizstar Shipping Co., Ltd. မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ကိုအောင်ခိုင်ဖြိုး (၃၂)နှစ်

(2nd. Engineer Lizstar Shipping Enterprise Com)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ်(၁၁၀၉)၊ ငွေစင်လမ်းနေ ကိုအောင်ခိုင်ဖြိုး (CDC-55777) IMT CD 28, CE 26 သည် ၈-၁-၂၀၁၄ရက်တွင် MT. Global Saturn သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်နေစဉ် တရုတ်(တိုင်ပေ)နိုင်ငံ Kaohsiung ဆိပ်ကမ်း၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

IMT CD 28, CE 26 မှ သူငယ်ချင်းများ

အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာ(၄)ရပ်ကွက်၊ ချယ်ရီလမ်းနေ ဦးကျော်ကျော်-ဒေါ်ရီရီမြင့်(ပြည့်ဝမွေးမြူရေးအစာဆိုင်)၏သမီးဖြစ်သူ မသဲငြိမ်းဖြူကျော်(ခ)မသိမ့် [၉/မထလ(နိုင်)၁၈၈၈၈၂]သည်မိဘနှစ်ပါး၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်း၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း စသည့်ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ်သောကြောင့် ၁၀-၁-၂၀၁၄ရက်မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းရင်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း၊မသဲငြိမ်းဖြူကျော်(ခ) မသိမ့်နှင့်တကွအများသိစေရန်ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးကျော်ကျော်	**ဒေါ်ရီရီမြင့်**
[၉/မထလ(နိုင်)၀၁၂၀၇၉]	**[၉/မထလ(နိုင်)၁၆၁၅၂၁]**

ဝမ်းနည်းခြင်း

ဗိုလ်မှူးကြီးထွန်းမြင့်(ငြိမ်း)ကြည်း-၁၂၃၇၉ M.B.,B.S(Ygn), FRCS(Edin) ပါမောက္ခ/ဌာနမှူး/ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ပါရဂူ(ငြိမ်း)၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၊ အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အသက်(၆၈)နှစ်သည် ၁၀-၁-၂၀၁၄(သောကြာနေ့) မွန်းလွဲ ၁း၂၃နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

ခွဲစိတ်ကုပညာဌာနမိသားစု
တပ်မတော်ဆေးတက္ကသိုလ်၊ မင်္ဂလာဒုံ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ချို
အသက်(၅၇)နှစ်

မောင်ချိုလွင်ထွန်း-မသုလဲ့ရည်ကျော် တို့၏ ဖခင် ဦးမြင့်ချိုသည် ၁၃-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ခင်-ဒေါ်ဥမ္မာမြင့်
မိသားစု

ဦးတင်လှိုင်(စာရေးဆရာ) မောင်ကျောက်တိုင် အသက်(၈၅)နှစ်
မြောက်ဥက္ကလာပဆေးရုံ အုပ်ချုပ်ရေးမှူး (ငြိမ်း)
မော်ကွန်းဝင်(တတိယဆင့်)
ကန်တော့ခံသက်ကြီးစာပေပညာရှင်

ရန်ကုန်မြို့၊အမှတ်(၈၃)၊ ၁၂၄လမ်းနေ (ဒေါ်ထားကြည်)၏ခင်ပွန်း၊ သား၊သမီး ငါးယောက်တို့၏ဖခင်၊ မြေးလေးယောက်၏အဘိုးသည် ၁၃-၁-၂၀၁၄(တနင်္လာနေ့) ည ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၁၄-၁-၂၀၁၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်စန်းတင်(ဒေးဒရဲ)
အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်-၁၃၈၊ဝေဇယန္တာအနောက်(၁၀)လမ်း၊ ၆/အနောက်ရပ်ကွက်နေ ဦးစံရင်-ဒေါ်ရွှေရင်တို့၏သမီး၊ ဦးမြင့်ထူးအောင်-ဒေါ်ခင်မာချို(ဒေးဒရဲအသင်း) (၁၁၇၄) ပါမောင်နှမ ၁၀ ယောက်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၂၇ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၂-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဒေးဒရဲအသင်းသူ၊ အသင်းသားများလိုက်ပါပို့ဆောင်နိုင်ရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း
Sammy Ai Lun
(ခ)ဦးစိုင်းခမ်းလွန်း
အသက်(၅၈)နှစ်

လားရှိုးမြို့နေ(Dr.Albert Ai Lun-ဒေါ်အေးလှ)တို့၏သားထွေး၊ ဦးထက်ညီ (Councellor-Norway) - ဒေါ်ယဉ်ယဉ်မြင့်၊ Dr.Shane- မစန္ဒာ (Australia)၊ ဦးသက်ထွန်း (ဖိုးရှမ်း) Horeca Manager (Coca-Cola Pinya Beverages Myanmar Ltd)-ဒေါ်ကလျာထွန်း၊ Christopher-Katie (U.S.A), Iris-Gavin Lowe (England), Neil Tan, Brandon (U.S.A) တို့၏ ဦးလေးသည် ၁၃-၁-၂၀၁၄ (တနင်္လာနေ့) ည ၇း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြင်ကြင် (၈၃)နှစ်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်း၊ အမှတ်(၄၂)နေ (ဦးရိုး-ဒေါ်ကြည်)တို့၏သမီးထွေး၊ ဦးလှကြည် (ကုန်သွယ်ရေး-၅၊ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဦးမြင့်သန်း(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်-ငြိမ်း)-ဒေါ်ယုယုဝင်း(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ငြိမ်း)၊ ဒေါ်မြင့်မြင့်ကြူ (အထက-၁၊လမ်းမတော်)၊(ဦးဆွေတင့်)-ဒေါ်ကြူကြူအေး(ဟုမ္မလင်း)၊ ဗိုလ်မှူးအောင်ဝင်းဇော်(ငြိမ်း)(မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မန်နေဂျာ)-ဒေါ်သီတာဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်သန်းထက်အောင် (EFR Group of Company)၊မကေဇင်ဝင့်(ခေတ္တ-တိုကျို)၊ မောင်နန္ဒတင်ကျော် (G-9,C. TT.C ကမာရွတ်)၊ မကြည်ဖြူဟန်(G-5,TT.C၊ လှိုင်)တို့၏ ချစ်လှစွာသော အဘွား၊ ဒေါ်ကြင်ကြင်သည် ၁၄-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဆန်းဝင်း(၄၆)နှစ်
(ပိုင်-ဗီဒီယို)

ညောင်တုန်းမြို့၊ ဂန့်ချောင်းကျေးရွာနေ(ဦးခွေးမောင်-ဒေါ်တင်အေး)တို့၏ သား၊ (ဦးအေးဖေ-ဒေါ်လှအေး)တို့၏ သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ တိုက်(၈၆၀)၊ အခန်း(၁၀၁)နေ ဒေါ်ပြုံးပြုံးအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းမင်းနိုင်-မဇင်ပိုဆန်းဝင်း၊ မောင်နိုင်ဦး-မလှမျိုးနွယ်၊ မခိုင်မွန်မွန်ထွေးတို့၏မွေးသဖခင်သည် ၁၄-၁-၂၀၁၄ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရန်နိုင်ထွန်း(ဟင်္သာတ)
B.Sc(Chemistry)
အသက်(၄၅)နှစ်

ဟင်္သာတမြို့နယ်၊ တာလေးရပ်ကွက်နေ(ဦးညိုမောင်-ဒေါ်ခင်မြင့်)၊ ဟင်္သာတမြို့၊ ရွှေကူရပ်ကွက်နေ(ဦးငယ်-ဒေါ်ပု)တို့၏မြေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ အင်ကြင်းမြိုင်အိမ်ရာ၊ တိုက်(၁၀)၊အခန်း(၀၀၅)နေ(ဦးသန်းထွန်း)-ဒေါ်နွဲ့ရီ(ဟိုတယ်ခရီး-ငြိမ်း)တို့၏သားကြီး၊ တောင်ကြီးမြို့နေ ဦးကျော်ဝင်း-ဒေါ်နန်းစွမ်းတို့၏သားသမက်၊ ဒေါ်လွင်မာထွန်း (You me)၊ ဒေါ်ဝင်းမာထွန်း(ပဥ္စလက်ဖက်ရှင်၊ ယုဇနပလာဇာ)တို့၏အစ်ကိုကြီး၊ ဒေါ်နန်းခမ်းမိုင် (YNK ဖက်ရှင်-ယုဇနပလာဇာ)၏ခင်ပွန်း ဦးရန်နိုင်ထွန်းသည် ၁၃-၁-၂၀၁၄ရက်တွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၄ရက် နံနက်၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အနိစ္စ

ရဟန်းဒါယိကာမကြီး
ဒေါ်ကျင်ရီ (၈၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၉၇)၊ ဗညားဦး (၁)လမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နေ [ဦးကွန်း (မြန်မာ့မီးရထား-ငြိမ်း)]၏ ဇနီး၊ (ဦးစိန်မြင့်)-ဒေါ်ခင်မေရိန်(ကုန်သွယ်ရေး-ငြိမ်း)၊ ဦးခင်မောင်ဝင်း(MPPE-ငြိမ်း)-ဒေါ်ပြုံးခိုင် (စက်မှု-၁၊ ငြိမ်း)၊ ဒေါ်ခင်ခင်အေး (အထက-၂၊ တာမွေ-ငြိမ်း)၊ ဦးစောလှဝင်းစိန် - ဒေါ်ခင်ထွေးရီ(မြန်မာ့မီးရထား-ငြိမ်း)တို့၏ ကျေးဇူးရှင် မွေးသမိခင်၊ [ဒေါက်တာအောင်သန်း (ဌာနမှူး၊ ကျန်းမာရေးဌာန၊ မြို့တော်စည်ပင်)]-ဒေါ်ခင်စန်းရီတို့၏ အဒေါ်၊ ဦးသော်တာဇော် - ဒေါ်ညိုညိုတင်၊ ဒေါက်တာမို့မို့ကျော်(တိုက်နယ်တာဝန်ခံဆရာဝန်၊ ကရင်ကျောင်းတိုက်နယ်ဆေးရုံ)၊ ဒေါ်စုဝေထွန်း၊ ဦးအောင်မျိုးသက်၊ ဦးကျော်သက်လှိုင်၊ ဦးအောင်လှိုင်မိုး၊ ဦးသက်ဇော်ဦးတို့၏ အဘွား၊ ရဲမင်းစံ၏ ဘွားဘွားကြီးသည် ၁၄-၁-၂၀၁၄ ရက် နံနက် ၆း၀၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်ဝင်းကြည်(အိုးသည်ကုန်း)
အသက်(၆၅)နှစ်
(မြောက်ဥက္ကလာပမြို့နယ်၊ ၂ရပ်ကွက်၊ သူဇာသမအသင်းတာဝန်ခံ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ ခ/၃၂၀၊ တုသိတာလမ်းတိုနေ(ဦးကုလားကြီး)-ဒေါ်ခင်ကြည်တို့၏သမီး၊ ဦးဇော်အေး-ဒေါ်လှလှဝင်း၊ (ဦးစံဝင်း)-ဒေါ်ငွေငွေကြည်၊ (ဦးဇော်လေး)၊ ဒေါ်ညိုတို့၏အစ်မ၊ ဦးကျော်မြင့် (ဆက်သွယ်ရေး၊ ငွေစာရင်း၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)၏ဇနီး၊ ဦးဘုန်းနိုင်-မအေးဝေမြင့်၊ မအေးဝင်းထိုက်တို့၏မိခင် ဒေါ်ဝင်းကြည်သည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ ရက် မွန်းလွဲ ၂နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်လင်း(ဘချစ်)
B.A (Law), LL.B
၁၉၇၂-၁၉၇၈
(တရားလွှတ်တော်ရှေ့နေ)
အသက်(၆၀)

ပဲခူးမြို့၊ ပြည်တော်အေး(၂)လမ်း၊ ရုံးကြီးရပ်ကွက်နေ(ဦးမောင်ရီ)-ဒေါ်ညိုရင်တို့၏သားကြီး၊ ဦးစိုးဦး-ဒေါ်သန်းသန်းဝင်း(အထက-၃)၊ ဒေါ်သူဇာညို၊ ဦးတေဇာလင်း (ခရိုင်အုပ်ချုပ်ရေးမှူးရုံး)တို့၏အစ်ကိုကြီး၊ ပဲခူးမြို့၊ နာဂဝံ(၁)လမ်း၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၈)နေ ဒေါ်ဇင်ဇင်ဝေ၏ခင်ပွန်းသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရီရီဝင်း (၅၇)နှစ်

အမှတ်(၄၁)၊ မြေညီထပ်၊(၁၇)လမ်း အောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့နေဦးကြည်စိန်-(ဒေါ်ရှုလွှမ်)တို့၏သမီးကြီး၊ (ဦးအောင်ဝင်း)-ဒေါ်စောလွှမ်တို့၏ သမီးချွေးမ၊ ဦးကျော်မြင့်၏ချစ်လှစွာသော ဇနီး၊ ဦးစိုးလွင် ၏ညီမ၊ (ဒေါ်လှလှဝင်း)-ဦးကျော်သိန်း၊ ဒေါ်မြမြဝင်း-ဦးတင်လှိုင်တို့၏အစ်မကြီး၊ မောင်ကျော်ဇင်၊ မဖူးပွင့်သွယ်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ တူ/တူမလေးယောက်တို့၏ အဒေါ်သည် ၁၃-၁-၂၀၁၄(တနင်္လာနေ့) ည၁၀း၀၅နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးလှရွှေ (၈၅)နှစ်
(မြန်မာ့ရေနံဓာတုလုပ်ငန်း-ငြိမ်း)

မန္တလေးမြို့နေ (ဦးမှီ-ဒေါ်ပုံ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်အုန်းတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ ဇဋိလ(၁)လမ်း၊ အမှတ်(၉၆၅/ခ)နေ ဒေါ်သန်းခွဲ၏ ခင်ပွန်း၊ (ဦးသိန်းထွန်း)-ဒေါ်ခင်ဝင်းဆန်း(ဒုလက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဒေါ်ခင်ဝင်းသန်း(အထက-၁၊ သင်္ဃန်းကျွန်း)၊ ဦးဘုန်းဇော်-[ဒေါ်ဆွေဆွေဝင်း(မန်နေဂျာ၊ စက်မှု-၁)]၊ ဦးမျိုးမြင့်(မြန်မာ့ဆားလုပ်ငန်း)-ဒေါ်ထွေးစိန်၊ ဒေါ်ကြူကြူလှ(အလက-၆၊ တ/ဥ)၊ ဦးထွန်းထွန်း-ဒေါ်မိမိဆွေတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးလှကျော်(ခ)ဦးအော်ကုလား
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးကျင်နောင်-ဒေါ်ငွေမြင့်)တို့၏ သား၊ ရန်ကုန်မြို့၊ (၁၈)လမ်း၊ လမ်းမတော်နေ (ဦးမြအောင်-ဒေါ်ကြင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သမိုင်းနေ ဦးသန်းထွန်း-(ဒေါ်စိန်မြင့်)၊ ပြင်ဦးလွင်မြို့နေ (ဗိုလ်မှူးတင်အုန်း)-ဒေါ်ငွေကြူတို့၏ညီ၊ (ဦးမိုးလှိုင်)-ဒေါ်စန်းမေ၊ (၁၈)လမ်းနေ ဦးကျင်အေး-ဒေါ်ခင်မာဝင်း၊ ဦးရန်လင်း- ဒေါ်ကျင်ထွေး၊ ဒေါ်ကျင်အေးတို့၏ အစ်ကို၊ အမှတ်(၆၀)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်မာမာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ကျော်ကျော်ဝင်း(Y.C.D.C)၊ ဦးကျော်ဝင်းနိုင်-ဒေါ်လှလှရီ၊ ဒေါ်နီနီဝင်း-ဦးကိုကိုကျော်၊ ဒေါ်ဝါဝါဝင်း(ဦးစီးမှူး၊ အနုပညာဦးစီးဌာန)-ဦးဇော်လင်းထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မကြီးကြီးလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်ကြည်(ခ)ဒေါ်ရှုး
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၇၂)အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးချမ်-ဒေါ်ငုတ်)တို့၏သမီး၊ ဦးငြိမ်းမောင်၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်ကျော်-ဒေါ်အေးအေးငြိမ်း(ဦးမြင့်သိန်း)-ဒေါ်တင်တင်ငြိမ်း၊ (ဦးအောင်မျိုးငြိမ်း)-ဒေါ်ခိုင်၊ ဦးမျိုးအောင်-ဒေါ်ဝါဝါငြိမ်း(အကောက်ခွန်မှူး)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) နံနက်၆း၃၀နာရီတွင် ရွှေဗဟိုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်စိန်(ထန်းတပင်) (၆၁)နှစ်
(တရားလွှတ်တော်ရှေ့နေ)

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့ နယ်၊ ခုနှစ်ကျိုက်အနောက်ဘက်ကမ်းနေ (ဦးရွှေလုပ်-ဒေါ်အုန်းခင်)တို့၏သား၊ ထန်းတပင်မြို့နေ(ဦးတင်ညွှန့်-ဒေါ်အုန်း)တို့၏သားသမက်၊ ဦးဖြိုးဝေမြင့်-ဒေါ်စန်း စန်းသော်၊ ဒေါ်ဗေရယ်ဖူးဝေမြင့်(အထက်တန်းရှေ့နေ)တို့၏ဖခင်၊ ဒေါ်သန်းသန်း အေး၏ခင်ပွန်းဦးမြင့်စိန်(တရားလွှတ်တော်ရှေ့နေ)သည်၁၃-၁-၂၀၁၄(တနင်္လာနေ့) ည၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထန်းတပင်မြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁-၂၀၁၄ (တနင်္ဂနွေနေ့)တွင် အမှတ်(၄၀)၊ ဦးစံ အေးလမ်း၊ (၂)ရပ်ကွက်၊ ထန်းတပင်မြို့နေ ဒေါ်သန်းသန်းအေး၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမင်းသစ်လွင် (၅၈)နှစ်
(မြို့နယ်ပညာရေးမှူး၊ ချောင်းဆုံ)

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာနေ (ဦးဘညဏ်-ဒေါ်အေးသျှ)တို့၏ သားထွေး၊ ချောင်းဆုံမြို့နယ်၊ ရွာလွတ်ကျေးရွာနေ ဒေါ်တင်ဦးဝေ၏ ခင်ပွန်း၊ ဦးသောင်းခိုင်-ဒေါ်ကြည်ကြည်သန်း၊ ဦးမင်းသိန်းဆွေ-ဒေါ်သီသီမွန်၊ ဦးမင်းကျော်ဝေ-ဒေါ်စမ်းနွယ်တို့၏ ညီ/မောင်၊ မထက်ထက်ဦးလွင်၊ မောင်ကျော်မျိုးလွင်-မငုဝါလွင်တို့၏ ဖခင်၊ မဇီဇဝါလွင်၏ အဘိုးသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၆ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၄ ရက် နံနက် ၁၁း၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Sammy Ai Lun(ခ)
ဦးစိုင်းခမ်းလွန်း (၅၈)နှစ်

လားရှိုးမြို့နေ(Dr. Albert Ai Lun-ဒေါ်အေးလှ)တို့၏သားထွေး၊ ဒေါက်တာညီဝင်းမှန် - ဒေါက်တာခင်ဝင်းအေး (Australia)၊(ဦးတင်ထွန်း-ဒေါ်မိုး)၊ Mr. Bob Mc Killop-ဒေါ်မေသက် လွန်း (England), Ko Tommy-Carolyn Lun (U.S.A), Noel-Connie Tan (U.S.A) တို့၏ညီ/မောင်၊ ကိုရဲအောင်(ခ)Alvin Ai Lun(A/B) (J.S.M) Shipping Co.,Ltd.-Rebecca@Teacher ပန်းမျိုးအိ(C.I.S.M)တို့၏ဖခင်၊ Catherine ၏ ဘိုးဘိုးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၆) အခန်း (၅)နေ Gladiola Lenner (ခ) ဒေါ်မေသစ္စာ(Music Teacher,C.I. S.M) ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၃-၁-၂၀၁၄(တနင်္လာနေ့) ည၇း၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်စန်းတင်(ဒေးဒရဲ)
အသက်(၈၀)

(ဦးစံရင်-ဒေါ်ရွှေရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆) အနောက်ရပ်ကွက်၊ ဝေဇယန္တာအနောက် (၁၀)လမ်း၊ အမှတ်(၅၃၈)နေ(ဦးမောင်ခင်-ဒေါ်ငွေစိန်)တို့၏သမီးချွေးမ၊ ဦးထိုင်ကြည်၏ချစ်လှစွာသောဇနီး၊ ဦးမြင့်ထူးမောင်-ဒေါ်ခင်မာချို၊ ဦးမြင့်စိုး-ဒေါ်ခင်စန်းကြည်၊ ဦးတင်အောင်-ဒေါ်ခင်မာညို၊ ဦးဝင်းဟန်-ဒေါ်ခင်မာပို၊ ဦးခင်မောင်ကြီး-ဒေါ်ခင်မာတင်၊ ဦးကျော်ကျော်-ဒေါ်ခင်မာဇင်၊ ဦးရဲနိုင်ဦး-ဒေါ်တင်ဇာငြိမ်း၊ ဦးပြည်စိုး-ဒေါ်ခင်သူဇာခိုင်၊ ဦးအင်ဟုတ်-ဒေါ်ယမင်း၊ ဦးမာအုန်း-ဒေါ်သီရိဖြိုး တို့၏မွေးသမိခင်၊ မြေး ၂၇ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၂-၁-၂၀၁၄(တနင်္ဂနွေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကေသဝ
သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်
စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ဝါးတန်းကျေးရွာ ဝါးတန်းကျောင်းတိုက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ဝါးတန်းကျေးရွာ၊ ဝါးတန်းကျောင်းတိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ ကေသဝသည် ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက် (အင်္ဂါနေ့) နံနက် ၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ရက်) ၁၉-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ဝါးတန်းကျောင်းတိုက်၌ အဂ္ဂိမအဂ္ဂိစျာပနပူဇာသဘင် ဆင်ယင်ကျင်းပပြီး မီးသင်္ဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးအဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုဏ္ဍလ မဟာထေရ်မြတ်
သိက္ခာတော်(၆၅)ဝါ၊ သက်တော်(၈၅)နှစ်
(တွဲတေး)

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အဝကန်ကျေးရွာနေ (ခမည်းတော် ဦးရွှေလူးအောင်-မယ်တော် ဒေါ်ကြိုင်မဖြူ)တို့၏ သားဦးရတနာဖြစ်တော်မူသော တွဲတေးမြို့၊ မင်းပိုင်းရပ်ကွက်၊ တောင်ပေါ် နန္ဒဝန်ကျောင်းတိုက်နှင့် ရတနာဇေယျ ပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလ မဟာထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်) ၁၁-၁-၂၀၁၄ (စနေနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်) ၁၉-၁-၂၀၁၄ (တနင်္ဂနွေနေ့)တွင် အဂ္ဂိမအဂ္ဂိစျာပနသဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်ရဟန်းတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနဖြစ်မြောက်ရေးကော်မတီ
တပည့်ဒါယကာ၊ ဒါယိကာမများ
တွဲတေးမြို့

ဒေါ်မြစိန် (၉၁)နှစ်
(လယ်/သစ် ဝန်ကြီးဌာန-ငြိမ်း)

(ဦးမောင်တင်-ဒေါ်ခင်ဆွေ)တို့၏ သမီးကြီး၊ (ဦးစိန်လွင်)၏ ဇနီး၊ (ဦးချစ်စိန်)၏ အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂၁/၂၃)၊ ပထမထပ်၊ (၅၂)လမ်းနေ ဦးလွင်ဦး-(ဒေါ်အေးနွဲ့)၊ ဦးမြတ်ကျော်-ဒေါ်နီနီစမ်း၊ ဦးခင်မောင်မြင့်-ဒေါ်တင်တင်ဝင်း(ရိုးမဘဏ်၊ လမ်းမတော်)၊ (ရှင်ဦးသြဘာသ)တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်မြစိန်သည် ၁၄-၁-၂၀၁၄ ရက် မွန်းလွဲ ၁၂း၃၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဆရာကြီးဦးသိန်းအောင်(ခ) M.Aရရှိဒ် (၈၉)နှစ်
B.Com (Hons), B.L, M.B.A(USA)
ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် နာယကကြီး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၈/၁၂)၊ မြေညီထပ်နေနှင့် ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နေ (ဦးစိန်-ဒေါ်လှဝင်း)တို့၏ သား၊ (ဦးကျော်လွင်-ဒေါ်ပု)တို့၏ သားသမက်၊ (ဦးသိန်းဖေ)၊ (ဒေါ်ဝင်းကြည်)၊ (ဦးဝင်းမြင့်)၊ဒေါ်နွဲ့နွဲ့ရီတို့၏အစ်ကို၊ ဒေါ်ခင်မာလွင်၏ခင်ပွန်း၊ မိမိအောင်၊ နီနီအောင် (ကနေဒါ)၊ ရန်နိုင်အောင်တို့၏ ဖခင်၊ သူရဖုန်းနိုင်၊ စည်သူအောင်(ကနေဒါ)တို့၏ အဘိုး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်နာယကကြီး၊ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ကထိကဆရာကြီးဦးသိန်းအောင်သည် ၁၃-၁-၂၀၁၄ ရက် ည ၇း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၄-၁-၂၀၁၄ ရက် ဇဟိုရ်အပြီး မွန်းလွဲ ၁း၃၀ နာရီတွင် အမှတ်(၂၈/၁၂)၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်နေအိမ်မှ ရေဝေးအစ္စလာမ် ဥယျာဉ်(ကဘာရ်စတန်)၌ ဒါဖွာနာပြုလုပ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသန်းမောင် (၈၁)နှစ်

ဓနုဖြူမြို့၊ ဗျင်းပွဲကျေးရွာနေ(ဦးဘရှိန်-ဒေါ်မယ်ဟန်)တို့၏သား၊ ရန်ကုန်မြို့၊ သီလ(၁၀)လမ်း၊ အမှတ်(၃၂၃)နေ ဒေါ်သန်းမြိုင်၏ခင်ပွန်း၊ ဒေါ်ခင်သန်းငွေ၊ ဒေါ်စန်းစန်းအေး၊ ဦးကျော်လွင်၊ ဒေါ်ချိုချိုမာ၊ ဦးဇော်မိုးသန်း၊ ကိုဇော်မျိုးသန့်၊ ကိုကျော်ကျော်ဝင်းတို့၏မွေးသဖခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့)နံနက် ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄(ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၀-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားဒါယကာကြီး
ဦးတင်မောင်သောင်း(ခ)ဦးကိုကို (၆၈)နှစ်
B.Sc (Botany)
ဗန္ဓုလစက်မှုလက်မှု၊ အေးသာယာစက်မှုဇုန်

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၅၄)နေ (ဦးမြသောင်း-ဒေါ်စောတင်)တို့၏သားကြီး၊ ဦးတင်ညို-ဒေါ်ခင်သန်းတို့၏ သားသမက်၊ ဒေါ်သန်းသန်းဦး၏ခင်ပွန်း၊ ကိုသူရိန်သောင်း(ဟော်နန်း လက်ဖက်ခြောက်ရောင်းဝယ်ရေး)၊ ကိုဇာနည်သောင်း(ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး) တို့၏ဖခင် ဦးတင်မောင်သောင်း(ခ)ဦးကိုကိုသည် ၁၁-၁-၂၀၁၄(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁-၂၀၁၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

themirror.npt@gmail.com နှင့်
www.facebook.com\themirrordaily

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၄

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဦးသိန်းညွန့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးခင်မောင်စိုး၊ ဦးဇေယျာအောင်၊ ဦးအေးမြင့်ကြူ၊ ဦးသန်းဌေး၊ ဦးဌေးအောင်နှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိကျင်းပနိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားများကို

စာမျက်နှာ ၅ ကော်လံ ၅ သို့ ☆

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အာဆီယံမသန်စွမ်း အားကစားသမားများအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် ရောက်ရှိနေသော အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများအား ယနေ့နံနက် ၁၀ နာရီတွင် အားကစားလေ့ကျင့်ရေးစခန်း နေပြည်တော်ရှိ Social Zone ၌ တည်ခင်းဧည့်ခံသော လက်ဖက်ရည်ပွဲသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အာဆီယံနိုင်ငံများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳

ယနေ့

မာတိကာ

မသန်သော်လည်း စွမ်းပါသည်

စာမျက်နှာ - ၂

• • • • • • • • • • •

မြို့တော်ရန်ကုန်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲနှင့် ပြပွဲကျင်းပမည်

စာမျက်နှာ - ၁၂

တစ်နှစ်တာ ဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆု ရီးယဲလ်မက်ဒရစ်စူပါစတား စီရိုနယ်လ်ဒိုဆွတ်ခူး

ပေါ်တူဂီနှင့် ရီးယဲလ်မက်ဒရစ်စူပါစတား ခရစ္စတီယာနိုရိုနယ်လ်ဒိုသည် ဘာစီလိုနာအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး လီယွန်နယ်မက်ဆီနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ပြင်သစ်တောင်ပံကစားသမား ဖရန့်ရီဘာရီတို့ကို ကျော်ဖြတ်ကာ တစ်နှစ်တာဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့ပြီးဖြစ်သည်။

အသက် (၂၈) နှစ်အရွယ်ရှိ ပေါ်တူဂီ အသင်းခေါင်းဆောင် စီရိုနယ်လ်ဒိုသည် ၂၀၀၈ ခုနှစ်က မန်ချက်စတာမြို့ခံ မန်ယူအသင်းတွင် ကစားခဲ့စဉ်က ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးရရှိခဲ့ပြီး ယခုတစ်ကြိမ်ထပ်မံရရှိခဲ့ခြင်းသည် စီရိုနယ်လ်ဒို၏ ဒုတိယအကြိမ်ရရှိခဲ့သည့် တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးကစားသမားဆုဖြစ်သည်။

တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးအမျိုးသားကစားသမားဆုရှင် စီရိုနယ်လ်ဒိုနှင့် အကောင်းဆုံး အမျိုးသမီးကစားသမားဆုရှင် အန်ဂါရာ။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိမှတ်ဖွယ်ရာ စိတ်ကြိုက်မြန်မာစာဘာသာသင်ခန်းစာပါရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာ

မင်္ဂလာပါတပည့်တို့

ဒီကနေ့ပို့ချမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် "မြန်မာစာဘာသာရပ်မေးခွန်းလွှာ" ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် မြန်မာစာပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့နဲ့ မြန်မာစာဘာသာရပ်ကို ထူးချွန်ထက်မြက်စွာ ဖြေဆိုစေနိုင်ဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်ဝင် မြန်မာစာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ် (၄) အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ - မြန်မာသဒ္ဒါအတွဲ (၂) အခန်း(၆)၊ ပင်ရင်းမြန်မာစကားပြေ လက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ဖြစ်ပါတယ်။

ပထမဦးစွာ စာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူများအနေနဲ့ မြန်မာစာ မေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁)ပုဒ်၊ ကဗျာဓမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေဓမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည်(၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံး မေးခွန်း(၁)ပုဒ်တို့ဖြစ်ပါတယ်။ အဲဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများ ပါဝင်မှာ ဖြစ်ပါတယ်။

မေးခွန်း ၁ ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့ မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခု ခွဲပြီး မေးထားတယ်။

မေးခွန်း ၁ (က) မှာ မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာ အခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့(၁) ခုဖြေရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ ကျောက်စာစတဲ့ စာအမျိုးမျိုး၊ ည ပြောင်းလဲပုံ၊ ဒထွေး ပြောင်းလဲပုံ၊ အက္ခရာဦး ပြောင်းလဲပုံ၊ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဌာန်၊ ကရိုဏ်းနဲ့ပယတ်၊ စကားသံဖြစ်အင်္ဂါများ၊ ဝါစင် ဆိုင်ရာ အဓိပ္ပာယ် ဖွင့်ဆိုချက်များ၊ ဝါကျဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များထဲက မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို ဖြေဆိုတဲ့အခါမှာ ကျက်မှတ်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာဖြစ်ပါတယ်။ သဒ္ဒါအဓိပ္ပာယ် ဖွင့်ဆိုချက်တွေကို ဖြေဆိုရာမှာ လိုအပ်တဲ့ သာဓကတွေကို ထည့်သွင်းဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ခ) ကတော့ သဒ္ဒါလေ့ကျင့်ခန်း မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း (၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကို သေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျ ဖြေပေးရပါမယ်။ သာဓကပြရမယ်ဆိုရင် 'အနက်အဓိပ္ပာယ်'အရ မည်သည့် သမ္ဗန္ဓ ဖြစ်ကြောင်းမေးထားတဲ့ "သို့ရာတွင်" စကားလုံးကိုဖြေရင် "ဆန့်ကျင်ပြသမ္ဗန္ဓ" လို့ဖြေရပါမယ်။ "ထို့ကြောင့်" ကို "အကြောင်းပြသမ္ဗန္ဓ"၊ "သကဲ့သို့" ကို "နှိုင်းယှဉ်ပြသမ္ဗန္ဓ" လို့ ဖြေရပါမယ်။

မေးခွန်း၁ (ဂ) ကတော့ သဒ္ဒါကိုအမှန်တကယ် နားလည်တတ်ကျွမ်းမှုရှိ၊ မရှိ စမ်းသပ်တဲ့ မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။ "သာ" ဆိုတဲ့ နာမ်ပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင်-"ကြိုးစားခြင်းသာ အောင်မြင်မှုအတွက် ပဓာနဖြစ်သည်။"ဆိုတဲ့ဝါကျမျိုး ဖွဲ့ရမှာဖြစ်ပါတယ်။

"ကဲ့သို့" ဆိုတဲ့ ဥပမာပစ္စည်း ကိုဝါကျဖွဲ့ခိုင်းရင်-

"မောင်ကျော် ကဲ့သို့ မောင်မောင် လည်း စာကြိုးစားသည်။"

လို့ ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေမှန်ဖို့ လိုပါတယ်။

မေးခွန်း ၂ ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။

မေးခွန်း ၂ (က) မှာ စာသုံးပေသုံး ရှေးသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံ တိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့ သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်နိုင်ပါတယ်။

သာဓကအနေနဲ့ "မယ့်သည်ပင်" ဆိုတဲ့ ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း "မယ့်ချစ်သူ" ဆိုပြီးတော့ ဖွင့်ရပါမယ်။ "မယ့်သည်ပင်" သည် နာမ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အနက်ဖွင့်သည် နာမ်အနက်ပဲ ဖြစ်ရပါမယ်။ "ရမ်းရော်" ဆိုတဲ့ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာ ပါတဲ့အတိုင်း "တမ်းတမှန်းဆသည်" ဆိုပြီးတော့ ဖွင့်ရပါမယ်။ 'ရမ်းရော်'သည် ကြိယာဖြစ်တဲ့အတွက် အနက်ဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။

မေးခွန်း ၂ (ခ) မှာတော့ ယနေ့ခေတ်သုံး ဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခု မေးပြီးတော့ (၅)ခု ဖြေရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ ဝေါဟာရဟာ အဓိပ္ပာယ် ကွဲပြားမှုရှိနိုင်ပေမယ့် မေးခွန်းသဘောအရ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက် ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။ သာဓကအနေနဲ့ "သွေးလန့်" ဆိုတဲ့ဝေါဟာရကိုဝါကျဖွဲ့ရင် "မောင်မောင်သည် ယာဉ်တိုက်မှုကို မြင်တွေ့ခဲ့သဖြင့် သွေးလန့် နေသည်။" ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။

မေးခွန်း၂ (ဂ) ကတော့ အလင်္ကာမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝင်္ကဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲအစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း (၈)ခု မေးပြီးတော့ (၅)ခု ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ်ဆိုတာတွေကို ဖြေရမှာ ဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝင်္ကဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲ အလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီး ရှင်းပြရမှာ ဖြစ်ပါတယ်။

သာဓကအနေနဲ့ "ကျွဲခတ်သည့်ဟန်" ဆိုတဲ့ ဥပမာအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို အကျွန်တို့လယ် ကောက်စိုက်တုန်းက ကဗျာမှ ကောက်စိုက်သမလေးများ ခေါင်းကလေးကိုခါရမ်းလိုက်တိုင်း ဗျာပါဆံနှစ်ဖက်ရိုက်ခတ်ပုံကို ရည်ညွှန်းဖော်ပြရာ၌ ဆက်စပ်သုံးထားခြင်းဖြစ်ကြောင်း၊ ကောက်စိုက်သမကလေးများ ခေါင်းခါရမ်း လှုပ်ရှားလိုက်သောအခါ ဗျာပါဆံနှစ်ဖက် လှုပ်ခတ်နေပုံ (အနှိုင်းခံ)ကို ကျွဲခတ်သည့်အခါ ဦးချိုနှစ်ဖက် လှုပ်ခတ်နေပုံ (အနှိုင်း)နှင့် ခိုင်းနှိုင်းရေးဖွဲ့ထားသောကြောင့် ဥပမာအလင်္ကာမြောက်ကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

မေးခွန်း ၃ ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာနဲ့ သက်ဆိုင်တဲ့မေးခွန်းတွေ ဖြစ်တယ်။

မေးခွန်း ၃ (က) မှာ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေ မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့ သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။

မေးခွန်း ၃ (ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံး အဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါအကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားလဲလို့ မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့ အတွေးအမြင်ခံစားချက်ကို မေးတာလား စသည်ဖြင့်ကွဲကွဲပြားပြား သိဖို့ လိုအပ်ပါတယ်။

မေးခွန်း ၄ ကတော့ မြန်မာစကားပြေ လက်ရွေးစင်ထဲကမေးတာ ဖြစ်ပါတယ်။ မေးခွန်း ၄မှာ (က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။

မေးခွန်း ၄ (က)က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့ စကားပြေစာအုပ်အမည်စတဲ့ စကားပြေဆိုင်ရာ အချက်အလက်တွေကို လေ့လာကျက်မှတ် ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်းလိုအပ်ပါတယ်။ ကဗျာမေးခွန်း၃ (က) နဲ့ သဘောအားဖြင့် တူပါတယ်။

မေးခွန်း ၄ (ခ) ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်း ဖြစ်ပါတယ်။ စကားပြေ တစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့ လိုအပ်ပါတယ်။ မေးထားတဲ့မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်ပါတယ်။ မိမိ လေ့လာကျက်မှတ်ထားသမျှကို မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုနိုင်ဖို့ အထူးအရေးကြီးပါ တယ်။

မေးခွန်း ၅ ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ **မေးခွန်း ၅** မေးခွန်းမှာ (က) နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ်မေးပါတယ်။

မေးခွန်း ၅ (က) မှာ စကားစပ် မေးပါတယ်။ စကားစပ်ကို ဖြေတဲ့ အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့စပ်ပြီး ဘယ်လို ပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

စကားစပ်ကို ဖြေတဲ့နေရာမှာ သိထားရမယ့် အချက်အလက်တွေ ရှိပါတယ်။ အဲဒါကတော့ မည်သည့် အခန်းကဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁)၊ အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့ အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းတောင်းပန်ခန်းစသည်ဖြင့် အခန်းအမှတ်ရော အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကို ဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်း ပြောသောစကားဖြစ်သည်လို့ ဖြေရင် လုံလောက်ပါတယ်။

အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန်စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲပြေးလွှားနေတာကို ဥဒယမင်းကြီး ရှေ့မှန်ပြောင်းနဲ့ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန် ဖြစ်တယ်။ ရေသည် ပြဇာတ်မှာ မွန်းတည့်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျ မဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ်ပြောရမှာဖြစ်တယ်။ ဥပမာ-ရေသည်ယောကျ်ား အိမ်ရှေ့မင်းပေါင်ပေါ်၌ ဥဒယမင်းကြီးအိပ်ပျော်နေချိန်၊ အိမ်ရှေ့မင်းတောထွက်ရန် တောင်းပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။ နေရာကိုဖော်ပြရာတွင် ရေသည်ယောကျ်ား စကားဆိုခန်းဖြစ်လျှင် ဗာရာဏသီမြို့ မြောက်မျက်နှာ၊ ရေသည်မိန်းမစကားဆိုခန်းဖြစ်လျှင် ဗာရာဏသီမြို့ တောင်မျက်နှာ၊ ရေသည် ယောကျ်ားနှင့် ရေသည်မိန်းမတွေ့ဆုံခန်း ဖြစ်လျှင် ဗာရာဏသီမြို့ တောင်မျက်နှာ၊ အိမ်ရှေ့မင်းစံရာမြောက်စံအိမ်၊ ဥယျာဉ်တော်အတွင်းတစ်နေရာ စသည်ဖြင့် အတိအကျဖော်ပြရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ စကားစပ်မှာ ဖြေရမယ့်ဆိုလိုရင်း အဓိပ္ပာယ်ကိစ္စ ဖြစ်ပါတယ်။ ပေးထားတဲ့ စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်း ပြန်မရေးရပါဘူး။ မူရင်းစာသားကို သည် တွေ၊ ၏ တွေ ထည့်ပြင်ရေးပြီး ဖြေဆိုတာမျိုးလည်း မဖြစ်သင့်ပါဘူး။ ပေးထားသောစာပိုဒ်မှာ ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့ အချက်တွေကို ထည့်ပြီးတော့ မရေးရပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကို ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း ၅ (ခ) မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

စာမျက်နှာ (၂) သို့

စာမျက်နှာ (၁) မှ

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) က ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။

ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောက်ျားနှင့် ရေသည်မိန်းမတို့ရဲ့ ဘဝအခြေအနေ
(၂) ရေသည်ယောက်ျားငွေလေးရွှေးတပ်မက်ပုံ
(၃) ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ
(၄) အိမ်ရှေ့မင်းသား သတိသံဝေဂရပုံနဲ့
(၅) တောထွက်ရန်ပြောဆိုပုံ တို့ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်း အဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာ ကဏ္ဍမှာမေးပါတယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက် အဖွဲ့ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောက်ျား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင်သုံးယောက်ရဲ့ စရိုက်တွေကို မေးလေ့ရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့ အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ဒါပေမယ့် ရေသည်ပြဇာတ်စာဆိုဦးပုညသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာ ဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ ရေးရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်စကားပြေကိုပိုပြီး အသက်ဝင်အောင်၊ မိမိအဖြေကို ပိုပြီးပြည့်စုံအောင် ပြဇာတ်စာသား အကိုးအကားထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းဖြစ်တဲ့ ရေသည်ယောက်ျားရဲ့ ပုံပန်းသွင်ပြင်နဲ့ ဘဝသရုပ်ကိုဖြေဆိုမယ်ဆိုကြပါစို့။ ရေသည်ယောက်ျားရဲ့ ရုပ်အသွင်အပြင်၊ ဝတ်စားဆင်ယင်ပုံနဲ့ ဘဝအခြေအနေတို့ပါအောင် ဖြေဆိုရပါမယ်။ သေးငယ်လွန်းလှတဲ့ သျှောင်ဆံထုံး၊ မွဲခြောက်စုတ်ချာနေတဲ့ဆံပင် စတဲ့ရုပ်သွင်၊ စုတ်ဖွာညှိဖျင်းလှတဲ့ ခါးဝတ်ပုဆိုးကို ဝတ်ဆင်ထားပုံ၊ ထမင်းနှင့် ချဉ်ပေါင်ကိုသာ စားသောက်ရတဲ့ဘဝ၊ ခြိုးခြိုးခြံခြံနှင့် ငွေလေးရွှေးစုဆောင်းထားနိုင်ပုံ စတဲ့ရေသည်ယောက်ျားရဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါဇာတ်လမ်းနဲ့ ဆက်စပ်ပြီး ဖြေပေးရမှာ ဖြစ်တယ်။

မေးခွန်း ၆ ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေ ပေးထားမှာ ဖြစ်ပါတယ်။

စာစီစာကုံးဟာ အမှတ်(၂၀) ပေးတဲ့အတွက် မြန်မာစာဘာသာရပ် မေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ်ဖြစ်ပါတယ်။

စာစီစာကုံးဟာ တစ်ပုဒ်လုံး အစအဆုံး အလွတ်ကျက်မှတ်ထားရမယ့် စာမျိုးမဟုတ်ဘဲ ကျက်သင့်တဲ့ အချက်အလက်တွေကိုကျက်၊ မှတ်သင့်တဲ့အချက်အလက်တွေကိုမှတ်ပြီး မြန်မာစာအရေးအသားဆိုင်ရာ နည်းနာများနဲ့ အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ဆည်းပူးထားရမယ့် ကျင့်စာဖြစ်တယ်ဆိုတာ နားလည်ထားရမယ်။

စာစီစာကုံးဆိုတာ စာကို ပြေပြေပြစ်ပြစ် စီကုံးရေးသားရတဲ့ စကားပြေအဖွဲ့ပုံစံ တစ်မျိုးဖြစ်တယ်။ စကားပြေအရေးအသားမှာ စာဟန်နဲ့ ပြောဟန်ဆိုပြီး ဟန်နှစ်မျိုးရှိတဲ့အနက် စာစီစာကုံးရေးသားရင်တော့ စာဟန်ကိုပဲ အသုံးပြုရပါမယ်။

စာစီစာကုံးလေ့ကျင့်ရေးသားပြင်ဆင်ရာမှာ စာစီစာကုံးအမျိုးအစားတွေကို ကောင်းစွာသိရှိ နားလည်ဖို့လိုပါတယ်။ စာစီစာကုံးအမျိုးအစားတွေကိုသိရှိပြီး အမျိုးအစားအလိုက် လေ့ကျင့်ရေးသားထားရင် မိမိရဲ့စိတ်ကြိုက်ဖြစ်မှု၊ အားသန်မှုကို သိရှိနိုင်ပြီး စာမေးပွဲမှာဖြေဆိုမယ့် ခေါင်းစဉ်ရွေးချယ်ရာမှာ များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။စာစီစာကုံးအမျိုးအစားကို အဖွဲ့ပုံသဏ္ဌာန်အရ သရုပ်ဖော်အဖွဲ့၊ ဖြစ်စဉ်ပြအဖွဲ့၊ ဖွင့်ဆိုရှင်းပြအဖွဲ့၊ ကျိုးကြောင်းပြအဖွဲ့ဆိုပြီး လေးမျိုး ခွဲလေ့ရှိတယ်။

သရုပ်ဖော်အဖွဲ့ဟာ သက်ရှိသက်မဲ့တွေရဲ့ ပုံပန်းသွင်ပြင်တွေ၊ အသံတွေစတာကို မြင်ယောင် ကြားယောင်လာအောင် ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုး ဖြစ်တယ်။ ကျောင်းသူ ကျောင်းသားတွေကို သရုပ်ဖော် စာစီစာကုံးရေးသားစေရာမှာ များသောအားဖြင့် မြင်ကွင်းနဲ့ ရှုခင်းတို့ကို ရေးသားစေဖို့ ခေါင်းစဉ်ပေးလေ့ရှိပါတယ်။ အားတက်ဖွယ်ရာ မြင်ကွင်းတစ်ခု၊ ကျောင်းသွားကျောင်းပြန် မြင်ကွင်းများ၊ ဈေးမြင်ကွင်း စတဲ့ခေါင်းစဉ်တွေဟာမြင်ကွင်းကို သရုပ်ဖော်ရေးသားမယ့် ခေါင်းစဉ်တွေ ဖြစ်တယ်။ သဘာဝရှုခင်းအလှ၊ ရှုခင်းသာယာပြည်မြန်မာစတဲ့ ခေါင်းစဉ်တွေကတော့ နှစ်သက်ဖွယ် ရှုခင်းများကို ရေးသားရမယ့် ခေါင်းစဉ်တွေဖြစ်တယ်။

သရုပ်ဖော်စာစီစာကုံးတွေမှာ ရာသီအလှ (မြင်ကွင်း/ရှုခင်း) ကိုရေးခိုင်းတဲ့ တပေါင်းသာခေါင် လမျှားနောင်၊ မိုးရာသီအလှ၊ ဝါလကင်းလွတ် သီတင်းကျွတ်စတဲ့ ခေါင်းစဉ်တွေ၊ အချိန်အလှ (မြင်ကွင်း/ရှုခင်း)-လင်းအရုဏ်၊ ညနေဆည်းဆာအလှ၊ ညနေခင်းကျေးရွာအလှမြင်ကွင်း၊ ကျေးလက်ညနေခင်း၊ နေဝင်ဆည်းဆာ၊ လသာည စတဲ့ ခေါင်းစဉ်တွေဟာ သက်ဆိုင်ရာ ရာသီကာလ၊ အချိန်ကာလရဲ့မြင်ကွင်းနှင့် ရှုခင်းတွေကို သရုပ်ဖော်ရေးသားရမယ့် ခေါင်းစဉ်တွေဖြစ်တယ်။

ဖြစ်စဉ်ပြအဖွဲ့ကတော့ အချိန်ကာလရွေ့လျားတဲ့ အစဉ်အတိုင်း အဖြစ်အပျက်တွေကို စီကာစဉ်ကာ ရေးဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုး ဖြစ်တယ်။ ဖြစ်စဉ်ပြအဖွဲ့ဟာ သရုပ်ဖော်အဖွဲ့နဲ့ တွဲဖက်လေ့ရှိပါတယ်။ လေ့လာရေးခရီးတစ်ခေါက်၊ ပျော်ပျော်ရွှင်ရွှင် ခရီးစဉ်၊ မိုးရွာသောနေ့တစ်နေ့၊ အားကစား မြင်ကွင်းတစ်ခု၊ အမှတ်မထင် ဖြစ်ရပ်တစ်ခု၊ အပျော်ဆုံးနေ့၊ အာစရိယပူဇော်ပွဲ၊ မြန်မာ့ရိုးရာ အားကစားပွဲ မြင်ကွင်းတစ်ခုစတဲ့ ခေါင်းစဉ်တွေဟာ ဖြစ်ရပ်ဖြစ်စဉ်တစ်ခုကို ရွေ့လျားတဲ့ အစဉ်အတိုင်း ရေးသားရမှာဖြစ်ပြီး ထိုဖြစ်စဉ်ကို ပေါ်လွင်အောင် သရုပ်ဖော်ရေးသားရမယ့် စာစီစာကုံးမျိုးဖြစ်တယ်။

ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ အကြောင်းအရာတစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြတဲ့ အရေးအဖွဲ့မျိုးဖြစ်တယ်။ အချိန်၏တန်ဖိုး၊ ပညာခေတ်၊ မိတ်ဆွေကောင်း၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ၊ မိဘကျေးဇူး၊ ဆရာကျေးဇူး၊ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှု၊ စည်းကမ်းလိုက်နာ ဘေးကင်းကွာ၊ သည်းခံစိတ်မြတ်၊ ဝါသနာ၊ စာအုပ်စာပေလူ့မိတ်ဆွေ၊သစ္စာတရား၊ ရိုင်းပင်းကူညီစိတ်၊ ယဉ်ကျေးသိမ်မွေ့ မြန်မာ့ဓလေ့၊ နှစ်သက်ဖွယ်ရာ မြန်မာ့အစားအစာ၊ လမ်းလျှောက်ခြင်း၊ လူငယ်နှင့် စည်းကမ်း၊ အားကစားနှင့်လူငယ်၊ မျိုးချစ်စိတ်ဓာတ်နှင့်ယနေ့လူငယ်၊ လူငယ်နှင့်စာကြည့်တိုက်စတဲ့ ခေါင်းစဉ်တွေဟာ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ဖွင့်ဆိုရှင်းလင်းရေးသားရတဲ့ စာစီစာကုံးခေါင်းစဉ်မျိုးဖြစ်တယ်။ ဖွင့်ဆိုရှင်းပြအဖွဲ့ဟာ ကျိုးကြောင်းပြအဖွဲ့နှင့် ဆက်စပ်လျက်ရှိပါတယ်။ အကြောင်းရပ်တစ်ခုခုကို နားလည်သဘောပေါက်အောင် ရှင်းလင်းဖွင့်ဆိုပြီး ထိုအကြောင်းရပ်နဲ့ ပတ်သက်တဲ့ သုံးသပ်ချက်၊ ယူဆချက်တွေဟာ ကျိုးကြောင်းပြသဘောဘက်ကို သက်ရောက်စေပါတယ်။

ကျိုးကြောင်းပြအဖွဲ့ကတော့ သဘောတစ်ခုခု၊ အယူအဆတစ်ခုခုကိုယုံကြည်လက်ခံအောင် အကျိုးအကြောင်းဆက်စပ်ဖွဲ့ပြတဲ့ အဖွဲ့မျိုးဖြစ်ပါတယ်။ဝန်းကျင်အလှထိန်းသိမ်းကြ၊စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား၊ ကျန်းမာခြင်းသည်လာဘ်တစ်ပါး၊ ဇွဲကိုရင်းလျှင်အောင်ပွဲဆင်၊ ညီညွတ်ခြင်းသည် အင်အား၊ ကျန်းမာရေးအသိအစဉ်ရှိ၊ စာဖတ်ခြင်း အကျိုးကျေးဇူး၊ သတင်းစာဖတ်ခြင်းအကျိုး၊ မေ့မရသောသူငယ်ချင်းတစ်ဦး၊ အနှစ်သက်ဆုံးစာအုပ် တစ်အုပ်၊ အနှစ်သက်ဆုံးဂျာနယ် စတဲ့ခေါင်းစဉ်တွေဟာ ဆိုလိုချက်တစ်ရပ်ကို စာဖတ်သူ လက်ခံယုံကြည်လာအောင် အကျိုးသင့်အကြောင်းသင့် ဆက်စပ်ရေးသားရတဲ့ ခေါင်းစဉ်မျိုး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ စာစီစာကုံးအမျိုးအစား လေးမျိုးမှာ သရုပ်ဖော်နဲ့ ဖြစ်စဉ်ပြဟာ ကိုယ်တွေ့ကို အခြေခံတဲ့ စာစီစာကုံးမျိုးဖြစ်သည့်အတွက် ဒီစာစီစာကုံးနှစ်မျိုးဟာ ဆက်စပ်နေတတ်ပါတယ်။ ဖွင့်ဆိုရှင်းပြနဲ့ ကျိုးကြောင်းပြဟာ စာတွေ့ကို အခြေခံတဲ့ စာစီစာကုံးမျိုးဖြစ်တဲ့အတွက် ဒီစာစီစာကုံး နှစ်မျိုးဟာလည်း ဆက်စပ်နေတတ်ပါတယ်။ စာစီစာကုံး အမျိုးအစားများ၊ အမျိုးအစားတစ်ခုစီရဲ့ သဘောသဘာဝ၊ အမျိုးအစားတစ်ခုနဲ့ တစ်ခုဆက်စပ်ပုံတွေကို သိမြင်လာရင် ဘယ်ခေါင်းစဉ်ကို ဘယ်လိုရေးမယ်၊ ဘယ်ခေါင်းစဉ်သည် မိမိနဲ့သင့်တော်မယ် ဆိုတာသိရှိနိုင်ပြီး ကိုယ်ရေးမယ့် စိတ်ကြိုက်ခေါင်းစဉ်ကို မှန်ကန်စွာရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ စာမေးပွဲမေးခွန်းမှာ ပေးထားသော ခေါင်းစဉ်များသည် ကျောင်းသူ ကျောင်းသားများ စိတ်ကြိုက်ရွေးချယ်နိုင်ဖို့အတွက် စာစီစာကုံး အမျိုးအစားတွေ မျှတစွာပေးထားလေ့ရှိပါသည်။

စာစီစာကုံးမေးခွန်းမှာ ခေါင်းစဉ်နဲ့အတူ ရေးသားမယ့်အကြောင်းအရာ အတွက်ပုံကြမ်းများလည်း ပေးထားပါတယ်။အကြောင်းအရာကို ပေးထားတဲ့ပုံကြမ်းတွေက ထိန်းကျောင်းလမ်းညွှန်ပေးပါတယ်။ ပုံကြမ်းဆိုတာ အဟန့်အတားပြုတဲ့ တားမြစ်ချက်တွေမဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ အံဝင်ခွင်ကျရေးသားနိုင်စေဖို့အတွက် အထောက်အကူပြုချက်တွေသာ ဖြစ်ပါတယ်။ ပုံကြမ်းပါ အချက်တွေဟာ ယေဘုယျအချက်တွေသာဖြစ်တဲ့အတွက် မိမိအတွေ့အကြုံ၊ ဗဟုသုတ ကြွယ်ဝရင် ကြွယ်ဝသလောက်၊ အလေ့အကျင့်ကောင်းရင် ကောင်းသလောက် ထိရောက်စွာ အသုံးပြုနိုင်မယ့် အချက်များသာ ဖြစ်ပါတယ်။အထူးသတိပြုရမယ့်အချက်ကတော့ ပုံကြမ်းပါအချက်တွေကို သတိမမူဘဲ ကိုယ်အလွတ်ကျက်ထားတာတွေကိုပဲ ပြန်ရေးချမယ်ဆိုရင်တော့ မေးခွန်းနဲ့အံဝင်ခွင်ကျ မဖြစ်နိုင်တော့တဲ့အတွက် ရမှတ်တွေ ဆုံးရှုံးမှာဖြစ်ပါတယ်။

စာစီစာကုံးရေးသားဖြေဆိုရာတွင် သတိပြုရမယ့် တခြားအချက်တစ်ရပ်ကတော့ နိဒါန်း၊ စာကိုယ်၊ နိဂုံး ပြည့်စုံညီညွတ်မှုပဲဖြစ်တယ်။ စာစီစာကုံးဟာ မေးခွန်းရဲ့ နောက်ဆုံးအပုဒ်ဖြစ်တဲ့အတွက် ကျောင်းသူ ကျောင်းသားအများစုဟာ စာစီစာကုံးကို နောက်ဆုံးမှ ရေးသားဖြေဆိုလေ့ ရှိကြပါတယ်။ ဒီလိုဖြေဆိုရာမှာ စာစီစာကုံးကို စာမျက်နှာများစွာရေးသားခဲ့ပေမယ့် နိဂုံးမချုပ်မီ စာမေးပွဲအချိန်စေ့သွားသည့်အတွက် အဆုံးမသတ်နိုင်ခြင်းမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ မိမိစာစီစာကုံးဟာ ရှေ့ပိုင်းမှာ ဘယ်လောက်ကောင်းမွန်အောင် ရေးထားရေးထား နိဂုံးမပါတဲ့၊ နိဂုံးမချုပ်နိုင်တဲ့၊ စာစီစာကုံးအင်္ဂါရပ်နဲ့မပြည့်စုံတဲ့ စာစီစာကုံးဖြစ်သွားပြီး ရမှတ်များစွာ ဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ စာစီစာကုံးဟာ ကျောင်းသူ ကျောင်းသားတစ်ယောက် ဂုဏ်ထူးနဲ့ထိုက်တန်၊ မတန်ဆိုတာ အဆုံးအဖြတ်ပေးနိုင်တဲ့ မှတ်ကျောက်တစ်ခုဖြစ်တဲ့အတွက် အထူးအလေးထားရေးသားရမယ့် စာတစ်ပုဒ်ဖြစ်ပါတယ်။

ခြုံပြီးပြောရရင် မြန်မာစာဘာသာရပ်မေးခွန်းကိုကောင်းစွာဖြေဆိုနိုင်ပြီး ဂုဏ်ထူးမှတ်ရဖို့အတွက် ကျက်မှတ်နိုင်မှုအပြင် မြန်မာစာအရေးအသားအတတ်ပညာလည်း လိုအပ်ပါတယ်။ စာလုံးပေါင်း သတ်ပုံမှန်ကန်မှု၊ တစ်ချောင်းပုဒ်၊ ပုဒ်မ စတဲ့သင်္ကေတတွေကို တိကျမှန်ကန်စွာ အသုံးပြုတတ်မှု၊ ဆီလျော်သော စကားအသုံးအနှုန်း ရွေးချယ်တတ်မှု၊ ပုဒ်အထားအသို မှန်ကန်မှု၊ ဝါကျဖွဲ့ထုံးမှန်ကန်မှု၊ ဝါကျတစ်ခုနှင့်တစ်ခု ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာပိုဒ်ဖွဲ့ပုံကောင်းမွန်မှု၊ စာပိုဒ်တစ်ပိုဒ်နှင့် တစ်ပိုဒ် ပြေပြစ်ညီညွတ်စွာ ချိတ်ဆက်နိုင်မှု၊ စာတစ်ပုဒ်လုံးသည် ဆိုလိုချက်ကို ရှင်းလင်းစွာ ပေါ်လွင်စေမှုစတာတွေဟာ မြန်မာစာအရေးအသားဆိုင်ရာ အတတ်ပညာတွေပဲဖြစ်တယ်။ ဒီအတတ်ပညာများအတွက် ဆိုင်ရာနည်းနာနိဿယများလည်းရှိပြီး ဖြစ်ပါတယ်။ မြန်မာစာဟာ ဘာသာရပ်တစ်ခုဖြစ်တဲ့အတွက် ဘာသာရပ်ဆိုင်ရာ အတတ်ပညာတွေကို မကျွမ်းကျင် မတတ်မြောက်ဘဲ ဘာသာရပ်ထူးချွန်သူ မဖြစ်နိုင်ဘူးဆိုတဲ့အချက်ကို နားလည်ထားဖို့လိုပါတယ်။

စာမေးပွဲမှာ ဂုဏ်ထူးမှတ်နှင့်ထိုက်တန်တဲ့ မြန်မာစာအဖြေလွှာတစ်ခုဖြစ်ဖို့ဆိုရင် အချင်းရော အဆင်းပါ ကောင်းမွန်ဖို့လိုအပ်ပါတယ်။ အချင်းဆိုတာကတော့ စာဖြေသူရဲ့ အထက်မှာဖော်ပြခဲ့တဲ့ ဘာသာရပ်ဆိုင်ရာ အရည်အချင်း၊ အရည်အသွေးဖြစ်ပါတယ်။ အဆင်းဆိုတာကတော့ အမြင်လှပမှု ဖြစ်ပါသည်။ အမြင်လှပမှု ဆိုရာမှာ လက်ရေးလက်သား လှပမှု၊ လက်ရေးမလှလျှင်လည်း သပ်ရပ်သန့်ရှင်းမှု၊ ဖျက်ရာခြစ်ရာကင်းစင်မှု၊ စာပိုဒ်ခွဲပုံညီညွတ်မှု၊ သေသပ်စွာ မျဉ်းသားမှု စသည်တို့ဖြစ်ပါတယ်။ အချင်းဘယ်လောက်ရှိရှိ အဆင်းမလှရင် အချင်းကို မမြင်ဘဲဖြစ်တတ်ပါတယ်။ ဒါကြောင့် မြန်မာစာထူးချွန်သူများဖြစ်စေဖို့ အချင်းရော အဆင်းပါ ကောင်းမွန်အောင်ကြိုးစားပြီး အသေးအမွှားကအစ အလေးထားကြဖို့ တိုက်တွန်းလိုပါတယ်။

အခုဆွေးနွေးခဲ့တဲ့ အချက်တွေဟာ မြန်မာစာဘာသာရပ်ကို ကျက်မှတ်လေ့လာဖြေဆိုရာမှာ ကောင်းစွာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနဲ့ စာမေးပွဲကြီးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို နိဂုံးချုပ်လိုက်ပါတယ်။ ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ်(၂၃၉)၊ မြေကွက်တည်နေရာအမှတ်(၄၉)၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း(ဦးငွေကိုင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးငွေကိုင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးငွေစိုး[၁၂/သဃက(နိုင်)၀၉၅၁၅၃]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ်လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၄)၊ မြေကွက်အမှတ် (၄၈၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈၂/ခ)၊ မင်းဘူးလမ်း၊ (၉)ရပ်ကွက်(ဦးအုန်းကျော်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအုန်းကျော်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးမြင့်(MTNT-၀၀၉၇၄၂)က ပါမစ်ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့ တင်ပြပြီးဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၁/စီ)၊ မြေကွက်အမှတ်(၃၇/၃)၊ မြေကွက်တည်နေရာအမှတ်(၂၅၉)၊ ပြည်လမ်း၊ သန္ဓေပင်ကျေးရွာ (မခင်ပု)အမည်ပေါက် L မြေ ၃(ခ) ရပြီး မြေအား အမည်ပေါက် မခင်ပုကိုယ်စား ဒေါ်အေးမြတ်သူ (ဘီလစ်)[၁၄/အဂပ(နိုင်) ၁၄၁၅၆၇]မှ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး အနိုင်ဒီကရီ တရားမဇာရီမှုအမှတ် (၄၁/၂၀၁၂)၊ ဘီလစ်ခန့်စာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၃၈(က)၊ မြေကွက်အမှတ်(၂၉/၇)၊ မြေကွက်တည်နေရာအမှတ်(၁၀/၄၀)၊ အမှတ် (၄) လမ်း၊ ရဲဘော်ဟောင်းရပ်ကွက်၊ ရွှေပြည်သာ၊ (ကိုနီ) အမည်ပေါက် 'က' မြေ၊ လ/န-၃(ခ)ရပြီး မြေအား အမည်ပေါက် ကိုနီထံမှ ပိုင်ဆိုင်ကြောင်း စာချုပ်ဖြင့် ရရှိသူ ဦးဖြူလုံး ကွယ်လွန်သဖြင့် ဒေါ်ကွန် [၁၂/ရပသ(နိုင်)၀၁၁၆၁၀]မှ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ကိုယ်စားလှယ်လွှဲစာအမှတ်-၆၂၀၅/ ၁၃(၂၂-၄-၁၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးနိုင် [၁၂/ရပသ(နိုင်) ၀၁၆၆၃၂]မှမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၃၇၅/က၊ မြေကွက်တည်နေရာအမှတ်(၁၃၇၅/က)၊ ထူပါရုံ(၁၀)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကျင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျင်(ဖခင်)နှင့်ဒေါ်တင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအုန်းကျော်[၁၂/သကတ(နိုင်)၀၉၉၄၀၃]မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၁၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၂)၊ (၁၄၇)ရပ်ကွက်၊ ဒဂုံတောင်၊ (ဦးထွန်းဖေ)[၁၂/မဂတ(နိုင်)၀၃၅၀၆၇]အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးထွန်းဖေမှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက် များ၊ ဌာနဝန်ခံချက်နှင့် ကျမ်းကျိန်ကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့

ကြေးမုံ ကြော်ငြာ ADVERTISEMENT

ယမင်းသူ

709255,0951 36421

KBZ Bank/Account No.00730200701690301

HTET OO MARITIME TRAINING INSTITUTE

Sea going Service (3)

Tanker

Deck Officer Class - 5

(Home Trade Mate)

English

Designated Security Duties Course (DSD/SSD) ၂။ BST (4 Tickets) ၃။ Tanker Familiarization Course (T.F) (Oil, Chemical, Liquified Gas) ... Coffee ... ၄။ Pre-sea Course (Deck , Engine)

Ph:01-544562, 09250278274

Email: htetoo.maritime@gmail.com

Ph: 09 421154222

မင်္ဂလာဇေယျာဟာအသင်းချုပ်

(၅၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး

ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ မင်္ဂလာဇေယျာဟာအသင်းချုပ်၏ (၅၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အသင်းဝင်များအားလုံး အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	- ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- မွန်းလွဲ ၁နာရီ
မှတ်ချက်	- ဆွေးနွေးအကြံပြုစာများကို ၁၉-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နောက်ဆုံးထား၍ အသင်းချုပ် ရုံးအဖွဲ့မှူးထံ ပေးပို့ကြပါရန်။

မင်္ဂလာဇေယျာဟာအသင်းချုပ်

အမှုဆောင်အဖွဲ့

ဖုန်း-၀၁-၃၇၀၉၅၈၊ ၃၇၅၃၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၅၉၀၊ မြေကွက်တည်နေရာအမှတ်-၅၉၀၊ ၁၄ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် (ဒေါ်ခင်ညို)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ခင်ညိုထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်နှောင်းဝသန်[၁/ဗမန(နိုင်)၀၄၆၇၂၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)ဂရန်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီး သတိပြု

ဝန်ထမ်း အလိုရှိသည်

စာအုပ်စာပေ လှူဒါန်းဆွေ

Ph:09-5418126

အများသိစေရန်ကြေညာချက်

စဉ်	အမည်	မှတ်ပုံတင်အမှတ်	လိပ်စာ	မှတ်ချက်
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]

" ကန့်ကွက်နိုင်ပါသည် "

(MTA - ...)

YE NOOS & ASSOCIATES (Law Firm)

လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) ၏

တနင်္သာရီတိုင်းရုံးချုပ် ကို ၁၄.၁.၂၀၁၄ ရက်နေ့တွင်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

-တနင်္သာရီတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ ထားဝယ်မြို့။

-မြိတ်ခရိုင်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြိတ်မြို့။

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ အမှတ်(၄၆)တွင်နေထိုင်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(WYN-၀၄၁၀၅၈)ကိုင်ဆောင်သူကျွန်ုပ်၏မိတ်ဆွေ ဦးမောင်ရွှေမှာ အထက်ပါလိပ်စာ၏မြေ ပေ(၂၀×၆၀) မြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ကာ ၎င်း၏ဇနီး မနုနုခင်နှင့်သားသမီးများဖြင့် အတူတကွနေထိုင်ခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ဇနီးမနုနုခင်မှာ ၁-၁၀-၂၀၁၃ရက်တွင် အထက်ပါလိပ်စာမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ နေအိမ်မှယနေ့တိုင် ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ မြေဂရန်များကို ကျွန်ုပ်၏မိတ်ဆွေမှပြန်လည်၍ လျှောက်ထားလိုပါ၍ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုလျှင် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအစုံအလင်ဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်ရန်နှင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက စာရွက်စာတမ်းများဥပဒေနှင့်အညီ ပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမောင်ရွှေ
(WYN-၀၄၁၀၅၈)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းချမ်းမြေ့ (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၄၅၇၃)
အမှတ်(၉၆/က)၊ စိန်ပန်းမြိုင်(၃)လမ်း၊
(၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၀၇၂/ခ)၊ အကျယ်အဝန်း ပေ(၂၁×၆၀)၊ ဧရိယာ(၁၂၆၀)စတုရန်းပေ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့၏ လက်ရှိပိုင်ဆိုင်မြေအမည်ပေါက်ဖြစ်သူ ဒေါ်တင်ရီ(C.D-၀၄၀၃၆၇)ထံမှ ကျွန်တော်တို့၏ မိတ်ဆွေ ဦးချစ်ကိုကိုမောင်[၁၂/ဒဂန(နိုင်)၀၀၀၀၅၃]က အပြီးအပိုင်ဝယ်ယူရန် အိမ်မြေတန်ဖိုး၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေ၊ အိမ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်တင်ပြ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြင်သန်း
B.A (ECO) H.G.P, RLI(စဉ်-၂၂၈၆၂)
ဖုန်း-၀၉-၄၀၁၅၀၅၂၃၀

ဒေါ်ဆိုင်းတောင်	**ဒေါ်တင်လေးနွယ်**	**ဒေါ်အိမ့်မျက်ခြယ်ကျော်(စဉ်-၄၃၂၆၄)**
LL.B,DBL,WIPO	**LL.B (စဉ်-၃၂၈၈၂)**	**LL.B,DBL,DCS (Coop Coledge)**
(Switzerland)	**၀၉-၄၂၁၀၈၅၅၄၅**	**ACEC, WIPO(Switzerland)**
၀၉-၃၁၀၅၆၄၅၉၊		**၀၉-၄၂၅၃၀၄၃၅၂**
၀၁-၅၀၁၇၁၆		

အထက်တန်းရှေ့နေများ
ရုံး-အမှတ်(၇၂၂)၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

လူပျောက်ကြော်ငြာ



ဦးနေဝင်း အသက်(၅၈)နှစ် အရပ်မြင့်၊ အသားလတ်၊ အသံအစ်၊ စိတ်ဝေဒနာရှင် အမျိုးသားတွေ့လျှင် အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါ။

၀၉-၅၁၆၂၈၃၀၊
၀၉-၇၃၀၂၂၇၃၅၊
၀၉-၄၃၁၁၃၂၃၄၊
၀၉-၄၃၁၁၉၉၆၄၊
၀၉-၅၅၀၁၅၃၁၊
၀၉-၂၅၀၂၇၇၅၃၃

မီးဘေးရှောင် မလောင်ခင်တား

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အိမ်အမှတ်(၁၄)နေ ဦးလှမောင်-ဒေါ်ရွှေတို့၏သားဖြစ်သူ မောင်ဝင်းမင်းသိန်း [၁၂/ရကန(နိုင်)၀၈၁၀၉၁]သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဖခင်-ဦးလှမောင်

၂၀၁၄ ခုနှစ် [illegible]
[illegible] (၅)ရ [illegible]
၁၁ - ၁ - ၂၀၁၄ မှ ၂ - ၂ - ၂၀၁၄ ထိ
သွားဝင်နိုင်ပါသေး [illegible]

သားလှရတနာဖွားမြင်ခြင်းအတွက် ဝမ်းမြောက်ခြင်း

ကိုဝေဟင်ဦး(ဖိုးသား)နှင့် မနှင်းဝါလင်း(ဝါဝါ)တို့၏ သားလှရတနာလေးအား ၉-၁-၂၀၁၄ ရက်တွင် ဝိတိုရိယ ဆေးရုံကြီး၌ ကျန်းမာစွာဖြင့် ဖွားမြင်ခဲ့ခြင်းအတွက် မိသားစုနှင့်အတူ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကိုစိုးနိုင်၊ ကိုထွန်းလှအောင်

ဖခင် အမည်မှန် မုဒုံမြို့နယ် အထက(တံခွန်တိုင်)ဆဋ္ဌမတန်း(A)မှ မအိမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးသောင်းဝင်း(ခ)ဦးအောင်မျိုးဆိုင် ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅/သမိုင်း၊ မြေကွက်အမှတ်(၁၃/က^၁)၏ အစိတ်အပိုင်း၊ (၅/က^၄)၏အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၅/က^၄)၊ ဦးကျော်လှလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်သိန်းချစ်၊ ဦးအောင်ဇော်မြင့်) အမည်ပေါက် ဘီလ/န၃၉ ဘိုးဘွားပိုင်အိမ်ရာမြေအား အမည်ပေါက်ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဝင်းတင်မှ (တရားလို)ပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီးတရားရုံး တရားမကြီးမှုအမှတ်(၆၆၈/၂၀၁၀)ဖြင့် ဒေါ်ခင်ချို(ခ)ဒေါ်ခင်ခင်ချို+၇တို့အား (တရားပြိုင်)ထားရှိပြီး တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ် ၃၇/၂၀၁၃ဖြင့် တရားရုံးမှ တရားရှုံးကိုယ်စား ဆောင်ရွက်ရန်အတွက် ဒေါ်စောယုမွန် [၁၂/သကတ(နိုင်)၁၄၅၃၁၇] ဘီလစ်အား တာဝန်ပေးအပ်ခဲ့ပါသည်။ ၎င်းမှ တရားရုံး အထောက်အထားများတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

" ကန့်ကွက်နိုင်ပါသည် "

[illegible]

YE NOOS & ASSOCIATES (Law Firm)

[illegible]

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၄)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ချမ်းမြသာစည်ရပ်၊ မန်ကျီးကုန်းလမ်း၊ **ဦးသန်းထွန်း**(မန်နေဂျင်းဒါရိုက်တာ၊ မုံရွာအုပ်စုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်အတူ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

အင်ဂျင်နီယာမှူး ဦးငွေစိုးလွင်နှင့် အင်ဂျင်နီယာများ
ဦးထိန်ဝင်း(မန်နေဂျာ)နှင့်ဝန်ထမ်းများ
ဗိုလ်ကြီးနေဝင်းမြင့်(ငြိမ်း)၊ ဗိုလ်ကြီးအောင်နိုင်ဝင်း(ငြိမ်း)
ဗိုလ်ကြီးအေးနိုင်(ငြိမ်း)(တာဝန်ခံများ၊ ဝန်ထမ်းများ)

နိုင်ငံသားစီးပွားရေးအာမခံအများပိုင်လီမိတက်

Admin Asst: Manager ကျား(၁)ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ English 4 Skills ကျွမ်းကျင်သူ ဖြစ်ရမည်။ အသက်(၃၅)နှစ်မှ (၄၀)နှစ်အတွင်း၊ စီမံရေးရာ(Admin)ဌာနတွင် မန်နေဂျာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိရမည်။ ဦးဆောင်နိုင်မှုစွမ်းရည်၊ ပြဿနာများဖြေရှင်းနိုင်မှု စွမ်းရည်ရှိရမည်။ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်ရမည်။

HR Asst:Manager ကျား/မ (၁)ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။ HRနှင့်ပတ်သက်၍ Diploma ရရှိထားသူ ဖြစ်ရမည်။ English 4 Skills ကျွမ်းကျင်သူ ဖြစ်ရမည်။ အသက်(၃၅)နှစ်မှ (၄၀)နှစ်အတွင်း၊ HR ဌာနတွင် မန်နေဂျာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိရမည်။ ဝန်ထမ်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့်ဦးဆောင်နိုင်မှုစွမ်းရည်ရှိရမည်။ Policy များ၊ Labour Law များကို ကောင်းစွာနားလည်သူ ဖြစ်ရမည်။ ဝန်ထမ်းများအပေါ် မျှတစွာဆက်ဆံနိုင်သူ ဖြစ်ရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

Admin Supervisor ကျား(၁)ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ အသက်(၂၇)နှစ်မှ (၃၅)နှစ်အတွင်း၊ ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။ သွက်လက်ဖျက်လတ်၍ လုပ်ငန်းအပေါ် တာဝန်ယူစိတ်ရှိပြီး အသင်းအဖွဲ့နှင့်လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။

အထက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် ၂၁-၁-၂၀၁၄ရက် နောက်ဆုံးထားပြီး ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်မိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့်အတူ နိုင်ငံသားစီးပွားရေးအာမခံ(အများပိုင်)လီမိတက်၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၊ သမဝါယမစီးပွားရေးဗဟိုဌာန၊ ဒုတိယထပ်၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁-၅၄၁၉၉၄၊ ၅၅၇၆၄၀

ဝန်ထမ်းအလိုရှိသည်

* ကြော်ငြာတာဝန်ခံ	(၂)ဦး
* သတင်းထောက်	(၂)ဦး
* Graphic Designer	(၂)ဦး
* လက်ထောက်အယ်ဒီတာ	(၂)ဦး

အမှတ်(၂၉/ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ
ဖုန်း-၀၁-၄၀၁၅၁၈၊ ၀၉-၇၃၁၅၇၁၀၄





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ်(၈၇၅/က)၊ မြေကွက်တည်နေရာအမှတ်(၈၇၅/က)၊ ၇၀ ရပ်ကွက်၊ ဒဂုံတောင် (ဦးကျော်မြင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သောင်း[၁၂/ရကန(နိုင်)၀၁၁၉၃၄]မှ ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကိုန်လွှာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သမက-၆၊ မြေကွက်အမှတ်-၅၄၂၊ မြေတည်နေရာ(၅၄၂)၊ ရေနံချောင်းလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာ၊ (ဒေါ်အေးအေးမြင့်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးအေးမြင့်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စိန်ကြည်[၁၂/လသယ(နိုင်)၀၁၆၈၆၉]က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကိုန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၇၉/ခ)ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ(၂၀×၆၀)ရှိမြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်လွင်[၈/နမန(နိုင်)၁၁၀၂၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Social Justice LAW FIRM

ဦးဇော်မျိုးအောင်(LL.B,D.I.L) — **အထက်တန်းရှေ့နေ(စဉ်-၂၄၂၈၆)**
ဒေါ်အိမျိုးသွဲ့(LL.B,D.I.L,D.B.L) — **အထက်တန်းရှေ့နေ(စဉ်-၃၄၃၈၁)**
တိုက်(၁၀/၁၂)၊ အခန်း-၁၀၃/စီ(ဝဲ)၊ ပထမထပ်၊ (၃၅)လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၁၀၉၄၁၊ ၀၉-၄၂၀၂၆၆၀၆၁

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သုံးခွမြို့နေ ဦးထင်ကျော်-ဒေါ်ခင်အေးတို့၏သား မောင်ထက်ကျော်[၁၂/သခန(နိုင်)၀၉၆၁၄၀]အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။

မိဘ ဦးထင်ကျော်-ဒေါ်ခင်အေး

အများသိစေရန်အသိပေးကြေညာချက်

